www.burmeseclassic.com

မောင်စူးစမ်း

# စီးပွားရေးအတွေးအမြင်

ပါရမီ
စာပေ

www.burmeseclassic.com

# မာတိကာ


၁။ စည်းလွတ်နှင့်စည်းညီ စီးပွားရေးနယ်ပယ်နှစ်ရပ် . ၅
၂။ ဖော်းပွမှုခြောက်မျိုး . ၁၂
၃။ စီးပွားရေးအသံညှိစက် . ၁၉
၄။ အာခီလိစ်၏ ခြေဖနောင့်ကိုအားဖြည့်ခြင်း . ၂၄
၅။ စတော့အိတ်ချိန်းနှင့် ဈေးကွက်စီးပွားရေးပြဿနာ . ၃၂
၆။ ပေါင်းစည်းမှုဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ . ၃၉
၇။ ဘောက်ချာလား လျှောက်လွှာလား တိုက်ရိုက်လား . ၄၇
၈။ အိပ်ချ်ဒီအိုင်နှင့် မဏ္ဍိုင်သစ်ငါးရပ်အကြောင်း . ၅၅
၉။ လမ်းသစ် . ၆၁
၁၀။ အညွှန်းသုံးပါးကို လက်စွဲထား၍ . ၇၁
၁၁။ ဒေါ်လာနှုန်းဘယ်လိုပေါက်မလဲ . ၇၆
၁၂။ ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးယုတ္တိများ . ၈၆
၁၃။ ပဥ္စလက်ကျည်ဆန်ဈေးကွက် . ၉၈
၁၄။ ကျားတို့၏ နိုင်ငံရေးဘောဂဗေဒ . ၁၀၉

www.burmeseclassic.com

# စည်းလွတ်နှင့်စည်းညီ စီးပွားရေးနယ်ပယ်နှစ်ရပ်

စီးပွားရေးမဂ္ဂဇင်းတို့ကို မပြတ်ဖတ်ရှုနေသော ကျွန်တော့်မိတ်ဆွေတစ်ဦးက ပြုံး၍ ပြောပါသည်။

"ခံ့ညားလွန်းတယ်ဗျာ"တဲ့။

မိတ်ဆွေသည် သူ့စီးပွားရေးပုံစံနှင့် စီးပွားဖြစ်နေသူ ဖြစ်ပါ၏။ တတိယကမ္ဘာစီးပွားရေးတို့ကို အထူးစပါယ်ရှယ် လေ့လာနေကြသော ဘောဂဗေဒပညာရှင်တို့၏ ဝေါဟာရအသုံးအနှုန်းနှင့် ပြောရပါလျှင် ကျွန်တော့် မိတ်ဆွေ၏ စီးပွားရေးပုံစံသည် 'စည်းလွတ်ပုံစံ' ဖြစ်ပေသည်။ သူသည် 'စည်းလွတ်နယ်ပယ်' (informal sector) မှ စီးပွားရေးသမား ဖြစ်ပေသည်။

ကျွန်တော့်မိတ်ဆွေ ဘာဆိုလိုသည်ကို ကျွန်တော် နားလည်သည်၊ သဘောပေါက်သည်။ မည်သို့မည်ပုံ နားလည်သဘောပေါက်ပါသနည်းဟု မေးလာလျှင်ကား ကျွန်တော်က အောက်ပါအတိုင်း ရှင်းပြရပါမည်။

### အဓိကစီးကြောင်း

တတိယ ကမ္ဘာနိုင်ငံတို့မှ စီးပွားရေးပုံစံတို့သည် တစ်မူထူးခြားပေသည်။ သီးခြားဝိသေသများဖြင့် ရှုပ်ထွေးနေ၏။ ထို့ကြောင့် သမားရိုးကျ ဘောဂဗေဒ ပြဋ္ဌာန်းစာအုပ်များအတိုင်း လေ့လာလို့မဖြစ်။ စာအုပ်ကြီးအတိုင်း လေ့လာလျှင် တလွဲတချော်ဖြစ်မည်။ သို့ဖြင့် အထူးသီးသန့်ပြု၍ လေ့လာရန် လိုသည်။ ဤသို့ အထူးသီးသန့်ပြု၍ လေ့လာသုံးသပ်ချက်တို့တွင် သဘာဝ လည်း ကျ၊ ပကတိအခြေအနေတို့နှင့်လည်း နီးစပ်ပြီး အံဝင်ခွင်ကျ ကိုက်ညီသည့် ဘောဂဗေဒကျမ်းတစ်စောင်မှာ ပီရူးနိုင်ငံမှ ဘောဂဗေဒပညာရှင် ဟာနန် ဒူဒီဆိုတို၏ ကျမ်းဖြစ်လေသည်။

သူ၏ကျမ်းတွင် 'စည်းလွတ်နယ်ပယ်' ဆိုသော ဝေါဟာရကို စတင်သုံးစွဲထားသည်။ ဤဝေါဟာရသည် ယခုအခါ အတော်တွင်ကျယ်နေပါပြီ။ တတိယကမ္ဘာနိုင်ငံ အများအပြားတို့၏ စီးပွားရေးတို့တွင် စည်းလွတ်နယ်ပယ်သည် အလွန်ကျယ်ပြန့်စွာ ဖြစ်ထွန်းနေခဲ့သည်မှာလည်း ကြာပါပြီ။ ထို့ကြောင့် စီးပွားရေးကို လေ့လာလျှင် သမားရိုးကျအတိုင်း အစိတ်အပိုင်းများ ခွဲခြား၍ လေ့လာခြင်းကို ရှောင်ရှားကြ၏။ ပကတိအခြေအနေကို စိစစ်ပြီး ပိုင်းခြားမှုအသစ်တို့ဖြင့် လေ့လာကြသည်မှာ ပို၍ဆီလျော်နေသည်။

ပိုင်းခြားမှု အသစ်အရ 'စည်းလွတ်နယ်ပယ်' ဟူ၍ ရှိခြင်းကြောင့် 'စည်းညီနယ်ပယ်' (Formal sector) လည်း ရှိရသည်။ သို့ဖြင့် တတိယကမ္ဘာဝင်နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို လေ့လာလျှင် စည်းညီနယ်ပယ်နှင့် စည်းလွတ်နယ်ပယ်ဟူ၍ အဓိကအားဖြင့် နှစ်ပိုင်းစိတ်ဖြာကြည့်ပြီး စည်းလွတ်နယ်ပယ်က မည်သည့်အတိုင်းအတာအထိ ကြီးမားစွာရှိသနည်း၊ မည်သည့်အတိုင်းအတာအထိ ကျယ်ပြန့်စွာ ရှိသနည်း စသည်ဖြင့် ဆန်းစစ်ကြည့်ကြ၏။ စည်းညီနှင့် စည်းလွတ် နှစ်နယ်ပယ်တို့၏ ဆက်ဆံရေးကိုလည်း လေ့လာကြသည်။

အနက်အဓိပ္ပာယ် ရှင်းလင်းရန်အလို့ငှာ စည်းလွတ်နယ်ပယ်ဆိုသည်မှာ စီးပွားရေးကို ဥပဒေစည်းမျဉ်းများနှင့်အညီ မဆောင်ရွက်ကြခြင်း၊ တရားဝင်အခွန်အတုတ်တို့ကို ရှောင်ကြခြင်း၊ အာဏာပိုင်တို့ ပြဋ္ဌာန်းထားသော ပုံစံစာရွက် အမျိုးမျိုးတို့ကို မဖြည့်လိုဘဲ ရှောင်ရှားကြခြင်း၊ တရားဝင်ခွင့်ပြုမိန့် လိုင်စင်တို့ကို မယူဘဲ ဆောင်ရွက်ကြခြင်း စသည်ဖြင့် တရားဝင် စည်းအပြင်ဘက်တွင် ဖြစ်ထွန်းနေသော စီးပွားရေး'နယ်ပယ်' (ဝါ) 'ခွင်' ကို ဆိုလိုသည်။ စည်းညီစီးပွားရေး ဆိုသည်မှာ ဝေါဟာရအနက်အဓိပ္ပာယ်အတိုင်း ဥပဒေစည်းမျဉ်းပြဋ္ဌာန်းချက်များ ဘောင်အတွင်း ဆောင်ရွက်သော 'နယ်ပယ်' (ဝါ) 'ခွင်'ကို ဆိုလိုသည်။

စည်းလွတ်နယ်ပယ်နှင့် စည်းညီနယ်ပယ်တို့နှင့်အတူ တွဲစပ်၍ အသုံးပြုသော ဝေါဟာရတစ်လုံးကိုလည်း ပညာရှင်တို့က ဖန်တီးကြသည်။ 'မိုက်ခရိုလုပ်ငန်း' (microenterprise) ဆိုသော စကားဖြစ်သည်။ ပိစိကွေးလုပ်ငန်း

ငယ်ကလေးများကို ဆိုလိုသည်။ ပိစိကွေးလုပ်ငန်းငယ်လေးတို့သည် စည်းလွတ်နယ်ပယ်၌လည်း ရှိနိုင်သည်။ စည်းညီနယ်ပယ်၌လည်း ရှိနိုင်သည်။ ပုံသေကားကျ ပြော၍မဖြစ်ပေ။

ကောင်းပြီ၊ ဒီတော့ 'အဓိကစီးကြောင်း စီးပွားရေး'သည် အဘယ်နည်းဟု မေးရန်ပေါ်လာပါသည်။ အဓိကစီးကြောင်း စီးပွားရေးဆိုသည်မှာ 'mainstream economy' ကို ဘာသာပြန်ထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် စည်းညီစီးပွားရေးက အဓိကရေစီးကြောင်း စီးပွားရေးဖြစ်နေသလား၊ သို့တည်းမဟုတ် စည်းလွတ်စီးပွားရေးက အဓိကရေစီးကြောင်း စီးပွားရေးဖြစ်နေသလား။ ဤအချက်သည် အလွန်အရေးကြီးပေသည်။ သော့ချက်လည်းကျသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ စည်းလွတ်စီးပွားရေး၏ နယ်ပယ်အတိုင်းအတာနှင့် ပမာဏကို တိုင်းထွာကြည့်ရန် အလွန်ခက်လှသည်ဟု ဘောဂဗေဒပညာရှင်တို့က ညည်းကြသည်။ တရားဝင်နယ်ပယ်ဟု မဆိုနိုင်သည့်အလျောက် ဤနယ်ပယ်မှ တရားဝင်အချက်အလက်တို့ကို ရရှိရန် ခက်ခဲမည်မှာ ဓမ္မတာပင်ဖြစ်မည်။ ထိုအခါ စာအိတ်နောက်ကျော၌ အကြမ်းဖျင်းရေးခြစ်တွက်ကြည့်သည့်နည်းကိုသာ သုံးကြည့်ကြရသည်ဟု ဆိုသည်။

## ပုန်းလျှိုးဝှက်လျှိုး တိုးတက်မှု

ဤအကြမ်းထည်နည်းမှာလည်း စီးပွားရေးသမားတို့သည် ဘဏ်ချက်လက်မှတ်များဖြင့် အရောင်းအဝယ် မည်မျှပြုလုပ်ကြသနည်း၊ ငွေသားဖြင့် အရောင်းအဝယ် မည်မျှပြုလုပ်ကြသနည်း ဆိုသော အချက်ဖြင့် ခန့်မှန်းကြည့်ကြခြင်း ဖြစ်ပေသည်။ ငွေသားဖြင့် အရောင်းအဝယ်ပမာဏ ကြီးမားနေလျှင် စည်းလွတ်စီးပွားရေး ခွင်ကျယ်နေသည့်သဘောဟု ယူဆကြ၏။ ဟုတ်တာပေါ့၊ စည်းလွတ်စီးပွားရေးတွင် ဘဏ်ချက်လက်မှတ်တို့ကို သုံးမှ မသုံးတာ။

မည်သို့ပင်ရှိစေ ဘောဂဗေဒပညာရှင်တို့ တညီတညွတ်တည်း သဘောတူကြသည့် အချက်တစ်ချက်တော့ရှိသည်။ ယင်းမှာ စည်းလွတ်နယ်ပယ်မှ

စီးပွားရေးလုပ်ငန်းတို့သည် သေးငယ်ကြမည်။ ပိစိကွေးတွေ ဖြစ်ကြမည် ဆိုသော အချက်ဖြစ်လေသည်။ ဤအချက်ကလည်း သဘာဝကျပါသည်။ စည်းလွတ်နယ်ပယ်၌ စီးပွားရေးကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်လျှင် ဘွားခနဲ ပေါ်နေမည်။ 'ပေါ်ထင်' ကြီး ဖြစ်၍ အာဏာရှင်များ အပါအဝင် လူမြင်ရလွယ်နေမည်။ ဤသို့မြင်နေရန် မဖြစ်ပေ။ သို့ဖြစ်ရကား စည်းလွတ်နယ်ပယ်မှ တိုးတက်မှုတို့သည် ပုန်းလျှိုးကွယ်လျှို တိုးတက်မှု သဘော (hidden growth) သာ ရှိပေမည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် စည်းလွတ်နယ်ပယ်ကလည်း ကျယ်ပြန့်၊ လုပ်ငန်းတို့ကလည်း အသေးစား အငယ်စားလေးများဖြင့် 'ပလား' နေပြန်ဆိုတော့ ဤအချက်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါမည်လောဟူ၍ ထပ်ဆင့်မေးခွန်းထုတ်စရာ ပေါ်လာပေသည်။ ဤမေးခွန်းမှာ အရေးလည်း ကြီးပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဘောဂဗေဒပညာရှင်တို့က အပြတ်မပြောရဲကြပေ။ ယတိပြတ် ကောက်ချက်မဆွဲဝံ့ကြပေ။ ယင်းသို့ အပြတ်မပြောရဲသည်မှာလည်း အရှေ့အာရှမှ အတုယူစရာ နှစ်နိုင်ငံ၏ အတွေ့အကြုံသင်ခန်းစာတို့ကို သိရှိထားကြသောကြောင့် ဖြစ်ပေသည်။

ပထမ တိုင်ပေကိုကြည့်သည်။ တိုင်ပေ၏ စီးပွားရေးသည် အသေးစား အငယ်စား အရွယ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်သည်။ တောင်ကိုရီးယားမှာမူ တစ်မျိုးဖြစ်၏။ ရောမစီးပွားရေး အဖွဲ့အစည်းကြီးများကို ထူထောင်၍ ဖွံ့ဖြိုးတိုးတက်နေခြင်း ဖြစ်သည်။ သို့အားဖြင့် အာရှ၌ပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပုံ ပုံစံနှစ်မျိုးဖြစ်နေ၍ သေးငယ်တိုင်း မကောင်းဟု မဆိုဝံ့ဘဲ ရှိနေကြခြင်းဖြစ်သည်။ အခြေအနေအလိုက် တသီးအခြားစီ လေ့လာသုံးသပ်ရမည့်သဘော ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဤပုံစံနှစ်ရပ်နှင့် စပ်လျဉ်း၍ ဥပမာပေးကြပုံမှာကား သဘောကျစရာ ကောင်းလှသည်။

အသေးစား အငယ်စား စီးပွားရေးကို အခြေခံခြင်းသည် ချောင်းကျဉ်းကျဉ်းလေးဖောက်၍ ရေကြောင်းသေးသေးကို ဖြည်းဖြည်းစီးဆင်းစေသည့်

သဘောဟူ၍လည်းကောင်း၊ အကြီးစားတို့ကို အခြေခံခြင်းသည် ချောင်းကြီး မြောင်းကြီး ဖောက်၍ ရေစီးကြီးစေသည့် သဘောဟူ၍လည်းကောင်း နှိုင်းယှဉ် ပြောဆိုကြသည်။

ဤတွင် ပြဿနာတစ်ရပ်သည် ရှေ့တန်းသို့ထွက်လာသည်။ အသေးစား အငယ်စား စီးပွားရေးလုပ်ငန်းတို့ကို အရွယ်အစားကြီးအောင် မည်သို့ ပြုလုပ်မည်နည်း။ ဤသို့အရွယ်အစားကြီးအောင်ကော ပြုလုပ်၍ ရနိုင်ပါ သလော။ အသေးစား အငယ်စား စီးပွားရေးလက္ခဏာသည် ရာသက်ပန်ရှိမည့် လက္ခဏာ ဖြစ်နေတော့မည်လော။

ဤမေးခွန်းတို့ကိုထုတ်ယူ၍ ဖြေဆိုရန် ကြိုးပမ်းလျှင် စည်းလွတ် စီးပွား ရေး နယ်ပယ်ကို လျစ်လျူရှုထား၍ မဖြစ်ပေ။ တကယ်တမ်းအားဖြင့် ပြော လျှင် စည်းလွတ်စီးပွားရေးခွင်ကို အဓိက မီးမောင်းထိုးပြီးကြည့်ရန်ပင် အထူး လိုအပ်ပေသည်။

စည်းလွတ်စီးပွားရေးနယ်မှ စီးပွားရေးသမားတို့သည် လုပ်ငန်းသဘာဝ အရပင် ပုန်းလျှိုးဝှက်လျှိုး လုပ်ကိုင်ရသည်ဖြစ်၍ အကြီးစားကို မလိုလား။ ကြီးလျှင် လူမြင်၏။ ထို့အပြင် စည်းလွတ်နယ်ပယ်မှ ထွက်၍ စည်းညီ နယ်ပယ်ဆီသို့ ကူးပြောင်းလုပ်လိုကြခြင်းလည်း သိပ်မရှိကြ။ စည်းလွတ် နယ်ပယ်၌သာ အကျိုးများ၍ ပေကပ်နေလိုကြသည်။ ထို့ကြောင့် စည်းလွတ် စီးပွားရေးနယ်ပယ် ကျယ်ပြန့်စွာရှိသော စီးပွားရေးတွင် အငယ်စားမှ အကြီးစားသို့ ကူးပြောင်းရန် အလွန်ခက်ခဲလိမ့်မည်ဟု သုံးသပ်ကြပါသည်။ အလျဉ်းသင့်၍ ပြောရလျှင် နိုင်ငံခြားကုမ္ပဏီတို့သည်ပင်လျှင် ကျယ်ပြန့်နေ သော စည်းလွန်စီးပွားရေးကို အသုံးချ၍ မိမိတို့ကုန်ပစ္စည်းတို့ကို တင်ပို့နိုင် သည့် အခြေအနေလည်း ရှိနေပေသည်။

## နေ့ပြန်တိုးစနစ် ကြီးစိုး

စည်းလွတ်စီးပွားရေးတွင် အငယ်စား အသေးစားလုပ်ငန်းများ ကျယ် ပြန့်ခြင်း၏ ပြယုဂ်အဖြစ် တစ်နိုင်တစ်ဆွဲ ကုန်သည်များ၊ တစ်နိုင်တစ်ဆွဲ ကယ်ရီများ၊ ဤတစ်နိုင် တစ်ဆွဲတို့အပေါ်တွင် လက်လီလက်ကား ရင်းနှီး

ဆောင်ရွက်နေကြသော ဒိုင်များ၊ ယာဉ်ပိုင်ရှင်များ စသည်ဖြင့် လိုင်းကြော လမ်းကြော အဆင့်ဆင့်မှ ပုဂ္ဂိုလ်အသီးသီး၊ အစုအဝေးအသီးသီး တို့ကို နိစ္စဓူဝ တွေ့မြင်နိုင်ကြပါသည်။ ကုန်စည်စီးဆင်းရေးလိုင်းကြော လမ်းကြော အသီးသီး၌ ပါဝင်ဆောင်ရွက်သူများရှိသကဲ့သို့ ထုတ်လုပ်ရေးဘက်တွင် ဝင်ရောက် ဆောင်ရွက်ကြသော ပိစိကွေးစီးပွားရေးလုပ်ငန်းရှင်များလည်း ရှိနိုင်ပါသည်။

ဤပုဂ္ဂိုလ်တို့ကို ခွဲခြားကြည့်လျှင် လုပ်ခစား၊ လခစားမဟုတ်ဘဲ ကိုယ်ပိုင်အလုပ်လုပ်သည့်သဘော (self-employed)၊ ကိုယ်ပိုင်အရင်းအနှီးနှင့်ကိုယ် ရောင်းဝယ်ဖောက်ကားသည့် သဘော၊ စွန့်စားအလုပ်လုပ်သည့် သဘောဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စား တွေ့နိုင်ပါသည်။ မည်သို့ပင်ရှိစေ ထိုစီးပွားရေးသမားတို့အတွက် ငွေကြေးထောက်ပံ့မှု၊ ငွေရင်းထောက်ပံ့မှုတို့သည် တရားဝင် ဘဏ်လုပ်ငန်းတို့မှ အဓိကမလာနိုင်၊ မရနိုင်သည်မှာ ထင်ရှားပါသည်။ အဓိကကျောရိုးဘဏ္ဍာရေးစနစ်အဖြစ် ရပ်တည်ဖို့ များပေသည်။ 'စည်းလွတ် မြီရှင်များနှင့် စည်းလွတ်မြီစားများ ဆက်ဆံရေး' ဟု ပညာရှင်တစ်ဦးက ပြောသည်မှာ မှန်ကန်ပါသည်။

စည်းလွတ်နယ်ပယ်မှ စီးပွားရေးသမားတို့သည် ဈေးကွက်စီးပွားရေးထဲတွင် ဝင်ရောက်ကျက်စားရ၏။ ဈေးကွက်ဆိုရာ၌ ပြည်တွင်းပြည်ပ နှစ်ဌာန စလုံး အကျုံးဝင်၏။ ဈေးကွက်စီးပွားရေးတွင် ဆိုင်ရာဆိုင်ရာတို့မှ တင်းကျပ်ထားသော အချုပ်အချယ်တို့ကို ရှောင်တိမ်းရင်း အသက်ရှူ ကျပ်ရ၏။ တရားဝင် အခွန်အတုတ်တို့ကို ရှောင်တိမ်းသော်လည်း 'စည်းလွတ်ကြေး' တို့ကို အခြေအနေအားလျော်စွာ ထမ်းဆောင်ကြကာ ဈေးကွက်စီးပွားရေးထဲတွင် လှုပ်ရှားကြရသည်။ နိုင်ငံခြားငွေ ဈေးကွက်တွင် အကြီးအကျယ်ငြိပြီး စွန့်စားကြရသည်ကလည်း တစ်မျိုးတစ်ဘာသာဖြစ်၏။

ထိုသို့သော စီးပွားရေးသမားတို့သည် မိမိတို့လုပ်ငန်းကို ခေတ်မီသော စာရင်းကိုင်နည်း၊ ခေတ်မီသော စီမံခန့်ခွဲမှုပညာ၊ ခေတ်မီနည်းကျသော စီးပွားရေး လုပ်ထုံးလုပ်နည်းများနှင့် အသို့လျှင် ယဉ်ပါးနိုင်ပါမည်နည်း။ သူတို့၏ လုပ်နည်းလုပ်ဟန်မှာ တစ်မျိုးဖြစ်၏။ သို့သော် စည်းလွတ်နယ်ပယ်

မှ စီးပွားရေးသမားတို့သည် ခေတ်စားလာသော စီးပွားရေးစာစောင်တို့ကို မပြတ်ဖတ်ရှုနိုင်ကြပါသည်။ လေ့လာကြပါသည်။ သို့ရာတွင် စီးပွားရေးစာစောင်တို့က ပေးအပ်သော ပညာဗဟုသုတတို့သည် ၎င်းတို့အတွက် ခံ့ညားလွန်းနေ၍သာ တစ်ခါတစ်ရံ ပြုံးမိကြဟန်တူသည်။

ထားပါတော့၊ စည်းညီစီးပွားရေးနှင့် စည်းလွတ်စီးပွားရေး နယ်ပယ်နှစ်ခု ပေါင်းစပ်ရေးနှင့် စပ်လျဉ်း၍ ဘောဂဗေဒပညာရှင်တို့က မည်သို့များ အကြံပြုကြပါသနည်းဟု သိချင်ကြပါလိမ့်မည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ မည်သည့် ပညာရှင်ကမျှ တိကျပြတ်သားစွာ အကြံမပေးရဲကြဟုသာ ပြောလိုပါသည်။

စည်းညီစီးပွားရေးနှင့် စည်းလွတ်စီးပွားရေးတို့ကြားတွင် ရှိသော ထူးကဲခြားနားမှုတို့ကို ပပျောက်ပွားစေရန်သာ ယေဘုယျသဘောအားဖြင့် အကြံပေးကြ၏။ ဤခြားနားမှု ပပျောက်ရေးနှင့်စပ်လျဉ်း၍ ဘောဂဗေဒ ပညာရှင်တစ်ဦးက

(၁) အစိုးရ၏ ချုပ်ချယ်သောစည်းမျဉ်းများကို ဖယ်ရှားပါ။
(၂) ပုဂ္ဂလိက ပိုင်ဆိုင်မှုတို့ကို မြန်မြန်ဆန်ဆန် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပါ။
(၃) ဘဏ္ဍာရေးလုပ်ငန်းတို့တွင် ပုဂ္ဂလိကပိုင်များကို အများဆုံးနှင့် အမြန်ဆုံး ခွင့်ပြုပါ စသည်ဖြင့် တင်ပြပါသည်။

**မနမဂ္ဂဇင်း**

အတွဲ ၃၊ အမှတ် ၁၀၊ မတ်လ ၁၉၉၃ ခုနှစ်။

# ဖောင်းပွမှု ခြောက်မျိုး

'ဖောင်းပွမှု' (inflation) ဆိုသည့် စကားသည် ကမ္ဘာနှင့်အဝန်း နိုင်ငံအနှံ့ လိုလိုတွင် အလွန်တွင်ကျယ်စွာ ခေတ်စားလျက်ရှိသည်။ ခေတ်စားသည် ဆိုရာ၌ မင်္ဂလာရှိသော စကားအဖြစ်ထက် မင်္ဂလာမရှိသော စကားအဖြစ် ပို၍ခေတ်စားခြင်း ဖြစ်တန်ရာ၏။ သာမန်နားလည်မှုအရ ပြောလျှင် 'ဖောင်းပွမှု' ဆိုသည်မှာ ကုန်စျေးနှုန်းများ တက်ခြင်းနှင့် ငွေကြေးပမာဏများ များပြားလွန်းနေခြင်းကို ညွှန်းသည်။

နိုင်ငံအသီးသီးသည် ဖောင်းပွမှုဒဏ်ကိုလည်း အနည်းနှင့်အများ ခံစားနေကြရသည်။ အနုအရင့်၊ အတိုင်းအတာပမာဏနှင့် အနက်အရှိုင်း တို့သာ ခြားနားကြသည်။ ဤသို့ခံစားနေကြ၍လည်း 'ဖောင်းပွမှု' ဆိုသော စကားသည် တစ်ကမ္ဘာလုံး လူသုံးများနေရခြင်းဖြစ်သည်။

ဖောင်းပွမှုသည် နိုင်ငံတစ်နိုင်ငံအတွက်အမင်္ဂလာဖြစ်သည်။ သို့တည်း မဟုတ် မင်္ဂလာဖြစ်သည်ဆိုသော ပြဿနာ၌ တပ်အပ်သေချာစွာ ကောက်ချက် ချနိုင်ရန် ခက်နေသည်။ ပုံသေကားကျ ပြောလို့မဖြစ်။ နိုင်ငံတစ်နိုင်ငံစီအလိုက် ကာလအားလျော်စွာ သီးသန့်သုံးသပ်ကြည့်ပြီးမှသာ အဖြေပေးနိုင်သော ကိစ္စဖြစ်သည်။ အချို့နိုင်ငံတို့သည် ဖောင်းပွမှုကို ပေါ်လစီအရ တမင်ဖန်တီး၍ စီးပွားရေးတိုးတက်မှုနှုန်းကို တိုးတက်အောင် ဆောင်ရွက်ကြသည်လည်း ရှိသည်။ အချို့နိုင်ငံတို့တွင် တွေ့ကြုံနေရသော စီးပွားရေးအကျပ်အတည်း အမျိုးမျိုးကို ပေါ့လျော့သက်သာသွားအောင် ဖောင်းပွမှုကို လက်နက်အဖြစ် ထိန်းထိန်းသိမ်းသိမ်း အသုံးပြုနေသည်လည်း ရှိသည်။

အချို့နိုင်ငံတို့တွင် ဖောင်းပွမှုကို မရည်ရွယ်ဘဲနှင့် ရရှိတတ်ကြသည်။

မရည်ရွယ်ဘဲနှင့် အခြေအနေကောင်း ပေါ်သွားသည်လည်း ရှိတတ်သည်။ လက်လွန်ခြေလွန်ဖြစ်၍သော်လည်းကောင်း၊ မထိန်းနိုင် မသိမ်းနိုင် ဖြစ်၍ သော်လည်းကောင်း စီးပွားရေးအခြေအနေ ဆိုးရွားသွားသည်လည်းရှိသည်။ ဖောင်းပွမှု ဖြစ်ထွန်းနေသော အခြေအနေ၌ပင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း၌ အကျိုးသက်ရောက်ပုံတို့သည် မတူညီ ကွဲပြားခြားနားကြသည်လည်း ရှိတတ်သည်။ ဖောင်းပွမှုကြောင့် ချမ်းသာသူ ပို၍ချမ်းသာသွားနိုင်သည်။ မွဲသည့်သူ ပို၍မွဲသွားနိုင်သည်။

ထို့ကြောင့် ဖောင်းပွမှုသည် မင်္ဂလာလော၊ အမင်္ဂလာလောဟု အဖြူအမည်း ဧကန်ဒိဋ္ဌ မပြောနိုင်ခြင်းဖြစ်သည်။ စီးပွားရေးပြဿနာတို့ ဆိုသည်မှာ ဤသဘောမျိုး ဖြစ်တတ်တာ များပါသည်။

မည်သို့ပင်ဖြစ်စေ ယဉ်ပါးတွေ့ကြုံနေရသော အခြေအနေတို့ကို မျက်မှောက်ပြုလျက် ဖောင်းပွမှု အမျိုးအစား ဘယ်နှစ်မျိုးရှိသလဲဟူ၍ကား (ပညာရှင်များသိသလို နှိုက်နှိုက်ချွတ်ချွတ် မသိသည့်တိုင်အောင်) အကြမ်းဖျင်းတော့ သဘောအားဖြင့် သိထားသင့်ကြသည်။

ထိုသို့သိပြီးသကာလ မိမိတွေ့ကြုံခံစားနေရသော ဖောင်းပွမှုသည် မည်သည့်အမျိုးအစား ဖောင်းပွမှုမျိုးဖြစ်သနည်းဟု စစ်ဆေးကြည့်သင့်သည်။ အကဲဖြတ်သင့်သည်။ ဖောင်းပွမှု အမျိုးအစားနှင့် ပုံသဏ္ဌာန်တို့သည် အမျိုးမျိုး ရှိသကဲ့သို့ ဖောင်းပွမှုအမျိုးအစား တစ်ခုစီအလိုက် ပုံသဏ္ဌာန်တစ်ခုစီအလိုက် ရှိသော အကြောင်းတရားဇာစ်မြစ်တို့ကလည်း များသလားမမေးနှင့်၊ များမှ များ။

များရုံမက တစ်ခုနှစ်တစ်ခု ထွေးရောယှက်တင်ဖြစ်၍ အမယ်ဘုတ်ချည်ခင်ကဲ့သို့ ရှုပ်ထွေးသည်မှာလည်း ရှုပ်မှ ရှုပ်။ ထို့ကြောင့် စီးပွားရေး မဟာဗျူဟာ ချမှတ်သူများ (ပေါ်လစီချမည့်သူများ)အဖို့ ဖောင်းပွမှုကိစ္စသည် အလွန်ခေါင်းရှုပ်စရာ၊ အလွန်ဦးနှောက်ခြောက်စရာ ကောင်းလှသည်။ နိုင်ငံရေးတင်းမာမှုကို အထောက်အကူပြုသောကြောင့်လည်း မျက်စိဒေါက်ထောက်ထားရသည်။

မည်သို့ရှိစေ မျက်မှောက်ပြုနေရသော ဖောင်းပွမှုသည် မည်သည့်အမျိုးအစားမျိုးလဲ၊ မည်သည့်ပုံသဏ္ဍာန်ရှိသလဲဟု ကနဦး မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ရန် လိုသည်။ ဤသို့အကဲဖြတ်ပြီးနောက် ဤဖောင်းပွမှု အမျိုးအစားနှင့် ဤဖောင်းပွမှုပုံသဏ္ဍာန်တို့ ဖြစ်ပေါ်စရာ အကြောင်းတရားတို့ကို မှန်မှန်ကန်ကန် ရှာဖွေတွေ့ရှိနိုင်ရန်လည်း အထူးလိုအပ်ပြန်သည်။

ဖောင်းပွမှုအမျိုးအစားနှင့် ပုံသဏ္ဍာန် သုံးသပ်မှုတို့တွင် တလွဲတချော် ဖြစ်လျှင် ဘာဖြစ်မည်နည်း။ အကြောင်းတရားနှင့် ဇာစ်မြစ်များ ရှာဖွေစစ်ဆေးရာတွင် မှားယွင်းသွားလျှင် ဘာဖြစ်မည်နည်း။

မြင်နိုင်သောအချက်ကား ရောဂါကုထုံးတွေ ဆေးဝါးတွေ တလွဲဖြစ်ခြင်းပင်။ တစ်နည်းပြောလျှင် မဟာဗျူဟာ မှားယွင်းမည်၊ ပေါ်လစီတို့သည် ရောဂါတခြား ဆေးတခြားဖြစ်မည်။ မှားယွင်းသောဆေး၊ မှားယွင်းသော ကုထုံးတို့ကြောင့် စီးပွားရေးလူနာမှာ သေလောက်အောင် ခံဖို့သာ ပြင်ပေတော့။

အထက်ပါအတိုင်း ခြေဆင်းသဘော ပြောပြီးသည်နှင့် ဖောင်းပွမှု အမျိုးအစားတို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။ တစ်ဆက်တည်း၌ အမျိုးအစားတစ်ခုစီအလိုက် အနည်းငယ် ရှင်းပြထားပါသည်။

## (၁) ဝယ်လိုအား ဖောင်းပွမှု (demand inflation)

ဤအမျိုးအစားကို အများနားလည်သလို ရှင်းပြရလျှင် 'ကုန်ပစ္စည်းအနည်းငယ်နောက်သို့ ငွေကြေးတွေ အများကြီးက လိုက်နေခြင်း'ဟု ပြောနိုင်သည်။ 'ငွေကြေးဖောင်းပွမှု'ဟုလည်း ယေဘုယျ ပြောလို့ရပါသည်။ ငွေကြေးတွေ ဖောင်းပွလာရာမှ ဝယ်လိုအားတွေ အလွန်အမင်း တိုးတက်များပြားလာခြင်းကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။ လိုရင်းပြောလျှင် ပစ္စည်းနည်းပြီး ငွေတွေပေါနေသည့် အခြေဖြစ်သည်။

### (၂) လုပ်ခ-ဈေးနှုန်း-လုပ်ခ ကြောင်အိမ်လှေကား (wage-price-wage)

ဤကြောင်လိမ်လှေကားပုံသဏ္ဍာန်၌ လုပ်ခနှင့်ဈေးနှုန်းတို့သည် ဘဲဥ အစ ရှာမရသလို လုပ်ခက အရင်လား၊ ဈေးနှုန်းက အရင်လားဆိုတာ မသိနိုင်။

သဘောအားဖြင့်ပြောလျှင် လုပ်ခတွေတက်၍ ဈေးနှုန်းတွေ တက်သည်။ ဈေးနှုန်းတွေတက်၍ လုပ်ခတွေတက်သည်စသည်ဖြင့် ကြောင်လိမ်လှေကားကဲ့သို့ အပြန်အလှန် ကျေးဇူးပြုပံ့ပိုးရင်း ထောင်တက်နေခြင်း ဖြစ်သည်။ ဤလိုဖောင်းပွမှု ပုံသဏ္ဍာန် မျိုးကို 'စရိတ်ဖောင်းပွမှု' (cost inflation) ဟုလည်း ခေါ်ကြသည်။

### (၃) ပစ္စည်းပြတ်လပ်မှု၊ စီးဆင်းမှုပြတ်လပ်မှုတို့ကြောင့် ဈေးနှုန်းတက်ခြင်း (shortage-caused inflation)

ပစ္စည်းတွေ ပြတ်လပ်ရာ၌ဖြစ်စေ၊ စီးဆင်းမှုပြတ်လပ်ရာ၌ ဖြစ်စေ အမှန်တကယ် ပြတ်လပ်မှုရှိနိုင်သကဲ့သို့ အကြောင်းကြောင်းဖြင့် ဖန်တီးပြီး ပြတ်လပ်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။

အချို့အခြေအနေတို့၌ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု၊ ဖြန့်ဖြူးမှုတို့တွင် ပုလင်းလည်တိုင်ကျဉ်းခြင်းကြောင့် အစီးအဆင်းခက်ကာ ရှားပါးမှုပေါ်ပေါက်ပြီး ဈေးနှုန်းတက်ခြင်းများလည်း ရှိနိုင်သည်။ ဤသည်ကို 'လည်တိုင်ပိတ် ဖောင်းပွမှု' (bottleneck inflation) ဟုလည်း ပြောကြသည်။ အာဏာပိုင်တို့၏ ကန့်သတ်ကွပ်ကဲမှုများကြောင့်လည်း ဈေးတက်နိုင်သည်။

### (၄) နိုင်ငံခြားသွင်းကုန်ပစ္စည်း ဈေးတက်လာမှု (import price inflation)

နိုင်ငံခြားမှ မှာယူတင်သွင်းရသော ကုန်ပစ္စည်းများ ဈေးတက်လာသောအခါ လူသုံးကုန်ပစ္စည်းများသည် လည်းကောင်း၊ နိုင်ငံခြားပစ္စည်းများသုံး၍ ထုတ်လုပ်ရသော လုပ်ငန်းတို့မှ ကုန်ပစ္စည်းများသည်လည်းကောင်း

ဈေးနှုန်းတက်ကြရသည်။ ထိုမှတစ်ဆင့် တစ်နွယ်ငင် တစ်စင်ပါဆိုသလို အခြားကုန်ပစ္စည်းတို့၏ ဈေးနှုန်းတို့သည်လည်း ရောယောင်တတ်ကြသည်။ (ရေနံဈေးနှုန်းများ ရုတ်တရက် တက်လိုက်စဉ်က ဤကဲ့သို့သော ဖောင်းပွမှုမျိုး တစ်ကမ္ဘာလုံးလိုလို ခံလိုက်ရသည်။ ပြင်ပမှ မကြာခဏ ရှော့ရိုက်၍ ဈေးနှုန်းများ တက်ခဲ့ရသည်။)

## (၅) နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းကြောင့် ဖောင်းပွမှု (exchange-rate caused inflation)

ဤဖောင်းပွမှုအမျိုးအစားသည် ယခုနောက်ပိုင်း၌ အတော်ကျယ်ပြန့်လာသည်။ မည်သည့်အကြောင်းများနှင့်မျှ ဟုတ္တိပတ္တိမသက်ဆိုင်ဘဲ မိမိနိုင်ငံ၏ ငွေကြေးလဲလှယ်ရေးနှုန်းထားသည် အခြားနိုင်ငံ ငွေကြေးများနှင့် လဲလှယ်ရာ၌ တန်ဖိုးကျဆင်းသွားလျှင် သူများနိုင်ငံမှ ပစ္စည်းတို့ကို အလိုလိုနေရင်း ဈေးကြီးကြီးပေး၍ ဝယ်ရသည့်သဘော သက်ရောက်သွားသည်။

မိမိနိုင်ငံ၏ ငွေကြေးတန်ဖိုး ကျဆင်းလျှင် သူများနိုင်ငံမှ ဝယ်ယူရသော ပစ္စည်းဈေးနှုန်းများ (import prices) တက်သွားသည်။ ဤသို့တက်ရာမှ ပြည်တွင်း၌ အခြားကုန်ပစ္စည်းဈေးနှုန်းများလည်း လိုက်တက်သွားသည်။ ထို့ကြောင့် ငွေတန်ဖိုးကျဆင်းခြင်းသည် ဖောင်းပွမှုကိုတိုးစေသည်။

## (၆) အတိုးနှုန်းကြောင့် ဖောင်းပွမှု (interest rate inflation)

ဤပုံစံသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီပေ။ များစွာသော နိုင်ငံတို့၌ အတိုးနှုန်းကြီးနေလျှင်၊ တက်နေလျှင် ဈေးနှုန်းတွေတက်ရာ၌ အထောက်အကူ ဖြစ်နေသည်။ အတိုးဆိုသည်မှာလည်း စရိတ်တစ်မျိုးပင် မဟုတ်ပါလား။ စရိတ်ဖောင်းပွမှု အမျိုးအစားထဲထည့်လျှင် ရနိုင်ပါသည်။

သို့ရာတွင် တတိယကမ္ဘာနိုင်ငံတို့၌ အတိုးနှုန်း ပြဿနာသည် သေးငယ်သည်မဟုတ်၍ သီးခြားအမျိုးအစားတစ်ရပ်အဖြစ် ဖယ်ထုတ်ပြသရသည်။

အထက်ပါတို့ကား ကမ္ဘာနှင့်အဝန်း နိုင်ငံအသီးသီး၌ တွေ့ကြုံနေရသော ဖောင်းပွမှုအမျိုးအစားနှင့် ပုံသဏ္ဍာန်တို့ပင်တည်း။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တွေ့ကြုံရင်ဆိုင်ရသော ဖောင်းပွမှု အမျိုးအစားတို့မှာလည်း တူညီကြသည်မဟုတ်ပေ။ ကွဲပြားခြားနားကြပါသည်။ ဒေသအလိုက် ကွဲပြားခြားနားရုံမျှမက အချိန်ကာလအားဖြင့်လည်း ဖောင်းပွမှုပုံသဏ္ဍာန်တို့သည် ခြားနားစွာ ဖြစ်ပေါ်ကြပေသည်။

၁၉၇၀ ပြည့်လွန်နှစ်များက တွေ့ကြုံခဲ့သော ဖောင်းပွမှုသည် ယခုမျက်မှောက်အခြေအနေ၌ တွေ့ကြုံနေရသော ဖောင်းပွမှုတို့နှင့် အမျိုးအစားအရ မတူညီကြပေ။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ၌ ဖောင်းပွမှုအန္တရာယ် တွေ့ကြုံပြီဟုဆိုလျှင် ဖောင်းပွမှုအမျိုးအစား တစ်မျိုးတည်းကိုသာ တွေ့ကြုံရသည်မဟုတ်။ အထက်တွင်ဖော်ပြခဲ့သော အမျိုးအစားများအနက်မှ နှစ်မျိုးသုံးမျိုးတို့ကို ပေါင်းစပ်ပူးတွဲပြီး ရောပြီး တွေ့ကြုံရခြင်း ဖြစ်လေသည်။

ဆိုခဲ့ပါ ဖောင်းပွမှုအမျိုးအစားအလိုက် မြင်ရသော အကြောင်းတရားတို့မှာလည်း သူ့အမျိုးအစားနှင့်သူ သီးခြားစီ ကတ္တားခြားပြီး ရှိကြသည်မဟုတ်၊ ရောထွေးနေတတ်သည်။

ထို့အပြင် ဖောင်းပွမှုတို့သည် တစ်မျိုးမှတစ်မျိုးသို့ လျင်မြန်စွာကူးစက်သွားတတ်သည့် သဘာဝကလည်း ရှိပေသည်။ ထို့ကြောင့် ဖောင်းပွမှု ပြဿနာကို ကြုံတွေ့ရပြီဟုဆိုလျှင် အကြောင်းတရားတို့ကို ကွက်၍ရှာလို့မဖြစ်၊ ပုံသဏ္ဍာန်အမျိုးအစားတစ်ခုတည်းကို ကတ္တားခြားပြီး ကန့်ပြီးသုံးသပ်လို့မဖြစ်၊ ရောဂါကုထုံးကို ပုံသေကားကျ တစ်ခုတည်း ချမှတ်ပေးလို့မဖြစ်၊ ရောဂါလက္ခဏာနှင့် ကိုက်ညီသည့် သင့်တင့်လျောက်ပတ်သော ကုထုံးနှင့် ဆေး(ပေါ်လစီ)တို့ကို မှန်ကန်သော အတွဲအစပ်များဖြင့် တိုက်ကျွေးရပေသည်။

'ကမ္ဘာ့ငြိမ်းချမ်းရေး'၊ 'ကမ္ဘာစစ်' ဆိုသော အတွဲအစပ် ဝေါဟာရများကဲ့သို့ပင် ဖောင်းပွမှုပုံသဏ္ဍာန်အမျိုးမျိုးတို့သည် နိုင်ငံကြီးငယ်မရွေး တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ကူးစက်နေပြီဖြစ်၍ 'ကမ္ဘာ့ဖောင်းပွမှု' (world inflation) လို့ပင် ခေါ်ဝေါ်ပြောဆိုနေကြပါပြီ။

ကမ္ဘာ့ဖောင်းပွမှုကို ဖြစ်စေသော အကြောင်းတရားတို့သည် နိုင်ငံတစ်နိုင်ငံစီအလိုက် ဖြစ်သော ဖောင်းပွမှုအကြောင်းတရားတို့နှင့် ထပ်တူမတူညီပေ။ သီးခြားသော အကြောင်းတရားတို့သည် ကမ္ဘာ့အတိုင်းအတာအားဖြင့် လှုပ်ရှားအကျိုးသက်ရောက်ခြင်းဖြစ်၍ ကမ္ဘာ့ဖောင်းပွမှုအတွက်ကုထုံးမှာ တစ်မျိုးဖြစ်လေသည်။ အကြောင်းတရားနှင့် ဇစ်မြစ်တို့မှာလည်း တစ်မျိုးဖြစ်ပေသည်။

ယနေ့အထိ၌ ဘောဂဗေဒပညာရှင်တို့က အောက်ပါအကြောင်းတရားသုံးပါးသည် ကမ္ဘာ့ဖောင်းပွမှုကို ဖြစ်စေသော တရားသုံးပါးဖြစ်သည်ဟု စိစစ်ဖော်ပြလျက်ရှိကြသည်။ ၎င်းတို့မှာ-

(၁) နိုင်ငံခြားငွေကြေး လဲလှယ်ရေးနှုန်းထားများကို အရှင်မျှောထားခြင်း (floating exchange rate)၊

(၂) ရွှေဈေးနှုန်းကို အရှင်လွှတ်ထားခြင်းကြောင့် ရွှေဈေးတက်ခြင်း၊

(၃) ဖောင်းပွမှုဖိအားကို တွန်းလှန်ခုခံရန် ရည်ရွယ်သော ယန္တရား (IMF နှင့် ကမ္ဘာ့ဘဏ် စသည်)တို့သည် အားနည်းပျော့ညံ့နေခြင်းတို့ ဖြစ်ပါသည်။

ကမ္ဘာ့ဖောင်းပွမှုသည် ပထမ၌ ကြောင်လိမ်လှေကားကဲ့သို့ ဖြစ်ထွန်း၏။ ယခုဖောင်းပွမှုသည် အခိုင်အမာသဘောဆောင်လာသည့် စက် (machine) ဖြစ်လာပြီဟု ဥပမာပေးကြသည်။ အင်္ဂလိပ်စကား ယူရလျှင် ‘inflationary spiral’ မှ ‘inflationary machine’ သို့ ကူးပြောင်းသွားခြင်းဖြစ်လေသည်။

**မနမဂ္ဂဇင်း**

အတွဲ ၃၊ အမှတ် ၁၁၊ ဧပြီလ ၁၉၉၃ ခုနှစ်။

◀ ▲ ▶

# စီးပွားရေး အသံညှိစက်

ရေဒီယို၊ ကက်ဆက်၊ တယ်လီဗီးရှင်းတို့၌ အသံညှိကိရိယာနှင့် ဘုခလုတ်များ ပုံစံအမျိုးမျိုးနှင့် ရှိသကဲ့သို့ စီးပွားရေးတွင်လည်း အသံညှိပေးရန် ကိရိယာနှင့် ဘုခလုတ်များ ရှိပေသည်။ အားလုံးခြုံပြီး အသံညှိစက် (fine-tuning mechanism) ဟူ၍ စီးပွားရေးပညာရှင်များက နာမည်ပေးထားကြသည်။

ရုရှနှင့် အရှေ့ဥရောပနိုင်ငံတို့တွင် လည်းကောင်း၊ တရုတ်ပြည်၌ လည်းကောင်း စီးပွားရေးအသံညှိစက်တို့သည် ပုံမှန်မဟုတ်ဘဲ အားပျော့လျက်ရှိသည်ဟု အဝေအဖန် အထောက်အပြများ ရှိလာသည်။ တရုတ်စီးပွားရေးပညာရှင်တို့ ကိုယ်တိုင်က တရုတ်စီးပွားရေးတွင် စီးပွားရေး အသံညှိစက်သည် အားပျော့လျက်ရှိသည်ဟု ဝန်ခံသည်။

တရုတ်စီးပွားရေး ပညာရှင်တို့၏ ဝေဖန်ချက်ကို အနောက်တိုင်းမှ စီးပွားရေးပညာရှင်အချို့က တစ်ဆင့်တိုးပြီး ဝေဖန်ပြသည်။ တရုတ်စီးပွားရေးတွင် စီးပွားရေးအသံညှိစက်သည် အားပျော့နေရုံမျှမက ဤစက်ကို စျေးကွက်စီးပွားရေးမှထွက်သော ပင်ရင်းအသံနှင့် မညှိဘဲ ပုံစံဟောင်းမှအသံနှင့် ညှိနေသည်ဟု ထောက်ပြကြသည်။ လိုအပ်သလို ကစားပေးရမည့် ဘု၊ ခလုတ်တို့သည် တလွဲဖြစ်နေသည်ဟု ဆိုသည်။

မဖွံ့ဖြိုးသော တတိယ ကမ္ဘာဝင်နိုင်ငံတို့တွင်ကား စီးပွားရေး အသံညှိစက်သည် အားပျော့ရုံမျှမက ချွတ်ယွင်းနေကြသည်ဟုလည်း စီးပွားရေးပညာရှင်တို့က သုံးသပ်ကြသည်။ ပို၍ဆိုးသည်မှာ မနက်အိပ်ရာထ၍ ကြည့်လိုက်လို့ ဗဟိုမှဦးစီးသော စီမံကိန်းစနစ်နှင့် အမိန့်ပေးစနစ်တို့ ယိုင်လဲပြိုကျသွားသည်ကို တွေ့လိုက်ရသော နိုင်ငံများအဖို့ရာ၌ စီးပွားရေး အသံညှိစက်သည် ပုံပန်းများ ပျက်သွားခြင်းပင် ဖြစ်ပေသည်။

အထက်ဖော်ပြပါ အချက်တို့ကို နားရှင်းစေရန်အလို့ငှာ စီးပွားရေး အသံညှိစက်အကြောင်းကို အဓိပ္ပာယ်အနည်းငယ် ရှင်းပြရန် လိုလာပါလိမ့်မည်။ စီးပွားရေးကို အသံအမျိုးမျိုးထွက်သော စက်ကြီးတစ်ခုကဲ့သို့ မြင်ထားပါ။ အသံအမျိုးမျိုးကို သာယာနာပျော်ဖွယ်ဖြစ်အောင် အသံတို့ကို လိုအပ်သလို တွဲပေးရသည်၊ စပ်ပေးရသည်၊ ညှိပေးရသည်၊ ညီအောင်ပြုပေးရသည်။ ကမောက်ကမ မဖြစ်အောင် ထိန်းပေးရသည်။ စက်ထဲတွင် အသံတွေထွက်သော ကိရိယာများသာမက အသံတို့ကို ညှိပေး၊ တွဲပေးသော ကိရိယာများလည်း သူ့အထားနှင့်သူ ပါရှိရသည်။ ဤသဘောတရားအတိုင်း အကြမ်းဖျင်း နားလည်ထားလျှင် လုံလောက်သည်။

တိုင်းပြည်တစ်ပြည်၏ စီးပွားရေးတွင် ကုန်ထုတ်အခြေအမြစ်များဟု ခေါ်သော ငွေ၊ အရင်းအနှီး၊ လုပ်အား၊ မြေနှင့် အခြားကုန်ကြမ်းပစ္စည်း သယံဇာတများ အသီးသီးရှိကြသည်။ ဤအခြေအမြစ်တို့ကို သူ့နေရာနှင့်သူ ခွဲဝေချထားပေးရန်လိုသည်။ allocation of resources ဟု ခေါ်သည်။ ဤသို့ ခွဲဝေချထားရာ၌ ထိထိရောက်ရောက်ဖြစ်ဖို့လိုသည်။ အကျိုးကျေးဇူးများဖို့လိုသည်။ ပြေပြစ်ဖို့လိုသည်။ အချိုးအစားကျနဖို့လိုသည်။ တစ်ဖက်စောင်းနင်းမဖြစ်ဖို့ လိုသည်။ စရိတ်ကျဉ်းဖို့လိုသည်။

ကွန်မြူနစ်နိုင်ငံတို့တွင် ဤသို့သော ခွဲဝေမှုတို့ကို သီအိုရီအရ စီမံကိန်းဖြင့် ဆောင်ရွက်သည်။ ဗဟိုစီမံကိန်းအဖွဲ့က ခွဲဝေလျာထားပေး၏။ ဘာမျှ ကမောက်ကမ ဖြစ်စရာမရှိ။ သို့သော် လက်တွေ့၌ ပေါ်လစ်ဗျူရို၌ အရာကြီးသူ တာဝန်ယူသော ဌာနများက ပို၍ရကြလေသည်။ ပို၍ အကောင်း ရကြလေသည်။ ပို၍ ဆောလျင်စွာ ရကြလေသည်။ သီအိုရီအရ စီးပွားရေး အသံညှိစက်ကို စီမံကိန်းဖြင့် ခုတ်မောင်းပေးသည်ဟု ဆိုသော်ငြားလည်း ပေါ်လစ်ဗျူရိုက ကိုင်၏။ သဘောမှာ နိုင်ငံရေးဖြင့် ခုတ်မောင်းခြင်းဖြစ်သည်။ အပေါ်ယံကြော၌ သံစုံညီသယောင် ရှိသော်လည်း ဤအချက်ကပင် ကမောက်ကမ ဖြစ်နေသော ခွဲဝေမှုတို့ကို ဖုံးဖိထားရာ၊ ဖုံးကွယ်ထားရာရောက်ခဲ့ပေသည်။ ဤအချက်သည် နောက်မှဘူးပေါ်သလို ပေါ်သည်။

အရင်းရှင်စီးပွားရေးစနစ်၌လည်းဆိုခဲ့ပါအတိုင်း အရင်းအနှီးအင်အား၊ လူအင်အား၊ ငွေအင်အား၊ အခြေအမြစ်အင်အား အရပ်ရပ်တို့ကို ခွဲဝေချထားပေးရသော လုပ်ငန်းတာဝန်ရှိပါ၏။ ဤသို့ချထားပေးရာ၌ ဈေးကွက်စီးပွားရေးနိယာမများအတိုင်း ပြီးမြောက်စေသည်။ နိုင်ငံရေးကို အသုံးမပြုပေ။ အံချော်နေလျှင် လက္ခဏာတွေပြသည်။ အချက်တွေပြသည်။ ဈေးကွက်စီးပွားရေးတရားများအတိုင်း မညီလျှင် ကုန်ဈေးနှုန်း၊ ငွေတန်ဖိုး၊ နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်း၊ အတိုးနှုန်း၊ လုပ်ခ၊ အမြတ်၊ ငွေဖောင်းပွမှု၊ ငွေကျုံ့မှု စသည့် အခြင်းအရာတို့သည် အကုန် ကမောက်ကမ ဖြစ်ကုန်သည်။ သဘောမှာ အသံတွေ ပေါက်သောက်ထွက်ခြင်း၊ အသံတွေကြောင်ခြင်း၊ သံစဉ်တွေလွဲခြင်း စသည်တို့ဖြစ်ပါသည်။ အကျပ်အတည်းလို့ ဆိုပါတော့။ ထိုအခါ၌ အသံညှိစက်ဖြင့် ညှိပေးရပါသည်။

အတိုချုံးပြောလျှင် အရင်းရှင်စီးပွားရေး၌ အခြေအမြစ်များ ခွဲဝေမှုကိုလည်းကောင်း၊ အမြတ်၊ အတိုး၊ လုပ်ခ၊ ပစ္စည်းဈေးနှုန်း၊ ငွေဈေးနှုန်းများ တည်ငြိမ်မှုတို့ကိုလည်းကောင်း၊ အသံညှိစက်ဖြင့် ဈေးကွက်စီးပွားရေးတရားများနှင့်အညီ ညှိပေးပါသည်။ ဤသို့ ညှိပေးရန်အတွက်လည်း ကိရိယာများ အဆင်သင့်ရှိ၏။ ဘဏ်စနစ်၊ ဘဏ်မဟုတ်သော ငွေကြေးနှင့် ဘဏ္ဍာရေးစနစ်၊ ကုမ္ပဏီကြီးများ၊ လမ်းပန်းဆက်သွယ်ရေးစနစ်များ၊ အရင်းအနှီးဈေးကွက်၊ ငွေကြေးဈေးကွက်၊ အစုရှယ်ယာဈေးကွက်၊ ကုန်စည်ဒိုင် စသည်ဖြင့် အဖွဲ့အစည်း အသီးသီးတို့သည် ခေတ်မီစွာ ရှိကြလေသည်။ ကျယ်ပြန့်စွာ ရှိကြလေသည်။ ပေါ်လစီတစ်ခုခုဖြင့် ဘုခလုတ်နှိပ်လိုက်လျှင် ဤအဖွဲ့အစည်း ဤနယ်ပယ်တို့၌ လှိုင်းဂယက်များ လှုပ်ရှားသွားလေသည်။ မီးနီ၊ မီးစိမ်း အစုံပြကုန်၏။

ဥပမာ ငွေတွေ အရမ်းပွထနေသည်ဟု ဆိုပါစို့၊ အစိုးရဘတ်ဂျက်တွင် လိုငွေပြမှု လျှော့ပစ်ခြင်း၊ ဘဏ်တိုးနှုန်း မြှင့်လိုက်ခြင်း စသည့် ခလုတ်ကို နှိပ်လိုက်လျှင် အထက်ဖော်ပြပါ စနစ်အသီးသီးတွင် တုန်ခါပြီး မီးနီ မီးစိမ်းများ ပြကြပေသည်။ ဘဏ်တိုးတက်သဖြင့် လုပ်ငန်းရှင် ကုမ္ပဏီကြီးတွေ ငွေကျပ်သွား၏။ ချေးငှားမှုများ တန့်သွား၏။ ဘဏ်ချေးငှားမှု လျော့ကျ

သွားသည်ဆိုသည်မှာ ငွေကြေးပမာဏ လျော့သွားခြင်း ဖြစ်ပေသည်။ အစိုးရ အသုံးစရိတ်လျှော့သော ခလုတ်နှိပ်လျှင် စီးပွားရေးထဲ ငွေအရောက်နည်းသွား ပေသည်။ ဤနည်းဖြင့် ငွေကြေးပမာဏ လည်ပတ်မှုသည် လျော့သွားကာ ပုံမှန်ပြန်ဖြစ်သွားသည်။

အရင်းရှင်စီးပွားရေးတွင် စီးပွားရေးကို အသံညှိပေးသော အသံထိန်း ပေးသော ကိရိယာမျိုးစုံ ခေတ်မီစွာ ရှိပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ရှိပါ သည်။ ဤကိရိယာကို အခြေအနေကြည့်ပြီး လိုအပ်သလို ခလုတ်နှိပ်ရုံ ဖြစ်၏။ စီးပွားရေးအစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အပြန်အလှန် အဆက်အစပ် များ ရှုပ်ရှုပ်ထွေးထွေးရှိသောကြောင့်လည်း တစ်နေရာမှ ဘုခလုတ်တစ်ခုကို နှိပ်လိုက်လျှင် အခြားအစိတ်အပိုင်းအားလုံးသို့ တစ်မုဟုတ်ချင်း ဂယက်တွေ ရောက်ကုန်သည်။ သက်ရောက်မှုတွေ၊ တန်ပြန်သက်ရောက်မှုတွေ ပျံ့ကုန် သည်။

ယခုတလော၌ စီးပွားရေးမီးရှိန်ပြင်းခြင်း (over-heating) ဆိုသော စကားသည် အသုံးများလာကြောင်း တွေ့ရပြန်သည်။ အဓိပ္ပာယ်မှာ စီးပွားရေးဖွံ့ဖြိုးအောင် မီးကုန်ယမ်းကုန် တိုးမြှင့်ကြိုးပမ်းသဖြင့် ငွေကြေးများ ဖောင်းပွလာခြင်း၊ ကုန်ဈေးနှုန်းများ ထောင်တက်လာခြင်း၊ ကုန်ကြမ်းပစ္စည်း များ ရှားပါးလာခြင်း၊ လုပ်အားများ ရှားပါးလာခြင်း၊ အတိုးများ တက်လာ ခြင်း စသည့်အခြင်းအရာတို့ကို ရည်ညွှန်းသည်။ ဤအမှတ်အသား လက္ခဏာ တို့ကို ကြည့်၍ စီးပွားရေးတစ်ခုသည် မည်မျှမီးရှိန်မြင့်နေသနည်းဟု ခန့်မှန်း နိုင်ပေသည်။

လိုအပ်သည်ထက်ပို၍ မီးရှိန်မြင့်နေလျှင် မီးပေါက်လျှော့ရ၏။ ဤသို့ မီးပေါင် အတိုးအလျှော့ ကစားပေးရသော လုပ်ငန်းကိုလည်း အထက်တွင် ဖော်ပြသော စီးပွားရေးအသံညှိစက်ဖြင့်ပင် ဆောင်ရွက်ရသည်။ ထို့ကြောင့် စီးပွားရေးအသံညှိစက်ဆိုသည်မှာ အသံကိုသာ ညှိသည်မဟုတ်၊ မီးရှိန်ကို လည်း ညှိပေသည်။ နှစ်မျိုးသုံးဟု ပြောနိုင်သည်။

အချုပ်၌ မျက်မှောက်ခေတ် နိုင်ငံအသီးသီးတို့၏ စီးပွားရေးအခြေ အနေ အပြောင်းအလဲတို့ကို သုံးသပ်ပြီး လိုအပ်သောကောက်ချက်ကို ဆွဲရ

ပါလျှင် ဤသို့ဖြစ်ပါလိမ့်မည်။ ဈေးကွက်စီးပွားရေးဆီသို့ အပြောင်းအလဲများ ပြုရာ၌ အထက်တွင် ရှင်းပြသော စီးပွားရေးအသံညှိစက်၊ မီးရှိန်ညှိစက်တို့ကို ခေတ်မီစွာ ဖန်တီးတပ်ဆင်ခြင်းသည် အလွန်သော့ချက်ကျပါ၏။ ထို့အပြင် ဤညှိစက်ကို တပ်ဆင်ရာ၌ ဈေးကွက်တရားတို့နှင့် အညီ တပ်ဆင်ပြီး ဈေးကွက်မှထွက်သော အသံကို ပင်တိုင်ထားပြီး အခြားအသံတို့ကို ညှိပေးနိုင်ရန် လိုအပ်ပါသေးသည်။ နိုင်ငံရေးနှင့် ကင်းဖို့လည်း လိုသည်။ အသံဟောင်းတို့ကို ပြန်လည်၍ မတမ်းတရန်လည်း လိုသည်။ အသံနှင့် မီးရှိန်ညှိစက်သည် တတ်နိုင်သမျှ သူ့အလိုအလျောက် အော်တိုဖြစ်နေဖို့ရာလည်း လိုသည်။

စည်းလွတ်နှင့် စည်းညီ စီးပွားရေးခွင်နှစ်ခွင် ရောထွေးနေသော စီးပွားရေးတွင် ဆိုခဲ့ပါ အသံညှိစက်၊ မီးရှိန်ညှိစက်သည် မည်သို့ အလုပ်လုပ်မည်နည်း ဟူ၍ကား ပုံသေကားကျ မပြောနိုင်ပါ။ အခက်အခဲတွေ အတော်ရှိလိမ့်မည်ဟူ၍သာ ယေဘုယျပြောနိုင်ပါမည်။

**မနမဂ္ဂဇင်း**
အတွဲ ၄၊ အမှတ် ၁၊ ဇွန်လ ၁၉၉၃ ခုနှစ်။

◀ ▲ ▶

# အာခီလိစ်၏ ခြေဖနောင့်ကိုအားပြည့်ခြင်း

ဆိုဗီယက်ယူနီယံဟူသော အင်ပါယာကြီး ပြိုကွဲသွားပြီးသည့်နောက် 'ဈေးကွက်စီးပွားရေး' ဆိုသောစကားသည် သမိုင်းတွင် တစ်ခါဖူးမျှ မကြုံဖူးအောင် အလွန်ပင် ခေတ်စားလာသည်။ ရုရှနှင့် အရှေ့ဥရောပတို့တွင်လည်း ဤစကား၊ ကျန်ဆိုရှယ်လစ်နိုင်ငံတို့တွင်လည်း ဤစကား၊ တတိယ ကမ္ဘာ့နိုင်ငံတို့တွင်လည်း ဤစကား၊ အရှေ့အာရှ တောင်အာရှနိုင်ငံတို့၌လည်း ဤစကား၊ အရှေ့အလယ်ပိုင်း ဒေသတို့၌လည်း ဤစကား၊ အာဖရိကတိုက်၌လည်း ဤစကား၊ တောင်အမေရိကတိုက်၌လည်း ဤစကား၊ ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင်ကား ဆိုဖွယ်ရာမရှိတော့။

ဤသို့ ခေတ်စားလာရသည်မှာလည်း သိကြသည့်အတိုင်း ဈေးကွက်စီးပွားရေးစနစ်ကို ဗဟိုမဏ္ဍိုင်ပြု၍ စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့ကို နိုင်ငံအများအပြား၌ ပြုလုပ်နေကြရသောကြောင့် ဖြစ်၏။

ထို့အပြင် ဈေးကွက်စီးပွားရေးစနစ် အနည်ထိုင်အသားကျပြီးသား နိုင်ငံတို့၌လည်း တွေ့ကြုံနေရသော စီးပွားရေးကျဆင်းမှုတို့ကို ဈေးကွက်စီးပွားရေးစနစ်တွင် လူးလွန့်လှုပ်ရှား ဂနာမငြိမ်မှုတို့ အနည်းဆုံးဖြစ်စေသော နည်းတို့ဖြင့် ကြံဆဖြေရှင်းနေကြရသောကြောင့် ဖြစ်သည်။

ဤအခြေအနေတွင် ယခုတစ်မျိုး ခေတ်စားလာပြန်သည်။ 'အလုပ်ကျင့်ဝတ်နီတိ' (work ethics) နှင့် 'စီးပွားရေးကျင့်ဝတ်နီတိ' (business ethics) ဆိုသော အကြောင်းအရာနှစ်ပါးပင် ဖြစ်၏။ ဤအကြောင်းအရာနှစ်ပါးသည် စီးပွားရေးပညာရှင်များက ယခုတလော အရေးတကြီးထား၍ ကိုင်တွယ်လေ့လာသော ဘာသာရပ်များ ဖြစ်နေသည်။ နိုင်ငံခြားစီးပွားရေး

စာနယ်ဇင်းတို့ကလည်း မကြာခဏ အရေးပေးဖော်ပြနေကြသည်ဖြစ်၍ ဤအကြောင်းအရာနှစ်ရပ်ကို မသိထားလျှင် ခေတ်မမီဟု ဆိုလာနိုင်သည်။ အထွေထွေသော ဈေးကွက်စီးပွားရေးပြဿနာတို့တွင် ဤအကြောင်းအရာနှစ်ရပ်သည် ထိပ်တန်းတက်လာသည်။

**အာခီလိစ်ဖနောင့်**

အရှေ့အာရှမှ 'နဂါးများ'နှင့် 'ကျားများ'ဟု အမည်ရလာသောနိုင်ငံတို့သည် စီးပွားရေးအရ တစ်ဟုန်ထိုး ခုန်ပျံတိုးတက်နေသည်မှာ မျက်မြင်ပင်။ ဤသို့ ဘာကြောင့် ခုန်ပျံတိုးတက်ရသနည်းဟု အကြောင်းရင်းကို ရှာလျှင် အကြောင်းတရားတွေ တစ်ပြုံတစ်ခေါင်းကြီး ရှိပါလိမ့်မည်။ ထိုအထဲမှနေ၍ ပညာရှင်အများအပြားက ရှေးတရုတ်သုခမိန်ကြီး ကွန်ဖျူးရှပ်နီတိကို ဆွဲထုတ်ယူပြီး မီးမောင်းထိုးပြလာသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ဤသို့ပြုရာမှ တစ်ပြင်လုံးခြုံငုံပြီး အထက်တွင် ဖော်ပြသော အလုပ်ကျင့်ဝတ်နီတိနှင့် စီးပွားရေးကျင့်ဝတ်နီတိများအကြောင်းတို့ကို ဆက်စပ်၍ လေ့လာသုံးသပ်ဖော်ပြလာကြသည်။

လိုရင်းပြောလျှင် အရှေ့အာရှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တစ်နည်းအားဖြင့် ကွန်ဖျူးရှပ်နီတိသည် အကျိုးတရားကြောင့်ဟု ဆိုခြင်းဖြစ်သည်။ ကွန်ဖျူးရှပ်နီတိသည် မည်သည့်အလုပ်ကိုဖြစ်စေ အလုပ်ကြိုးပမ်းမှုကို ဟောသည်။ အသိုက်အဝန်း (community) အပေါ် ချစ်ခင်အားကိုးစိတ်ကို ဟောသည်။ တစ်ဦးအပေါ်တစ်ဦး ယုံကြည်စိတ်ချမှုကို ဟောသည်။ အရှေ့အာရှရှိ တရုတ်နွယ်ဖွားတို့သည် ဤမည်သော ကွန်ဖျူးရှပ်နီတိတို့ကို တရိုတသေလိုက်နာကြ၍ ကြီးပွားခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နွယ်ဖွားတို့ရှိရာ ဒေသတို့၌ ဘုံကျောင်းတွေရှိခြင်း၊ ဘုံလူကြီး တို့နှင့် ဘုံကျောင်းတို့ကို အားကိုးကြခြင်း၊ သူတို့ကိုယ်တိုင်ကလည်း ရိုင်းပင်းကူညီကြခြင်း၊ အလုပ်ကြိုးစားကြခြင်း၊ အရင်းအနှီးစုဆောင်းကြခြင်း စသည်တို့သည် ကွန်ဖျူးရှပ်နီတိ၏ သရုပ်သကန်များဟု သတ်မှတ်နားလည်ကြပါသည်။

ဤအချက်ကို မိုငြမ်းသောပညာရှင်တို့က အလုပ်ကျင့်ဝတ် နီတိနှင့် စီးပွားရေးကျင့်ဝတ်နီတိတို့သည် ဘာသာတရား ယဉ်ကျေးမှုတို့တွင် အခြေအမြစ်ရှိသည်ဟု ယူဆပြီး သမိုင်းကို လှန်ကြသည်။ ဤသို့လှန်ရင်း ဈေးကွက်စီးပွားရေးသည် တစ်ကမ္ဘာလုံး၌ မတူညီ ခြားနားသော ဘာသာရေးယဉ်ကျေးမှုဝန်းကျင် ခြောက်ရပ်တွင် အသီးသီးလည်ပတ် ခုတ်မောင်းနေရကြောင်း ထောက်ပြကြသည်။

ဘာသာရေးယဉ်ကျေးမှုခြောက်ရပ် ဆိုသည်မှာ (၁) ခရစ်ယာန်ယဉ်ကျေးမှု (ဥရောပနှင့် အမေရိကတိုက်)၊ (၂) ကွန်ဖျူးရှပ်ဘာသာ ယဉ်ကျေးမှု (အရှေ့အာရှ)၊ (၃) ဗုဒ္ဓဘာသာယဉ်ကျေးမှု (အရှေ့အာရှတောင်ပိုင်း)၊ (၄) ဟိန္ဒူဘာသာယဉ်ကျေးမှု (အိန္ဒိယတိုက်ငယ်)၊ (၅) အစ္စလာမ်ဘာသာယဉ်ကျေးမှု (အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်)၊ (၆) ဘာသာရေးကင်းသော ယဉ်ကျေးမှု (secular culture) တို့ ဖြစ်သည်။

အချို့က အလုပ်ကျင့်ဝတ်နီတိနှင့် စီးပွားရေးကျင့်ဝတ်နီတိနှစ်ပါးတို့သည် သမိုင်းကြောင်းအရ ဘာသာရေး၌ အမြစ်တွယ်ခဲ့စေကာမူ ယခုအခါ၌ ဘာသာရေးနှင့် အဆက်အစပ်သည် မှေးမှိန်သွားပါပြီဟူ၍လည်းကောင်း၊ ပြတ်တောက်သွားပါပြီဟူ၍လည်းကောင်း သုံးသပ်ကြသည်။

မည်သို့ပင်ဆိုစေ အဆိုပါ နီတိနှစ်ပါးကို အလေးထား ကိုင်တွယ်လာကြခြင်းကပင် ဈေးကွက်စီးပွားရေးကျင့်ဝတ် သိက္ခာပိုင်းဆိုင်ရာ မျက်နှာစာ (moral dimension of market economy) အကြောင်းကို အာရုံစူးစိုက်အလေးပေးရန် မည်မျှလိုအပ်ကြောင်းကို ပြဆိုသည့်သဘော ဖြစ်တန်ရာသည်။

ဤပြဿနာနှင့် စပ်လျဉ်း၍ အကြောင်းတစ်ပါးကလည်း အဓိကစေ့ဆော်ချက်အဖြစ် ပါဝင်ပတ်သက်လာပါသည်။ ဤအကြောင်းမှာ ဆိုရှယ်လစ်စနစ် နိဂုံးချုပ်လာသည့်အခါ၌ အရင်းရှင်စနစ် (တစ်နည်းပြောလျှင် ဈေးကွက်စီးပွားရေးစနစ်) သည် ထီးထီးကြီးကျန်ကာ တစ်ကောင်တည်းပြေးနေရသော အချက်ဖြစ်၏။

ထိုအခြေအနေတွင် အရင်းရှင်စနစ်၏ ရှေ့အလားအလာနှင့် အရှည်တည်တံ့နိုင်မှုတို့ကို စစ်ဆေးဝေဖန်ကြည့်ထားရန် လိုပါလိမ့်မည်။ အရင်းရှင်

စနစ်၏ အားသာချက်နှင့် အားနည်းချက်တို့ကို လည်းကောင်း၊ အရပ်ရပ် စိန်ခေါ်မှုတို့ကို တုံ့ပြန်နိုင်စွမ်းအား (ကိုယ်ခံအား) တို့ကို လည်းကောင်း မှတ်ကျောက်တင် စစ်ဆေးထားရန် လိုပါလိမ့်မည်။ ဤလိုအပ်ချက်တို့ကို နှလုံးမူမိကြ၍ ပညာရှင်သုတေသီတို့က အထက်တွင် ဖော်ပြသော ကျင့်ဝတ် နီတိနှစ်ပါးကို ကိုင်တွယ်သုံးသပ်ကြခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

စင်စစ်၌လည်း ဤကျင့်ဝတ်နီတိနှစ်ပါးသည် ဈေးကွက်စီးပွားရေး စနစ်၏ 'အာခီလိစ်ခြေဖနောင့်' (Achilles's heel) * ဖြစ်နေပေသည်။ အဓိပ္ပာယ်မှာ ဤနီတိနှစ်ပါးသည် ဈေးကွက်စီးပွားရေး၏ 'အားအနည်းဆုံး နေရာ' ဟု ဆိုလိုသည်။ သိကြသည့်အတိုင်း ဈေးကွက်စီးပွားရေးတွင် အမြတ်ရ ရှိရေးနှင့် ကိုယ်ကျိုးကို အဓိကထားပေသည်။ အမြတ်နှင့် ကိုယ်ကျိုးအတ္တတို့ သည် ကျင့်ဝတ်သိက္ခာနှင့် ညီမညီဟုဆိုသော ပြဿနာမှာ ရှေးပဝေသဏီ ကတည်းကပင် ရှိခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘာသာတရားအသီးသီး ကလည်း အဆုံးအမ အမျိုးမျိုး ဟောခဲ့သည်။

## နေတိုးပွားမှုသာ

သို့သော်လည်း အမေရိကန်၌ ဈေးကွက်စီးပွားရေး ထွန်းကားလာ ခဲ့ခြင်းမှာ ဈေးကွက်စီးပွားရေးစနစ်က သူ့သဘောသူဆောင်ပြီး ဘာသာရေး သြဇာတို့နှင့် ကင်းရှင်း၍ သင့်တင့်လျောက်ပတ်သော အလုပ်နီတိတရားများ၊ စီးပွားရေး နီတိတရားများ ထွန်းပေါ်လာခြင်းကြောင့်သာ ဖြစ်ပေသည်။

ယခု အမေရိကန်မှ အစပြု၍ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတို့တွင် ကော်ပို ရေးရှင်းကြီးများ ထွန်းကားနေသဖြင့် စီးပွားရေးကျင့်ဝတ်နီတိ ဆိုသည်မှာ ထိုနိုင်ငံများအဖို့ ဧကန် ကော်ပိုရေးရှင်းကြီးတို့၏ ကျင့်ဝတ်နီတိတို့ကို ရည် ညွှန်းပေသည်။ ယင်းကို corporate ဟု ခေါ်ကြ၏။ အလုပ်ကျင့်ဝတ်

---

*ခေါမဒဏ္ဍာရီတွင် 'သူတစ်ပါးသတ်၍ မသေနိုင်သော ကိုယ်ခံ စွမ်းအားရှင်လူစွမ်းကောင်းကြီး အာခီလိစ်၏ သေနိုင်သော 'အားနည်းချက်' (ဝါ) 'ပျော့ကွက်' သည် သူ၏ခြေဖနောင့်တွင်သာ ရှိသည်ဟုဆိုသည်။

နီတိ ဆိုသည်မှာ ဤဧရာမ ကော်ပိုရေးရှင်းကြီးတို့တွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားပေါင်းစုံ၊ အလုပ်အလွှာပေါင်းစုံ၏ ကျင့်ဝတ်နီတိတို့ကို ဆိုလိုသည်။

ကိုယ်ကျိုးနှင့် အတ္တကို အခြေခံသောကြောင့် ဈေးကွက်စီးပွားရေး (ဝါ) အရင်းရှင်စနစ်သည် ပင်ကိုသဘာဝအားဖြင့် ကျင့်ဝတ်သိက္ခာအရာ၌ ညံ့ဖျင်းသည်ဟု ဝေဖန်သူတို့က သုံးသပ်ခဲ့ကြ၏။ ကိုယ်ကျိုးအတ္တကို မွေးပြီး ပြိုင်ကြဆိုင်ကြသောကြောင့် တစ်ဦး၏အနိုင်သည် တစ်ဦး၏အရှုံး ဖြစ်လေရာ ခြုံလိုက်လျှင် အကျိုးရလဒ်သည် သုညသာဖြစ်သည်။ ကစားပွဲသည် သုညကစားပွဲ (zero-sum game) ဖြစ်သောကြောင့် အကျိုးမရှိဟု ဝေဖန်ခဲ့ကြသည်။

ဤနေရာ၌ ဈေးကွက်စီးပွားရေးကို ကာကွယ်ကြသူတို့က အချက်သုံးချက်ကို မီးမောင်းထိုးပြကြသည်။ ပထမအချက်မှာ ကျင့်ဝတ်နီတိအရာ၌ ညံ့ဖျင်းပါလျက် အရင်းရှင်စနစ်က ဆိုရှယ်လစ်စနစ်ထက် အဘယ်ကြောင့် သာလွန်သွားရသနည်း။ ဆိုရှယ်လစ်စနစ်က ဘာကြောင့် ပြိုကျသွားရသနည်း။ အရင်းရှင်နိုင်ငံတို့၌ ဓနအင်အားက ဘာကြောင့် တိုးပွားများပြားလာရသနည်း။

ဤမေးခွန်းများနှင့် ဆက်စပ်ပြီး စဉ်းစားလျှင် မငြင်းနိုင်သော အချက်တစ်ချက်မှာ ဈေးကွက်စီးပွားရေးစနစ်သည် ဓနကို ကြီးထွားစေခြင်းပင်ဖြစ်သည်။ ဆိုရှယ်လစ်နိုင်ငံတို့၌ ဓနအင်အား ဆုတ်ယုတ်ကျဆင်းသွားစေခဲ့သည်မှာလည်း အထင်အရှားဖြစ်၏။ ထိုအချက်ကို ထောက်ထား၍ စီးပွားရေးအနေအားဖြင့် သုံးသပ်ဝေဖန်လျှင် စိတ်ဆန္ဒ စေတနာအပေါ်မှာထက် အကျိုးရလဒ်အပေါ်မှာ အခြေခံကြည့်ပြီး ဝေဖန်သုံးသပ်မှ ဓမ္မဓိဋ္ဌာန်ကျမည်ဟု ပြောဆိုလာကြပါသည်။ အတိအကျဆိုလျှင် ကိုယ်ကျိုးအတ္တကို အခြေခံသဖြင့် အကျိုးရလဒ်သည် အညံ့ပေါ်ပေါက်လိမ့်မည်။ အဆိုးပေါ်လိမ့်မည်ဟု ဇကန်မပြောနိုင်ခြင်းပင် ဖြစ်ပေသည်။ ဓနသည် ရလဒ်အကျိုးဖြစ်စေရာသည်။ ဈေးကွက်စီးပွားရေးသည် ဓနကို ထွန်းကားစေခဲ့သည်ကား မငြင်းနိုင်ပေ။

ဈေးကွက်စီးပွားရေးစနစ်သည် ကိုယ်ကျိုးအတ္တကို အခြေခံသောကြောင့် ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှုများ ရှိနိုင်သည်မှာ တစ်ဖက်မှ

ကြည့်လျှင်လည်း မှန်ပါသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်၌ ဤသို့ ဖြစ်နိုင်ဖွယ်ရာ ဆိုးကျိုးတို့ကို တန်ပြန်ချေဖျက်သောအင်အား (countervailing tendencies) တို့ကလည်း တစ်ဖက်၌ အလိုအလျောက် အခါအား လျော်စွာ မွေးထုတ်ထားပြီး ရှိနေသည်ဟု ထောက်ပြကြသည်။

ဤသို့ တန်ပြန်အင်အားတို့မှာ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီပင် ဖြစ်ပေသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတို့က မတော်မတရား အမြတ်ယူပြီး ပရဟိတကို လျစ်လျူရှုကြလျှင် ဝယ်ယူစားသုံးသူတို့က မဝယ်ဘဲ နေလိုက်ကြရုံ၊ လျှော့ဝယ်လိုက်ကြရုံသာရှိ၏။ ထိုအခါ၌ အရောင်းမလိုက်သဖြင့် ဈေးနှုန်းတို့ကို ပြန်လျှော့ရပေမည်။ ဤသည်မှာ လွယ်ကူအောင် ပြောခြင်းသာ ဖြစ်ပါသည်။

သဘောတရားအရ နက်နက်နဲနဲပြောလျှင် ဈေးကွက်စီးပွားရေး ယန္တရားသည် အစွန်းရောက်မှုတို့ကို ပြန်လည်ချေဖျက်ပြီး ညှိနှိုင်းပေးနိုင်သော စွမ်းပကား (self-adjusting power) ရှိခြင်းပင် ဖြစ်လေသည်။

တစ်ဖက်၌လည်း ဒီမိုကရေစီစနစ်အရ အစွန်းရောက်မှုတို့ကို ဝေဖန်ကြခြင်း၊ အစွန်းရောက်မှုတို့ကို တားဆီးသော ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် စွမ်းဆောင်နိုင်ခြင်းတို့ကြောင့် ကိုယ်ကျိုးအတ္တမှ ပေါ်ထွက်လာဖွယ်ရာ ဆိုးကျိုးတို့ကို ဟန့်တားညှိပစ်နိုင်ပါသည်။ ထို့အပြင် ဤနေရာ၌ တရားဥပဒေအရ ဒဏ်ခတ်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားလိုက ထည့်သွင်းစဉ်းစားနိုင်သည်။

ယခုအခါ၌ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ဧရာမ ကော်ပိုရေးရှင်းကြီးတို့သည် လူမှုရေးတာဝန်ကို ထမ်းဆောင်သင့်သည်ဆိုသော အဆိုအမိန့်နီတိ (social responsibility of corporations) ကို ဗဟိုပြု၍ စီးပွားရေးကျင့်ဝတ်နီတိကိစ္စများအကြောင်းကို အချေအတင် ဆွေးနွေးလျက် ရှိကြပါသည်။ ထို့အပြင် ယနေ့ ကမ္ဘာ့စီးပွားရေးသည် ဧရာမ ကော်ပိုရေးရှင်းကြီးတို့က တစ်ကမ္ဘာလုံးကို ကွန်ယက်ဖြန့်လျက် ပတ်လျက် အလုပ်လုပ်ကိုင်နေသော အခြေဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း အဆိုပါကော်ပိုရေးရှင်းကြီးတို့က လိုက်နာအပ်သော ကျင့်ဝတ်တို့ကို သင့်တင့်စွာ ပြဋ္ဌာန်းနိုင်ရန် စိုင်းပြင်းလျက်ရှိပါသည်။

**ဗဟိုချက်မနှစ်ပါး**

စီးပွားရေးကျင့်ဝတ်နီတိများအကြောင်း အကြမ်းသဘော ရှင်းပြပြီးလျှင် အလုပ်ကျင့်ဝတ်နီတိများအကြောင်းကို ဆက်ပါရစေ။

'အလုပ်' သည် မွန်မြတ်သည်၊ အလုပ်သည် ကိုယ်ပိုင်ကြီးပွားဖို့ဖြစ်သည်။ အလုပ်လုပ်ခြင်းဖြင့် ဝင့်ဝါကြွားဝါနေနိုင်သည် စသည်ဖြင့် အလုပ်ကို အမြင်အမျိုးမျိုးဖြင့် ဂုဏ်တင်ခဲ့ကြသည်။

ဂျပန်၌ 'ကုမ္ပဏီလူ' (company's man) ဆိုသော စကားရပ်ခေတ်စားနေသည်။ ဂျပန်အလုပ်ကျင့်ဝတ်၌ အလုပ်သမားတစ်ဦးသည် အနှီကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ရလျှင် ယင်းကုမ္ပဏီအပေါ် တစ်သက်လုံးသံယောဇဉ်တွယ်သွားခြင်း၊ ယင်းကုမ္ပဏီ၏ အလုပ်သမားဆိုသည်ကို ဂုဏ်ယူခြင်းနှင့် အလုပ်မပြုတ်သည့် အခြေအနေတို့ကို ရည်ညွှန်းပြောဆိုခဲ့ကြသည်။ ကုမ္ပဏီ၏လူ တစ်သက်လုံးဖြစ်သွားပေသည်။ (နောက်ဆုံးရရှိသောသတင်းများအရ ဂျပန်၌ ဤသဘော ချွတ်ယွင်းလာသည်။)

စီးပွားရေးဖွံ့ဖြိုးလာကြသောအခါ အလုပ်အပေါ် သဘောထားများလည်း အပြောင်းအလဲ ဖြစ်လာကြသည်။ အလုပ်ကို အသက်ရှင်ရေးအတွက်နည်းလမ်းတစ်ခုအဖြစ် မိမိကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်ရေး (self-development) နည်းလမ်းအဖြစ်လည်း မြင်လာကြသည်။

ဆိုရှယ်လစ်စနစ်၌ကား အလုပ်ကို သဘောတရားဖြင့် ချည်ထား၏။ ဆိုရှယ်လစ်လုပ်သား သူရဲကောင်းများ ပေါ်ထွန်းရန် ကြိုးပမ်းခဲ့ကြသည်။ ယခု ဆိုရှယ်လစ်စနစ် ယိုင်လဲပြိုကျသွားသောအခါ ရုရှားနိုင်ငံ၌ အလုပ်ကျင့်ဝတ်နီတိတို့ကို နိုင်ငံရေးသဘောတရားဖြင့် ချည်ထားခြင်းကို ဖျက်လိုက်ရလေပြီ။ မည်သည့်အမြင်တို့ဖြင့် အလုပ်ကျင့်ဝတ်နီတိသစ်များကို အစားထိုးထူထောင်ကြမည်ဟူသည်ကိုကား မသိရပေ။

အလားတူစွာပင် စီးပွားရေးကျင့်ဝတ်နီတိမှာလည်း ရုရှတွင် အပြောင်းအလဲ ဖြစ်ရတော့မည်ဖြစ်၏။ ယခင်က နိုင်ငံတော်ပိုင်ဆိုင်မှုနှင့် အမိန့်ပေးစနစ်တို့ကို အခြေခံခဲ့သည်ဖြစ်၍ စီးပွားရေးကျင့်ဝတ်မှာ နိုင်ငံတော်၏အကျိုးပါတီ၏အကျိုးကို ဦးထိပ်ထားခဲ့ရပေသည်။ ဤသဘောသည် ပျက်သွားပြီ

ဖြစ်၍ ယခုအခါ ဈေးကွက်စီးပွားရေးကို အခြေခံကာ စီးပွားရေးကျင့်ဝတ် နီတိတို့ကို စမ်းသပ်ဖော်ထုတ်ကြရမည့် လက္ခဏာရှိပေသည်။ အခက်အခဲ တွေ အလွန်များပါလိမ့်မည်။

တတိယကမ္ဘာနိုင်ငံတို့တွင် အလုပ်ကျင့်ဝတ်နီတိနှင့် စီးပွားရေးကျင့် ဝတ် နီတိတို့သည် အသွင်တစ်မျိုးဖြင့် ထူးခြားစွာ ဂုဏ်အင်္ဂါဆောင်လိမ့်မည် ဟု တွက်ရသည်။ အထူးသဖြင့် ထိုနိုင်ငံများ၌ ဧရာမကော်ပိုရေးရှင်းကြီးများ ကလည်း မရှိသေး။ ယခုမှ ကုမ္ပဏီတို့ကို စမ်းတဝါးဝါးပြု၍ ထူထောင်နေ ကြရ၏။ ထို့အပြင် တရားဝင်လောက၏ အပြင်အပဖြစ်သော ခွင် (ဝါ) စည်းလွတ်ခွင်တွင် အသေးအမွှားအရွယ်အစားများဖြင့် စီးပွားရေးယူနစ်တို့က 'ပလား' နေကြသည်လည်းရှိ၏။

ထိုထိုသောအခြေအနေတွင် အထက်က ဖော်ပြခဲ့သော အလုပ်ကျင့် ဝတ် နီတိနှင့် စီးပွားရေးကျင့်ဝတ်နီတိကိစ္စတို့သည် မိမိတို့နှင့် မသက်ဆိုင် သလို မပတ်သက်သလို စိမ်းနေပါလိမ့်မည်။ ဤသည်မှာ အလုပ်နှင့် စီးပွား ရေး ကျင့်ဝတ်ပိုင်း၌ အားနည်းသည့် လက္ခဏာကို ပြဆိုသည်။

ဆက်စပ်ပြောရလျှင် တတိယကမ္ဘာနိုင်ငံတို့မှ ဈေးကွက်စီးပွားရေး ယန္တရားတို့သည် ဖော်ပြပါကျင့်ဝတ်နီတိ အားနည်းမှုတို့ကို အလိုအလျောက် ကျော်လွှားသွားစေနိုင်လိမ့်မည်။ တည့်မတ်အောင် ပြုလုပ်သွားနိုင်လိမ့်မည်ဟု ဧကန် ပြောဆိုနိုင်ဖို့ရာ ခက်နေသည်။

မည်သို့ပင်ရှိစေ ဈေးကွက်စီးပွားရေးစနစ်၏ ဗဟိုချက်မနှစ်ပါးဖြစ် သော စီးပွားရေးကျင့်ဝတ်နီတိနှင့် အလုပ်ကျင့်ဝတ်နီတိတို့သည် တိုးတက် ကောင်းမွန်ဖို့ရာ လိုအပ်သည်ကား အမှန်ပင်ဖြစ်ပါသည်။

**ခနမဂ္ဂဇင်း**

အတွဲ ၄၊ အမှတ် ၃၊ ဩဂုတ်လ ၁၉၉၃ ခုနှစ်။

# စတော့အိတ်ချိန်းနှင့် ဈေးကွက်စီးပွားရေးပြဿနာ

စာရေးသူသည် ပြဿနာကို ဤသို့ပုစ္ဆာထုတ်ပါသည်။

စတော့အိတ်ချိန်း မဖွံ့ဖြိုးမစည်ကားဘဲနှင့် ဈေးကွက်စီးပွားရေးသည် အတောင်အလက်စုံနိုင်ပါမည်လော၊ စည်ပင်ပြီး အောင်မြင်နိုင်ပါမည်လော။

ကမ္ဘာ့စီးပွားရေးအကြောင်း၊ ဒေသအလိုက် စီးပွားရေးအကြောင်း တို့ကို အစဉ်အမြဲ လေ့လာဖတ်ရှုနေသူတို့သည် ရင်းနှီးမြှုပ်နှံမှု (investment) ဆိုသော စကားကို နားမဆံ့အောင် ကြားသိနေကြရသည်။ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို အစုရှယ်ယာ စတော့ဈေးကွက် (stock exchange) အကြောင်းတို့ကိုလည်း ဖတ်ရှုနေကြရသည်။

မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းမရှိပေ။ စတော့အိတ်ချိန်း ယဉ်ကျေးမှုလည်း မရှိပေ။

မည်သို့ပင်ဖြစ်စေ အထက်တွင် ထုတ်ထားသော ပုစ္ဆာ၏ အဖြေကို တစေ့တစောင်း ချောင်းကြည့်နိုင်ရန်အလို့ငှာ၊ စာရေးသူက မကျဉ်းမကျယ် အပေါက်တစ်ပေါက်ကို ဖောက်ပေးလိုက်ပါသည်။

## အရင်းအနှီး ထွက်ပြေးပြီး ပြန်လာခြင်း

ရှင်းပြရမည့် အကြောင်းအရာမှာ တတိယကမ္ဘာနိုင်ငံအသီးသီးမှ အရင်းအနှီးများ ထွက်ပြေးခဲ့ခြင်း (flight of capital) အကြောင်းအရာ ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဤသို့ထွက်ပြေးခဲ့သော အရင်းအနှီးတို့ သည် ယခုအခါ မိခင်နိုင်ငံများဆီသို့ ပြန်လာကြသည့်အကြောင်းအရာကို လည်း ရှင်းပြဖို့ဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များထဲတွင် တတိယကမ္ဘာနိုင်ငံ အသီးသီးမှ

အရင်းအနှီးတို့သည် စီးပွားရေးကောင်းရာ ဒေသများဆီသို့ ပုံစံအမျိုးမျိုးဖြင့် ထွက်ပြေးခဲ့ကြကုန်၏။ တိုက်ရိုက်နည်းလမ်းဖြင့်တစ်ဖုံ၊ သွယ်ဝိုက်နည်းလမ်းဖြင့် တစ်မျိုး၊ တရားဝင်လမ်းကြောင်းဖြင့်ဖြစ်စေ မှောင်ခိုလမ်းကြောင်းဖြင့်ဖြစ်စေ အရင်းအနှီးများ ပြေးကြကုန်၏။ ယခုသော် ယင်းတို့ပြန်လာနေကြပြီ။

ဤအကြောင်းကို မကြာသေးမီ ထုတ်ဝေလိုက်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြပါရှိထားသည်။ ယင်းအစီရင်ခံစာကို 'ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအလားအလာများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ၁၉၉၃' ဟု ခေါင်းစဉ်တပ်ထားသည်။

တတိယကမ္ဘာနိုင်ငံတို့မှ အရင်းအနှီးများ ထွက်ပြေးစဉ်က ဘယ်လောက်အထိ များသနည်းဆိုမူ လက်တင်အမေရိကတိုက်မှ ထွက်ပြေးသော အရင်းအနှီးသည် လက်တင်အမေရိကတိုက်၏ ဂျီဒီပီခေါ် ကုန်ထုတ်တန်ဖိုးစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအထိ ရှိသည်။ အဲဒါများလှချည့်လားဟု မထင်နှင့်။ အာဖရိကတိုက်နိုင်ငံတို့မှ ထွက်ပြေးသော အရင်းအနှီးတို့သည် အာဖရိကတိုက် ဂျီဒီပီ၏ ၈၀ ရာခိုင်နှုန်းရှိသည်။ အရှေ့အလယ်ပိုင်းဒေသမှ အရင်းအနှီးထွက်ပြေးမှုသည် ဂျီဒီပီ အကုန်လောက်နီးပါးရှိသည်ဟု အဆိုပါကမ္ဘာ့ဘဏ်အစီရင်ခံစာက ဖော်ပြသည်။

သို့သော် ၁၉၈၉ ခုနှစ် နောက်ပိုင်းမှစ၍ အဆိုပါ 'ထွက်ပြေးအရင်းအနှီး' တို့သည် မိခင်နိုင်ငံများဆီသို့ ပြန်လာကြပြီးဖြစ်ကြောင်းကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ တစ်ဆက်တည်း၌ ဤသို့ပြန်လာကြသည့် အကြောင်းရင်းတို့ကိုလည်း သုံးသပ်ရှင်းလင်းထားသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ အကြောင်းတရားခြောက်ချက်ကို ဖော်ပြထားသည်။

(၁) တတိယကမ္ဘာနိုင်ငံတို့သည် အဓိကအားဖြင့် ပြည်ပကြွေးမြီ ထူထပ်မှုကြောင့် ဖိအားပေးခံရပြီး စီးပွားရေးပေါ်လစီတို့ကို လေးလေးနက်နက် ပြောင်းလဲလာကြရသည်။ ဤအချက်

နှင့် စပ်လျဉ်း၍ 'ကြွေးမြီဆိုင်ရာ အနှောင်အဖွဲ့' (debt-related duress) ဆိုသော အသုံးအနှုန်းကို သုံးစွဲသည်။

(၂) ဘတ်ဂျက် လိုငွေပြမှုတို့ကို လျှော့ချကြရသည်။

(၃) စီးပွားရေးတွင် အစိုးရ၏ ကဏ္ဍကို လျှော့ကြရသည်။ အထူးသဖြင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး အစီအစဉ်တို့ဖြင့် အစိုးရကဏ္ဍကို လျှော့ကြရသည်။

(၄) ပြည်တွင်းပြည်ပ ကုန်သွယ်မှုတို့တွင် စည်းကမ်းချုပ်ချယ်မှုတို့ကို လျှော့ချရုပ်သိမ်းပေးကြရသည်။ လွတ်လပ်ခွင့် ပေးလာရသည်။

(၅) ပြည်တွင်းပြည်ပ အရင်းအနှီး စီးဆင်းမှု (capital flows) ပေါ်တွင် ချုပ်ထိန်းထားသော ကွပ်ကဲမှုတို့ကို လျှော့ပေါ့ပေးလာကြရသည်။

(၆) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို တက်တက်ကြွကြွ ရှာဖွေ ဖိတ်ခေါ်ကြရသည်။ တစ်နည်းပြောလျှင် ရင်းနှီးမြှုပ်နှံသူများနှင့် မိတ်ဆွေဖွဲ့နိုင်သော ဝန်းကျင် (investor friendly) ကို မွေးကြရသည်။

ထွက်ပြေးသွားခဲ့သော အရင်းအနှီးတို့သည် အထက်ပါအကြောင်းတရား ခြောက်ချက်တို့ကြောင့် မိခင်နိုင်ငံများဆီသို့ ပြန်လာကြပေသည်။ သို့သော် အချို့နိုင်ငံတို့တွင် မဝံ့မရဲ အချို့နိုင်ငံတို့၌မူ အလာနည်းကြသည်။ ခြုံပြီးပြောလျှင်ကား တတိယကမ္ဘာနိုင်ငံများဆီသို့ အရင်းအနှီးများ ပြန်လာကြသည်က များပါသည်။

သို့သော် တတိယကမ္ဘာနိုင်ငံတို့သည် ပြန်၍ဝင်လာသော အရင်းအနှီးတို့ကိုသာ ဇစ်မြစ်တစ်ခုတည်းအဖြစ် အားထားကြရသည်မဟုတ်။ အိမ်ပြန်လာသော အရင်းအနှီးများအပြင် အခြားနည်းလမ်းတို့ဖြင့် နိုင်ငံခြားမှလာသော ငွေကြေးအရင်းအနှီးတို့သည်လည်း ၁၉၉၀ ပြည့်လွန်နှစ်များက စတင်ကာ လိုမ့်၍ရောက်လာကြပါသည်။

ဤနေရာတွင် ငွေပင်ငွေရင်း အမျိုးစုံအားလုံးကို 'ဘဏ္ဍာငွေ' (finance) ဟု ခြုံ၍ပြောကြောင်းကို သိထားဖို့လိုသည်။ ဘဏ္ဍာငွေ၌လည်း

အမျိုးအစားအမျိုးမျိုးရှိသည်။ ယေဘုယျအားဖြင့် အရင်းအနှီး (capital) ချေးငွေ (loans) နှင့် ထောက်ပံ့မှု (grant) ဟူ၍ သုံးမျိုးခွဲသည်။

အရင်းအနှီးကိုလည်း နှစ်မျိုးထပ်ခွဲပြန်သည်။ Foreign Direct Investment (FDI) ခေါ် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် Portfolio Investment (PI) ဟူ၍ ဖြစ်သည်။ 'အက်ဖ်ဒီအိုင်' (FDI) မှာ နိုင်ငံခြား အရင်းအနှီးပိုင်ရှင်တို့က (က) စက်မှုကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ (ခ) လယ်ယာလုပ်ငန်း၊ (ဂ) သတ္တုတူးဖော်ရေးလုပ်ငန်း၊ (ဃ) ရေနံလုပ်ငန်း၊ (င) လမ်းပန်းဆက်သွယ်ရေး စသော ဆောက်လုပ်ရေးလုပ်ငန်း၊ (စ) ဆက်သွယ်ရေးလုပ်ငန်း၊ (ဆ) ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ (ဇ) ဘဏ်လုပ်ငန်း အစရှိသည်တို့တွင် ပုံစံအမျိုးမျိုးဖြင့် တိုက်ရိုက်ဝင်ရောက်မြှုပ်နှံခြင်းတို့ကို ဆိုလိုသည်။

'ပီအိုင်' (PI) ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ငွေရင်းမြှုပ်နှံသူတို့က ငွေထုတ်ပိုက်ပြီး အစုရှယ်ယာများ၊ စတော့များ၊ အစိုးရက ထုတ်ဝေသော အာမခံစာချုပ်များ၊ အခြားငွေချေးစာချုပ်များကို 'ဝယ်ရောင်း'လာလုပ်ကြခြင်းတို့ကို ခေါ်သည်။ ဤအာမခံစာချုပ်နှင့် ငွေချေးစာချုပ်တို့ကို (bond and equity) ဟု ခေါ်သည်။

ဤသို့သော စတော့ရှယ်ယာနှင့် 'အီကွိတီ' (equity) တို့ကို 'ဝယ်ရောင်း' လုပ်ပြီး ရင်းနှီးမြှုပ်နှံနိုင်ဖို့ ဆိုသည်မှာ လာရောက်မြှုပ်နှံမည့်နိုင်ငံ၌ စတော့အိတ်ချိန်း (စတော့ရှယ်ယာဈေးကွက်) ဖွံ့ဖြိုးတိုးတက်နေဖို့ ကနဦးလိုသည်။ ပီအိုင် ရင်းနှီးမြှုပ်နှံမှုသည် ထုတ်လုပ်မှုလုပ်ငန်း၊တည်ဆောက်မှုလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံခြင်းမဟုတ်။ စတော့ရှယ်ယာနှင့် အီကွိတီဟု ခြုံ၍ခေါ်နိုင်သော ငွေချေးအာမခံစာချုပ်များ အရောင်းအဝယ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။ ဤလုပ်ငန်းတို့ကို အထူးဆောင်ရွက်ပြီး စီးပွားရှာနေကြသော ကော်ပိုရေးရှင်းကြီးများလည်း ကမ္ဘာအနှံ့၌ အမြောက်အမြားရှိ၏။ ၎င်းတို့ကို အဖွဲ့အစည်းဖြင့် ရင်းနှီးမြှုပ်နှံသူများ (institutional investors) ဟု ခေါ်ကြသည်။ သီးခြားဖြစ်စေရန်အလို့ငှာ ၎င်းတို့သယ်ယူလာသောငွေတို့ကို 'ဘဏ်မဟုတ်သောငွေ' (non-bank mone) ဟု ကမ္ဘာ့

ဘဏ်က အမည်ပေးထားသည်။ 'ပေ့ါဖိုလီယို စီးဆင်းမှု' (portfolio flow) ဟုလည်း ခေါ်သည်။

၁၉၉၁ နှင့် ၁၉၉၂ ခုနှစ်များထဲတွင် တတိယကမ္ဘာနိုင်ငံများဆီသို့ အဆိုပါပေ့ါဖိုလီယိုစီးဆင်းမှု (စတော့နှင့်အီကွိတီများ ဝယ်ယူမြှုပ်နှံမှု) သည် အမေရိကန်ဒေါ်လာ ဘီလျံ ၂၀ မှ ၃၅ ဘီလျံဖိုးအထိ တိုးတက်ခဲ့သည်။ အထူးသဖြင့် လက်တင်အမေရိကနိုင်ငံတို့တွင် အထူးတိုးတက်ခဲ့ရာ ဒေါ်လာ သန်းပေါင်း ၃၄၃ ဖိုးမှ ဘီလျံ ၅.၆ ဖိုးအထိ ၁၀ ဆ မြင့်တက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ်တို့ ကလည်း ပေ့ါဖိုလီယို စီးဆင်းမှုကို အားပေးခဲ့သည်။ အားပေးပုံမှာ လက်တင် အမေရိကတိုက်မှ နိုင်ငံခြားကြွေးမြီတို့ကို သက်ဆိုင်ရာ မြီစားနိုင်ငံမှ ထုတ် ဝေသော ငွေချေးအာမခံစာချုပ်များကို ဖလှယ်စေသောနည်းဖြစ်သည်။ ၎င်းကို equity swaps ဟု ခေါ်သည်။ မြီရှင်ဟု မြီစားနိုင်ငံတို့မှ အာမခံငွေချေး စာချုပ်များ ကြွေးဖြင့် ဝယ်ယူခွင့်ပြုသည့် သဘောဖြစ်သည်။ ဥပမာ ကျပ် တစ်သန်းဖိုး အကြွေးလျှင် ကျပ်တစ်သန်းတန် အာမခံငွေချေးစာချုပ်တို့ကို ပေးလိုက်သည့်သဘောဖြစ်သည်။ မြီရှင်က အချိန်စေ့လျှင် အရင်းရော အတိုးပါ ထုတ်ယူရန် ဖြစ်သည်။ အချိန်မစေ့သေးလျှင်လည်း ပြန်ရောင်းနိုင်သည်။

အထက်တွင် အရင်းအနှီးများ ထွက်နေရာမှ ပြန်ဝင်လာကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ထူးဆန်းသည်မှာ ဤသို့ အမိ နိုင်ငံများဆီသို့ ပြန်ဝင်လာသော အရင်းအနှီးတို့သည် အက်ဖ်ဒီအိုင် ပုံစံဖြင့် ပြန်ဝင်ကြခြင်းကနည်းပြီး ပေ့ါဖိုလီယို စီးဆင်းမှုအဖြစ် ပြန်ဝင်လာကြခြင်း က များသောအချက် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထုတ်လုပ်မှုလုပ်ငန်းနှင့် တည်ဆောက်မှု လုပ်ငန်းတို့တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း အလွန်နည်း ကြပြီး စတော့ရှယ်ယာ၊ ဘွန်းအီကွိတီနှင့် အခြားအာမခံငွေချေးစာချုပ်တို့ တွင် ရောင်းဝယ်ဖောက်ကားရန်အလို့ငှာ ပြန်လာကြခြင်းက များနေခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ကမ္ဘာ့ဘဏ် အစီရင်ခံစာ၏ အက်ဖ်ဒီအိုင်ခေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပီအိုင်ခေါ် ပေ့ါဖိုလီယို ရင်းနှီးမြှုပ်နှံမှု နှစ်ရပ်တွင်

ပေါ့ဖိုလီယို ရင်းနှီးမြှုပ်နှံမှုတို့က တတိယကမ္ဘာ့နိုင်ငံများဆီ အဝင်များလာခြင်းကို ထူးခြားသော အသွင်လက္ခဏာအဖြစ် ဖော်ပြထားခြင်းဖြစ်သည်။

တတိယ ကမ္ဘာနိုင်ငံများဆီသို့ အက်ဖ်ဒီအိုင် ရင်းနှီးမြှုပ်နှံမှုတို့လည်း ၁၉၉၁ ခုနှစ်မှ စ၍ များလာပါသည်။ ၁၉၉၁ ခုနှစ် တတိယကမ္ဘာနိုင်ငံများဆီသို့ ဘဏ္ဍာငွေစီးဆင်းမှုသည် ဒေါ်လာ ၁၀၅. ၃ ဘီလျံဖိုး ရှိလာသည်။ ၁၉၈၁ ခုနှစ်၌ တတိယကမ္ဘာသို့ ရောက်သော ဘဏ္ဍာငွေမှာ ဒေါ်လာ ၁၅၆ ဘီလျံဖိုး သတ်မှတ်ခဲ့သည်။ ထိုအနက် အက်ဖ်ဒီအိုင်သည် ၁၉၈၁ ခုနှစ်၌ ၈. ၃ ရာခိုင်နှုန်းရှိရာမှ ၁၉၉၁ ခုနှစ်တွင် ၁၆. ၅ ရာခိုင်နှုန်း ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်မျိုးတွင် ပေါ့ဖိုလီယို ရင်းနှီးမြှုပ်နှံမှု (အစုရှယ်ယာ၊ စတော့အီကွီတီများတွင် ရင်းနှီးမြှုပ်နှံမှု) က ပို၍ဖွံ့ဖြိုးတိုးတက်နေသည်ဖြစ်၍ 'ဘွန်းစန်းပွင့်မှု' (bond boom) ဟူ၍ပင် ပြောစမှတ်ဖြစ်နေသည်။

ဘွန်းစန်းပွင့်မှုဖြစ်ပွားရာဒေသတို့မှာ စတော့အိတ်ချိန်းထွန်းကားရာ တတိယကမ္ဘာနိုင်ငံတို့တွင် ဖြစ်၏။ စတော့အိတ်ချိန်းမရှိရာ မထွန်းကားရာ နိုင်ငံတို့သည် ဘွန်းစန်းပွင့်မှု၏ အသီးအပွင့်တို့ကို မခံစားလိုက်ကြရပေ။

တတိယကမ္ဘာနိုင်ငံများဆီသို့ ဝင်ရောက်သော ဘဏ္ဍာငွေတွင် ချေးငွေများလည်းပါ၏။ ချေးငွေတွင် သုံးမျိုးသုံးစားရှိ၏။ ယင်းတို့မှာ (၁) အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ချေးငွေ၊ (၂) ကူးသန်းရောင်းဝယ်ရေးဘဏ်တို့က ချေးငွေနှင့် (၃) ကုန်ပစ္စည်းမှာယူသူနှင့် ထောက်ပံ့သူတို့၏ ချေးငွေ (suppliers and export credit) ဟူ၍ဖြစ်၏။

အဆိုပါချေးငွေသုံးမျိုးစလုံးသည်လည်း ၁၉၉၁ ခုနှစ်မှစ၍ တိုးပွားခဲ့သည်။ သို့ရာတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့၏ ချေးငွေသည် အချိုးအစားအားဖြင့် ကျဆင်းသွားခဲ့သည်။ ၁၉၈၁ ခုနှစ်၌ ဘဏ်ချေးငွေတို့မှာ စုစုပေါင်း ဘဏ္ဍာငွေ၏ ၄၆. ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် ၁၇. ၄ ရာခိုင်နှုန်းသို့ ကျသွားခဲ့သည်။

ဘဏ်ချေးငွေသည် အတိုးအန္တရာယ်များပေသည်။ ဘဏ်တိုးတို့သည် နေ့ချင်းညချင်း ထောင်တက်သွားတတ်လေရာ ဘဏ်ချေးငွေများသော တတိယ

ကမ္ဘာ့နိုင်ငံအချို့ အထိနာခဲ့သည်။ အတိုးတွေများလာပြီး ဘဏ်ချေးငွေ ပြန်မဆပ်နိုင်ခဲ့၍ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က ဝင်ရောက်ဖြေရှင်းပေးခဲ့ကြရသည်။

အထက်ပါတို့ကား ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသော တတိယကမ္ဘာနိုင်ငံများဆီသို့ စီးဆင်းသည့် ငွေကြေးဘဏ္ဍာအရင်းအနှီးတို့၏ ပုံသဏ္ဍာန်ပင်တည်း။ တတိယကမ္ဘာနိုင်ငံများဆီသို့ ဆိုခဲ့ပါအတိုင်း နိုင်ငံခြားမှ ငွေပင်ငွေရင်းများ ရောက်ရှိလာခဲ့ကြပါ၏။ ရှေ့ဆက်၍ တိုးသည်ထက်တိုးပြီး ရောက်ရှိလာရန်မှာ သက်ဆိုင်ရာ တတိယကမ္ဘာနိုင်ငံအသီးသီး၌ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမည့်သူများနှင့် မိတ်ဖက် ခင်မင်နိုင်သော ပေါ်လစီတို့ကို မည်သည့်အတိုင်းအတာအထိ မည်မျှကြာရှည်အောင် ချမှတ်နိုင်မည်နည်းဆိုသော အချက်ပေါ်တွင် တည်ပါလိမ့်မည်။

မိတ်ဖက်ခင်မင်သော ပေါ်လစီများကြောင့် ရောက်ရှိလာကြမည့် နိုင်ငံခြားအရင်းအနှီးတို့ကလည်း ပေ့ါ်ဖိုလီယို ရင်းနှီးမြှုပ်နှံမှု (စတော့ရှယ်ယာ အီကွီတီဈေးကွက်) ဘက်တွင် ပို၍အားသန်မည့် နိမိတ်လက္ခဏာ ပြနေလေသောအခါ ထိုသို့ပြသောလက္ခဏာနှင့်အညီ ဆွဲဆောင်မြှူဆွယ်နိုင်ရန် အလို့ငှာ စတော့အိတ်ချိန်း မလိုအပ်ပေဘူးလားဟု စဉ်းစားစရာ ဖြစ်လာပါသည်။ အကွက်မြင်သည့်နိုင်ငံတို့က ဤဘက်ခြေလှမ်းလှမ်းနေကြ၏။

စတော့အိတ်ချိန်းကို ဈေးကွက်စီးပွားရေး၏ ကျောထောက်နောက်ခံ တစ်ပါးအဖြစ် မြင်အပ်လျှင် ဤဘက်ခြေလှမ်းလှမ်းထားနိုင်ရန် ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မည်။ ရှိစေတော့။

ဤဆောင်းပါးကိုရေးရင်း အထက်တန်းတွင် စာသင်စဉ်က စတော့ရှယ်ယာအတွက်အချက်တို့ကို ဂဏန်းသင်္ချာပညာ၌ သင်ကြားခဲ့ရသည်ကို သွားအမှတ်ရမိသည်။

**မနမဂ္ဂဇင်း**

အတွဲ ၄၊ အမှတ် ၅၊ အောက်တိုဘာလ ၁၉၉၃ ခုနှစ်။

# ပေါင်းစည်းမှုဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ

မျက်မှောက်ခေတ်၏ ထူးဆန်းသော ဖြစ်ထွန်းမှုတို့ကို မျက်ဝါးထင်ထင် တွေ့ကြုံရသည့်အတွက် တအံ့တသြဖြစ်ကြရကုန်၏။ ဤဖြစ်ထွန်းမှုတို့ကို မီလိုက်သည့်အတွက် 'ကံကောင်းပါကလား' ဟု ကျိတ်၍ တွေးမိကြသည် လည်း ရှိနိုင်ပါသည်။ ဖြစ်ထွန်းမှုတို့သည် ရှုပ်ထွေးလွန်းလှပြန်သောအခါ နားမလည်နိုင်လောက်အောင် ဖြစ်ကြရသည်လည်း ရှိသည်။

ထူးထူးကဲကဲတွေ ထူးထူးဆန်းဆန်းတွေ အလွန်ဖြစ်နေသော ခေတ် သမယတွင် သီအိုရီသမားတို့သည်လည်း အမီမလိုက်နိုင်ဘဲ ဖြစ်ကြရသည်။ မူလ သီအိုရီထဲမပါသော ဖြစ်ရပ်တို့သည် မမျှော်လင့်ဘဲ ပြုန်းစားကြီးဖြစ်လာ ကြကုန်၏။ ဖြစ်လာပုံမှာလည်း အလွန်မြန်ပြီး အလွန်ရှုပ်ထွေးလှကုန်၏။ သာမန် ရိုးရိုးစင်းစင်းဖြစ်သည်က မရှိသလောက်ပင်။ အလွန်မြန်၊ အလွန်ရှုပ်၊ အလွန်ထူးဆန်းသော ဖြစ်ထွန်းမှုတို့ကို သီအိုရီတွေ ထုတ်ကြည့်ဖို့ အချိန်မရ ကြ။ အရှိနှင့် လက်တွေ့တို့ကို အတတ်နိုင်ဆုံး ဓမ္မဓိဋ္ဌာန်ကျကျကြည့်ပြီး သုံးသပ်လေ့လာကြရုံသာ ဖြစ်နေသည်။ ဤကား နိဒါန်းတည်း။

အဓိကတင်ပြလိုသော အကြောင်းအရာမှာ 'ပေါင်းစည်းမှုပြဿနာ' (the problem of integration) ဖြစ်သည်။ ပေါင်းစည်းမှုတွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့ ပါဝင်ကြကုန်သည်။ ထို့ကြောင့် အကြောင်းအရာ သည် ပေါင်းစည်းမှုဆိုင်ရာ နိုင်ငံရေးဘောဂဗေဒ (political economy of integration) အကြောင်းဟု ဆိုရမည်။

မျက်မှောက်ခေတ်တွင် ထူးခြားသော ပေါင်းစည်းမှုသုံးရပ်သည် သမိုင်းတွင်လောက်အောင် အစီအရီ ပေါ်ပေါက်ဖြစ်ထွန်းနေသည်။ ၎င်းတို့မှာ

၁။ အနောက်ဂျာမနီနှင့် အရှေ့ဂျာမနီ ပေါင်းစည်းမှု
၂။ တရုတ်ပြည်နှင့် ဟောင်ကောင်ကျွန်း ပေါင်းစည်းမှု
၃။ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ပေါင်းစည်းမှုတို့ ဟူ၍ ဖြစ်ကြသည်။

သာမန် အပေါ်ယံအားဖြင့် ကြည့်လျှင် ဤပေါင်းစည်းမှုသုံးရပ်သည် တစ်နိုင်ငံတည်း ပြန်လည်ပေါင်းစည်းမှုတို့ ဖြစ်ကြ၏။ (တရုတ်ပြည်နှင့် တိုင်ပေကျွန်း ပေါင်းစည်းရေးကိစ္စကိုမူ လောလောဆယ်၌ ခေတ္တခဏ ချန်ထားပါရစေ)။

သို့ရာတွင် နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးကြည့်လျှင် တစ်နိုင်ငံတည်း ပြန်လည်ပေါင်းစည်းရေးသာမက မတူညီသော စီးပွားရေးနှစ်ခု ပေါင်းစည်းရေးလည်း ပါ၏။ တစ်နည်းပြောလျှင် စီးပွားရေးစနစ်တစ်ခုတည်းဖြစ်အောင် ပြုရ၏။ ထို့ပြင် မတူသော နိုင်ငံရေးစနစ်နှစ်ခု ပေါင်းစည်းရေး (ဝါ) တစ်ခုတည်းဖြစ်ရေးလည်း ပါသည်။ ထို့ကြောင့် ပြဿနာတွေ အလွန်ရှုပ်လှသည်။ ခက်လှသည်။ မလွယ်ပေ။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ပေါင်းစည်းရေးမှာ နှစ်ဖက်စလုံးက အလောသုံးဆယ်မဖြစ်ကြ။ အချိန်ယူကြရမည်ဟု ပြောနေကြသည်။ အထူးသဖြင့် တောင်ကိုရီးယားက စရိတ်ကြီးလှသော ဂျာမန်နှစ်နိုင်ငံ ပေါင်းစည်းရေး အတွေ့အကြုံကို ကြည့်ပြီး ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရန် လန့်နေသည်၊ တွန့်နေသည်၊ ချက်ချင်းမလုပ်လိုပေ။

ထို့ကြောင့် ယခုဆောင်းပါးက အနောက်ဂျာမနီနှင့် အရှေ့ဂျာမနီ ပေါင်းစည်းရေးနှင့် တရုတ်ပြည်နှင့် ဟောင်ကောင်ကျွန်း ပေါင်းစည်းရေးတို့ကိုသာ နှိုင်းယှဉ်လေ့လာတင်ပြရန် ဖြစ်လာသည်။ စာဖတ်သူတို့က သင့်သလို ဆင်ခြင်ကြည့်ဖို့ဖြစ်၏။

ရှေးဦးစွာ ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းရေးကိစ္စကို ကြည့်ကြစို့။ ဤသို့ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရသည်။

(၁) အရှေ့ဂျာမနီနိုင်ငံရေးစနစ်သည် ယိုင်လဲပြိုကျသွားသည်။

ဆိုဗီယက်ယူနီယံ ပြိုကျသွားသည်နှင့်အတူ ရှေ့ဆင့်နောက်ဆင့် ပြိုကျသွားခဲ့သည်ကို စာဖတ်သူတို့ သိပြီးဖြစ်ကြသည်။

(၂) အရှေ့ဂျာမနီတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ချက်ချင်းကျင့်သုံးကာ ရွေးကောက်ပွဲ ပြုလုပ်ခဲ့သည်။

(၃) ဤရွေးကောက်ပွဲကြောင့် ကွန်မြူနစ်တွေ အရေးနိမ့်သွားသည်။ အနောက်ဂျာမနီနှင့် ပေါင်းစည်းရန် လိုလားသော နိုင်ငံရေးပါတီများ အောင်ပွဲခံလိုက်ကြသည်။

(၄) ဤရွေးကောက်ပွဲကြောင့် အနောက်ဂျာမနီ၏ နိုင်ငံရေးစနစ်နှင့် အရှေ့ဂျာမနီ၏ နိုင်ငံရေးစနစ်တို့သည် တူညီသွားသည်။ တစ်ပုံစံတည်း ဖြစ်သွားသည်။ ပါတီစုံ ဒီမိုကရေစီစနစ်ပုံစံ တူသွားသည်။

(၅) အရှေ့ဂျာမနီ၏ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းလိုက်သည်။ အရှေ့ဂျာမနီရှိ နိုင်ငံပိုင်လုပ်ငန်းတို့ကို ပုဂ္ဂလိကပိုင်များ ဖြစ်အောင် အဆောတလျင် ရောင်းချပစ်ခဲ့သည်။ လက်ရှိ၌ အကုန်ရောင်းလို့ မရသေးပေ။ ဈေးကွက်စီးပွားရေးစနစ်ကို တစ်ပြေးညီ ကျင့်သုံးလိုက်သည်။

(၆) ငွေကြေးစနစ်ကို အနောက်ဂျာမနီ ငွေကြေးစနစ်အတိုင်း တစ်ပြေးတည်း ညှိပစ်လိုက်သည်။

(၇) ငွေကြေးစနစ် တစ်ခုတည်းဖြစ်အောင် ဆောင်ရွက်လိုက်သော စရိတ်နှင့် အခြားပေါင်းစည်းရေးစရိတ်အရပ်ရပ်တို့ကို အနောက်ဂျာမနီက ကျခံလိုက်သည်။ ဤစရိတ်တို့သည် သိပ်များမည် မဟုတ်ဟု မူလက တွက်ချက်ခဲ့သည်။

(၈) သို့သော် တကယ်ကုန်ကျသည်က အမေရိကန်ဒေါ်လာ ကုဋေတစ်သိန်းကျော် ကုန်ကျသွားသည်။

(၉) အနောက်ဂျာမနီအစိုးရသည် ဖော်ပြပါ ကုန်ကျစရိတ်များအတွက် အခွန်တိုးမကောက်ခဲ့ပေ။ ထိုအစား ပြည်သူအများထံမှ ငွေချေးငှားပြီး အကုန်အကျခံ ခဲ့သည်။

(၁၀) ထိုကြောင့် ကြွေးမြီတွေ အလွန်ထူထပ်သွားသည်။ ဘတ်ဂျက်လိုငွေ အလွန်မြင့်တက်ခဲ့သည်။ ထိုမှ ငွေဖောင်းပွပြီး ကုန်စျေးနှုန်းများ တက်ခဲ့သည်။

(၁၁) ဤအခြေအနေကြောင့် ဂျာမနီနိုင်ငံသည် ဗဟိုဘဏ် အတိုးနှုန်းကို မြှင့်ထားခဲ့သည်။ ငွေရှားအောင် လုပ်ထားသည့် သဘောဖြစ်သည်။

(၁၂) ဗဟိုဘဏ်တိုးနှုန်းကို မြှင့်တင်ထားပြီး ငွေဖောင်းပွမှုပြဿနာကို ဖြေရှင်းနေသည့်အတွက် အခြားဥရောပနိုင်ငံတို့က မကျေနပ်ကြ။

(၁၃) ဂျာမနီနိုင်ငံ၏ ဗဟိုဘဏ်တိုးနှုန်းကို မြှင့်ထားသောကြောင့် အခြားဥရောပ ငွေကြေးတို့သည် ဂျာမန်မတ်ငွေနှင့် နှိုင်းယှဉ်လျှင် တန်ဖိုး အလွန်ကျဆင်းလာကြသည်။ ဥရောပငွေကြေးစနစ် ဂနာမငြိမ် ဂယောက်ဂယက်ဖြစ်ရသည်မှာ ဂျာမနီက အတိုးနှုန်းချပေးရန် ငြင်းဆန်ပြီး ခေါင်းမာနေသောကြောင့်ဟု စွပ်စွဲကြသည်။

(၁၄) ဂျာမနီနှစ်နိုင်ငံ တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားသည့်အတွက် ညီညွတ်သော ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂ၌ ဩဇာတက်သွားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ဖို့ နီးစပ်သွားသည်။

အထက်ပါတို့ကား ဂျာမနီပေါင်းစည်းရေးနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော ဖြစ်ထွန်းမှုတို့ပင်တည်း။

တရုတ်ပြည်မနှင့် ဟောင်ကောင်ကျွန်း ပေါင်းစည်းရေးနှင့်ပတ်သက်၍ ဆက်လက်သုံးသပ်ကြည့်ကြစို့။ ဤသို့ သုံးသပ်ကြည့်လျှင် အောက်ပါအချက်တို့ကို တွေ့ရပါမည်။

(၁) ဟောင်ကောင်ကျွန်းသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် တရုတ်ပြည်၏ အချုပ်အချာအာဏာပိုင်ဆိုင်မှုအောက်သို့ စာချုပ်အရ တရားဝင်ရောက်ရှိတော့မည်။ တစ်နည်း

ပြောလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏ အလံတော်ကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဟောင်ကောင်ကျွန်း၌ လွှင့်ထူတော့မည်။

(၂) ဗြိတိသျှကိုလိုနီ ဟောင်ကောင်ကျွန်း၏ နိုင်ငံရေးစနစ်သည် အရှေ့ဂျာမနီမှာကဲ့သို့ ပြိုမကျ။ သို့ရာတွင် ဒီမိုကရေစီ ချဲ့ထွင်ရေးကို တရုတ်ပြည်က ကန့်ကွက်ထား၍ ဤပြဿနာ မှာ လိပ်ခဲတည်းလည်း ဖြစ်နေသည်။

(၃) တရုတ်ပြည်က တစ်နိုင်ငံတည်း၌ စနစ်နှစ်ခု ထားရှိရေး (one country, two systems) ဆိုသော မူဝါဒ ချမှတ်ထား သည်။ ဂျာမနီမှာကဲ့သို့ စီးပွားရေးကို စနစ်တစ်ခုတည်းဖြစ် သွားအောင် ပြုလုပ်ဖို့ မရည်ရွယ်သေး။

(၄) အတိအကျပြောလျှင် ဟောင်ကောင်ကျွန်း၏ တည်ဆဲ အရင်းရှင်စနစ်ကို အနှစ် ၅၀ အထိ အနှောင့်အယှက်မပေးဘဲ လွတ်လွတ်လပ်လပ် ခွင့်ပြုထားမည်ဟု ဆိုသည်။

(၅) ဟောင်ကောင်ကျွန်း၏ နိုင်ငံရေးစနစ်နှင့်ပတ်သက်၍မူ ဘာမျှ မပြောဘဲထားသည်။ သို့ရာတွင် တရုတ်ပြည် ပီကင်းဗဟို အစိုးရက စီမံသလို ပုံသွင်းမည့် နိမိတ်လက္ခဏာ ပြနေသည်။ ဂျာမနီမှာကဲ့သို့ ပါတီစုံဒီမိုကရေစီ ဖြစ်ထွန်းဖို့ အလားအလာ မရှိသေး။

(၆) လက်ရှိအခြေအနေ၌ ဟောင်ကောင်ကျွန်း၏အရင်းရှင်စနစ် က တရုတ်ပြည်မထဲ အရမ်းပျံ့နှံ့နေသည်။ ဟောင်ကောင်မှ အရင်းအနှီးများ တရုတ်ပြည်မထဲသို့ ဒေါ်လာဘီလျံ ၂၀ ဖိုး ကျော် ရောက်ရှိနေသည်ဟု သိရှိရသည်။

(၇) တရုတ်ပြည်မထဲ၌ပင် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုတို့က အလွန်တိုးပွားနေသည်။ ဈေးကွက်စီးပွားရေး က ကျယ်ပြန့်နေသည်။ တံခါးဖွင့်ဝါဒက အားကောင်းနေ သည်။

(၈) ဂျာမနီပေါင်းစည်းရေးကိစ္စတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို

ဖျက်သိမ်းပစ်သည်။ ယခု ဟောင်ကောင်နှင့် ပေါင်းစည်းရေးတွင် အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်ကို ဒွန်တွဲခွင့်ပြုမည်ဟု သဘောတရားအရ ဆိုထားသည်။

(၉) တရုတ်ပြည်ခေါင်းဆောင်မှုက အရှည်တွင် ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ထက် သာလွန်ပြီး အရင်းရှင်စနစ်ကို မျိုပစ်နိုင်လိမ့်မည်ဟု သဘောတရားအရ ယုံကြည်ထားခဲ့သည်။ ယုတ်စွအဆုံး ဆိုရှယ်လစ်အကျိုးငှာ အရင်းရှင်စနစ်ကို အသုံးပြုနိုင်လိမ့်မည်ဟု သဘောတရားအားဖြင့် ပြောနေသည်။

(၁၀) လက်ရှိအခြေအနေ၌မူ တရုတ်နှင့် ဟောင်ကောင်ကျွန်းကိစ္စတွင် ဖော်ပြပါ သဘောတရား၏ ပြောင်းပြန်ဖြစ်စဉ်က အားကောင်းလျက်ရှိသည်။ ထို့ကြောင့် အနှစ် ၅၀ အထိ အရင်းရှင်စနစ်ကို ခွင့်ပြုမည်ဆိုသော အချက်ထက် အနှစ် ၅၀ အတွင်း၌ပင် (မကြာသေးမီကာလ၌) ဆိုရှယ်လစ်စနစ် ယိုင်လဲပြိုကျသွားဖို့ အလားအလာပိုရှိသည်ဟူသော အချက်က ပို၍မှန်ကန်လိမ့်မည်ဟု တွက်ကြသည်။

(၁၁) တရုတ်ပြည်သည် ဟောင်ကောင်ကျွန်းတွေ အများအပြားထူထောင်လာသဖြင့် လက်ရှိ ဟောင်ကောင်ကျွန်းသည် အီတလီမှ ဗဲနစ်မြို့၊ လီဘနွန်မှ ဘေရွတ်မြို့၊ အာဂျင်တီးနားမှ ဗြူနိုအေးရို့မြို့တို့ကဲ့သို့ ဗဟိုအချက်အချာ နိုင်ငံတကာမြို့တော်ကြီး (cosmopolitan city) အဖြစ်မှ လျှော့ကျသွားလိမ့်မည်ဟု ခန့်မှန်းနေကြသည်။

တစ်နည်းပြောလျှင် ဟောင်ကောင်ကျွန်းသည် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုဗဟို၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးဗဟိုနှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဗဟိုအဆင့်မှ လျှော့ကျလိမ့်မည်ဟု တွက်ကြသည်။

ဤသို့ဖြစ်အောင်လည်း အခြေအနေအရပ်ရပ်က တွန်းပို့နေသည်။

(၁၂) မည်သို့ပင်ဖြစ်စေ တရုတ်ပြည်မနှင့် ဟောင်ကောင်ကျွန်း (နောက်ပိုင်းတွင် တိုင်ပေနှင့်) ပေါင်းမိ၍ 'မဟာတရုတ်ပြည်' (Greater China) အဖြစ် ပေါ်လာစရာရှိသည်။

(၁၃) ဤမဟာတရုတ်ပြည်တွင် အရင်းရှင်စနစ်က အဓိကဖြစ်ထွန်းမည်လား၊ ဆိုရှယ်လစ်စနစ်က အဓိက ဖြစ်ထွန်းမည်လား တွက်ဆစရာဖြစ်လာ၏။

(၁၄) တရုတ်ပြည်မ၏ နိုင်ငံရေးလျှင်သည် ဟောင်ကောင်ကျွန်း၏ နိုင်ငံရေးပုံစံကို တစ်မျိုးတစ်မည် ဩဇာသက်ရောက်လိမ့်မည်ဟူ၍ကား သေချာပေါက်တွက်ကြသည်။

(၁၅) စီးပွားရေး၌ အရင်းရှင်စနစ်က လွှမ်းမိုးလာမည် ဖြစ်သော်လည်း နိုင်ငံရေး၌ ဂျာမနီပေါင်းစည်းရေးမှာကဲ့သို့ ပါတီစုံဒီမိုကရေစီ ဖြစ်ထွန်းလာလိမ့်မည်ဟု ဧကန်မပြောရဲကြပေ။

(၁၆) ငွေကြေးစနစ်ကို တစ်ပုံစံတည်းဖြစ်စေရန် ယခု ပဏာမအဆင့်၌ ဟောင်ကောင်ဒေါ်လာကို တရုတ်ပြည်က ထုတ်ဝေတော့မည်ဟု သိရသည်။ ဤသို့ ထုတ်ဝေသည့်အခါ လက်ရှိဟောင်ကောင်ဒေါ်လာကဲ့သို့ တန်ဖိုးရှိမည်၊ မရှိမည်ကိုကား မခန့်မှန်းနိုင်ကြသေးပေ။

အထက်ပါတို့သည် တရုတ်ပြည်နှင့် ဟောင်ကောင်ကျွန်း ပေါင်းစည်းရေးနှင့်ပတ်သက်၍ တွေ့ကြုံရဖွယ် ပြဿနာနှင့် အလားအလာတို့ကို အကြမ်းဖျင်း ဖော်ပြခြင်း ဖြစ်ပါ၏။

ဂျာမနီပေါင်းစည်းရေးကိစ္စကိုလည်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ စာဖတ်သူတို့က ဤပေါင်းစည်းမှုနှစ်ရပ်တို့ကို နှိုင်းယှဉ်လေ့လာပြီး မိမိရှုထောင့်နှင့် မိမိ သုံးသပ်ကြည့်ကြဖို့ပင် ဖြစ်ပါသည်။

ဤနေရာ အလျဉ်းသင့်၍ ဖြစ်ရပ်တို့နောက်တွင် နိုင်ငံရေး ဘောဂဗေဒပညာရပ်တို့ တွဲလွဲခို နောက်ကျကျန်ရစ်ခဲ့ကြသည့် အဖြစ်ကို အနည်းငယ် တင်ပြလိုပါသည်။

နိုင်ငံရေးဘောဂဗေဒတွင် ပေါင်းစည်းမှုသီအိုရီ (Theory of

Intergation) ဆိုပြီး ရှိပါသည်။ ဤပေါင်းစည်းမှုသီအိုရီသည် အထက်တွင် ဖော်ပြခဲ့သော ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းရေး၊ တရုတ်-ဟောင်ကောင် ပေါင်းစည်းရေးတို့နှင့် မည်သို့မျှ မပတ်သက်ပေ။ တစ်မျိုးဖြစ်၏။

နိုင်ငံရေး ဘောဂဗေဒပညာရှင်တို့က ပြုစုခဲ့သော ပေါင်းစည်းရေးသီအိုရီမှာ ဒေသပေါင်းစည်းရေးများ (regional integration) အကြောင်းဖြစ်ပေသည်။ ဥပမာ ဥရောပဘုံဈေး၊ လက်တင်အမေရိကနိုင်ငံများ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နက်ဖ်တာနှင့် အာဆီယံ စသည်တို့ကဲ့သို့ဖြစ်၏။ အကောက်အခွန်အဖွဲ့ မည်သို့ဖွဲ့မည်၊ ငွေကြေးပူးပေါင်းဆောင်ရွက်မှု မည်သို့ပြုလုပ်မည်၊ နိုင်ငံအများအပြား အချင်းချင်း ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မည်သို့ပြုလုပ်မည် စသည်ကဲ့သို့သော ကိစ္စများနှင့် ပတ်သက်ပေသည်။

ဂျာမနီပေါင်းစည်းရေးနှင့် တရုတ်-ဟောင်ကောင် ပေါင်းစည်းရေးကဲ့သို့ တစ်နိုင်ငံတည်း ပေါင်းစည်းရေး၊ ကွဲပြားနေသော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ပေါင်းစည်းရေးတို့နှင့် ပတ်သက်၍ကား သီအိုရီများ မရှိခဲ့ပေ။ ထို့ကြောင့် နိုင်ငံရေးဘောဂဗေဒပညာရှင်တို့သည် ဆိုခဲ့ပါ ပေါင်းစည်းရေးဖြစ်ထွန်းမှုအသစ်တို့နှင့် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရသောအခါ အဆင်သင့်မဖြစ်ဘဲ ကြောင်နေတော့၏။ သီအိုရီလက်နက်မရှိ၍ ငေါင်နေကြသည်။ အခုမှ တက်သုတ်ရိုက်ပြီး သီအိုရီထုတ်ဖို့ စိုင်းပြင်းလာကြသည်။

ထိုအတောအတွင်း၌ကား အရှိကို အရှိအတိုင်း၊ ပကတိကို ပကတိအတိုင်းကြည့်ပြီး လက်တွေ့ကျကျ သုံးသပ်အကဲခတ်ကြဖို့သာ ဖြစ်လေတော့၏။ ထို့ကြောင့် ဘောဂဗေဒပညာရှင်များကြားတွင် ယခုတလော၌ အဆိုအမိန့်တစ်ခု ခေတ်စားလာရသည်။

'တကယ့်အစစ်အဖြစ်ကို သီအိုရီနှင့် ကိုက်မကြည့်နှင့်'
(don't fit reality into theory) ဟူ၍ ဖြစ်၏။

**မနမဂ္ဂဇင်း**

အတွဲ ၄၊ အမှတ် ၆၊ နိုဝင်ဘာလ ၁၉၉၃ ခုနှစ်။

# ဘောက်ချာလား လျှောက်လွှာလား တိုက်ရိုက်လား

အစိုးရကဏ္ဍ ကြီးထွားနေသော နိုင်ငံတို့၏ စီးပွားရေးသည် ဖွံ့ဖြိုးမှု အလွန်အားနည်းကြ၏။ အချို့အခြေအနေတွင် ကျဆင်း၍ပင်နေကြသည်။ ပုဂ္ဂလိကကဏ္ဍ ကြီးထွားလာသော နိုင်ငံတို့တွင် စီးပွားရေးသည် ဖွံ့ဖြိုးမှုအားကောင်းသည်။ ဖွံ့ဖြိုးရန် အရှိန်မရသေးလျှင်လည်း အရှိန်ရလာဖို့ အလားအလာရှိနေကြသည်။

ဤသို့သုံးသပ်ကြသည်

သို့ဖြစ်၍ ရှေ့အလားအလာကို မျှော်ကိုးလျှင် တိုင်းပြည်၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍကို တိုးချဲ့ရတော့မည်။ ဤကား လူတိုင်းလို သိနေသော အမြင်ဖြစ်သည်။ အထူးအဆန်းမဟုတ်ဟု ပြောနိုင်သည်။

သို့ရာတွင် ဤနေရာ၌ စပ်ဆိုင်၍ အချက်တစ်ချက်ကို ဖော်ပြလိုသည်။ ဤသည်မှာ အစိုးရကဏ္ဍကို တိုးချဲ့မည်လော၊ သို့တည်းမဟုတ် ပုဂ္ဂလိကကဏ္ဍကို တိုးချဲ့မည်လောဟူသော ပြဿနာသည် လက်တွေ့ပြဿနာသာမဟုတ်ဘဲ အိုင်ဒီယိုလိုဂျီခေါ် သဘောတရားနှင့်လည်း အဓိကသက်ဆိုင်သည်ဆိုသော အချက်ဖြစ်သည်။

ဤသဘောတရားပိုင်းကို မပြောမီ အစိုးရပိုင်းလည်း တိုးချဲ့၊ ပုဂ္ဂလိကပိုင်းလည်း တိုးချဲ့၊ ဤသို့အားဖြင့် ပြိုင်တူတိုးချဲ့ဟူသော အမြင်မျိုး အချို့ကပြောကြသည်။ ရှုးလို့သာပြောသည်ဟု ဆိုချင်သည်။

ဆိုရှယ်လစ်စနစ်ကို ရေမရော၊ ဘာမရော ရာခိုင်နှုန်းပြည့် အစစ် သက်သက်ထူထောင်ရမည်ဟု ယုံကြည်သော အိုင်ဒီယိုလိုဂျီအရဆိုမူ ပုဂ္ဂလိက ပိုင်းကို ဖျက်သိမ်းရပေမည်။ အားလုံးကို နိုင်ငံတော်ကချည်း လက်ဝါးကြီး အုပ်ပြီး ပိုင်ဆိုင်၊ အားလုံးကို နိုင်ငံတော်ကချည်း လက်ဝါးကြီးအုပ်ပြီး စီမံ ဆောင်ရွက်ရုံဖြစ်၏။

တွေ့လိုက်ကြ၊ မြင်လိုက်ကြသည့်အတိုင်း ဤဝါဒ၊ ဤစနစ်သည် ခွေလိမ့်သွားခဲ့ပေပြီ။ နောက်ပိုင်း၌ပင် ဤစနစ်၏ အမွေဆိုးဒဏ်ကို ခါးစည်းပြီး ခံနေကြရသည့် အဖြစ်ကိုလည်း အဆန်းတကြယ် တွေ့နေကြရသည်။

သို့ရာတွင် အတော်ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားခဲ့ပြီး ယခုထက်တိုင် မတိမ်ကောသေးသည့် အိုင်ဒီယိုလိုဂျီတစ်ရပ်အကြောင်းကိုမူ ယခုအခါ ထည့် သွင်းစဉ်းစားဖို့ ရှိနေသေးသည်။ ဤအိုင်ဒီယိုလိုဂျီမှာလည်း အရောင်အမျိုးမျိုး ရှိသည်။

ကမ္ဘာကျော် စီးပွားရေးပညာရှင် လော့ဒ်မေနပ်ကိန်းက ဤအိုင်ဒီယို လိုဂျီကို စတင်ဖော်ထုတ်ခဲ့သည်ဟု ပြောကြသည်။ သူ၏ သီအိုရီအရ ပုဂ္ဂလိက အရင်းရှင်စနစ်သည် အထွေထွေသော စီးပွားရေးအကျပ်အတည်း တို့ကို သူ့ဟာနှင့်သူ မဖြေရှင်းနိုင်ပေ။ ထို့ကြောင့် ပြင်ပဖြစ်သော အစိုးရက ဝင်ရောက်စွက်ဖက်၍ စီးပွားရေးအကျပ်အတည်းတို့ကို ဖြေရှင်းပေးရမည်ဟု ဆိုသည်။ အထူးသဖြင့် အလုပ်လက်မဲ့ပြဿနာတို့ကို ဖြေရှင်းပေးရမည်။

ဤသီအိုရီ၏ လိုရင်းမှာ အစိုးရဏ္ဍကို တိုးချဲ့ရေး ဖြစ်လေသည်။ ဗန်းစကားနှင့် 'အစိုးရအကြီးကြီး' (big govemment) သီအိုရီဟု အမည် ပေးကြသည်။ သို့ရာတွင် ဤသီအိုရီသည် အစိုးရက စီးပွားရေးလုပ်ငန်း များအား ဝင်ရောက်လုပ်ကိုင်ခြင်း၊ ဝင်ရောက်ပိုင်ဆိုင်ခြင်း စသော ပိုင်ဆိုင် မှုတို့ကိုမူ ဆန့်ကျင်သည်။ အစိုးရက မပိုင်ဆိုင်ရပေ။

မည်သို့ပင်ဖြစ်စေ ကိန်း၏ သီအိုရီကို နှစ်မျိုးနှစ်စားအားဖြင့် တိုးချဲ့ ခဲ့ကြသည်။ ပထမအမျိုးအစား တိုးချဲ့ပုံမှာ သော့ချက်ကျသော စီးပွားရေး လုပ်ငန်းကြီး (ယခုခေတ်ပေါ်စကားနှင့် ပြောလျှင် မဟာဗျူဟာကျသော

စီးပွားရေးလုပ်ငန်းကြီး) တို့ကိုမူ နိုင်ငံတော်က ပိုင်ဆိုင်သင့်သည်ဟု ပြောပြီး ချဲ့ခြင်းဖြစ်၏။ ဤသို့ ချဲ့လိုသူများကို ဒီမိုကရက်တစ် ဆိုရှယ်လစ် (democratic socialist) များဟု ခေါ်ခဲ့ကြသည်။

ဒုတိယအမျိုးအစား တိုးချဲ့ပုံမှာ အစိုးရအာဏာ သုံးစွဲ၍ ဝင်ငွေမမျှတမှု ပြဿနာကို ဝင်ရောက်ဖြေရှင်းပေးရမည်ဟု ပြောပြီး ချဲ့ခြင်းဖြစ်လေသည်။ တစ်နည်းအားဖြင့် အစိုးရအာဏာသည် ဝင်ငွေဖြန့်ဖြူးမှုကိစ္စ၌ တရားမျှတမှု ဖြစ်အောင် ပြုရာတွင် ထိရောက်သောလက်နက်ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

ဆိုခဲ့ပါ ဒုတိယအမျိုးအစားက အစိုးရ၏ စီးပွားရေးပိုင်ဆိုင်မှုတို့ကို မလိုလားပေ။ အားမပေးပေ။ ဆန့်ကျင်၏။ သို့သော် လူမှုရေးကဏ္ဍတွင် အစိုးရယန္တရားနှင့် အစိုးရအာဏာ တိုးချဲ့ရေးကိုကား ဟော၏။ ဤသို့ ဟောသူတို့ကို ဥရောပနိုင်ငံတို့၌ ဆိုရှယ်ဒီမိုကရက်များဟု ခေါ်ပြီး အမေရိက၌မူ လစ်ဘရယ်များဟု ခေါ်ကြသည်။

ဆိုရှယ် ဒီမိုကရက်နှင့် လစ်ဘရယ်တို့က တည်ထောင်ခဲ့သော နိုင်ငံတော်တို့ကို ဗန်းစကားအားဖြင့် 'ပြည်တော်သာ' (welfare state) ဟု ပြောကြသည်။ ယင်းတို့၏စနစ်တွင် ကျန်းမာရေးထောက်ပံ့မှု၊ အလုပ်လက်မဲ့ထောက်ပံမှု၊ အိုနာစာထောက်ပံ့မှု၊ သက်ကြီးရွယ်အိုထောက်ပံ့မှု၊ ကလေးသူငယ်ထောက်ပံ့မှု၊ ကျေးမြို့ကင်းရေးထောက်ပံ့မှု၊ ပညာရေးထောက်ပံ့မှု စသည်ဖြင့် လူမှုရေးထောက်ပံ့မှု အဖုံဖုံ မျိုးစုံတို့ကို တည်ထောင်အားပေးခဲ့ကြသည်။ ပညာစကားနှင့်ပြောလျှင် 'ပြည်သူတို့၏ စုပေါင်းစားသုံးမှုကို အများပိုင်ပြုခြင်း' (socialization of public consumption) ဟု ခေါ်သည်။

ဤထောက်ပံ့မှုအရပ်ရပ်တို့ကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ အစိုးရယန္တရားတို့ကို တိုးချဲ့ကြရသည်ဖြစ်၍ ဆိုရှယ်ဒီမိုကရက်နှင့် လစ်ဘရယ်တို့ကိုလည်း 'အစိုးရကြီးကြီး'သမားများဟု ခနဲ့၍ ခေါ်ကြပါသည်။

ထို့ကြောင့် အစိုးရပိုင်းကို ချဲ့မလား၊ ပုဂ္ဂလိကပိုင်းကို ချဲ့မလား ဆိုသော ပြဿနာနှင့် စပ်လျဉ်းလျှင် သက်ဆိုင်ရာ အာဏာလက်ကိုင်ရရှိသူတို့၏ ခံယူထားကြသော အိုင်ဒီယိုလိုဂျီအပေါ်တွင် အများအားဖြင့် တည်သည်ဟု ပြောနိုင်သည်။ ယခုအခါ စီးပွားရေးလုပ်ငန်း အများအပြားတို့ကို

နိုင်ငံတော်က ပိုင်ဆိုင်၍ ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရကဏ္ဍကို တိုးချဲ့ရမည်ဆိုသော အိုင်ဒီယိုလိုဂျီသည် ယိုင်လဲပြိုကျသွားပြီဖြစ်၏။ ခေတ်မရှိတော့ပေ။

ပြဿနာ၏သော့ချက်

သို့ရာတွင် ဝင်ငွေဖြန့်ဖြူးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရကဏ္ဍကို မလျှော့သင့်။ ထပ်၍ပင် တိုးချဲ့သင့်သေးသည်ဆိုသော အိုင်ဒီယိုလိုဂျီသည်ကား ရှင်သန်နေတုန်းပင်ဖြစ်သည်။

မည်သို့ပင်ရှိစေ လူမှုရေးပိုင်း၏ အကျိုးစီးပွားအလို့ငှာ အစိုးရကဏ္ဍကို ထိန်းထားသင့်သေးသည်ဆိုသော အယူအဆရှိသူတို့ကလည်း စီးပွားရေးပိုင်း၌ အစိုးရ၏ ပိုင်ဆိုင်မှုတို့ကို လျှော့ဖြတ်သွားရမည်ဟု ဟောကြပါသည်။ ဤအဟောနှင့်အညီ ဗြိတိန်၊ ပြင်သစ် စသော အနောက်ဥရောပနိုင်ငံတို့ကပင် နိုင်ငံပိုင်လုပ်ငန်းတို့ကို ရောင်းထုတ်နေကြသည်။

ခန့်မှန်းရသလောက်၌ စီးပွားနယ်ပယ်တွင် အစိုးရပိုင်းကဏ္ဍလျှော့ပြီး ပုဂ္ဂလိကပိုင်းကို တိုးချဲ့ရမည်ဆိုသော အမြင်သည် အလွန်အားကောင်းနေပါပြီ။ လက်တွေ့အခြေအနေအရ နိုင်ငံတော်ပိုင် လုပ်ငန်းတို့ကို အဓိကအင်ဂျင်အဖြစ် အသုံးပြု၍ မောင်းလို့မစွံကြောင်းကိုလည်း လက်တွေ့ တွေ့နေကြရသည်။

သို့ဖြစ်ရာ ဤနေရာ၌ ပြဿနာ၏သော့ချက်ကို ရောက်ပါပြီ။ ဤသော့ချက်ပုစ္ဆာသည် ပုဂ္ဂလိကကဏ္ဍကို မည်သို့တိုးချဲ့မည်နည်းဟူ၍ ဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်၍ အခြေခံအားဖြင့် နည်းလမ်းနှစ်လမ်းရှိပါလိမ့်မည်။ ပထမနည်းလမ်းမှာ လုပ်ငန်းသစ်တို့ကို ပုဂ္ဂလိကပိုင်းက တိုးချဲ့ဆောင်ရွက်သွားစေခြင်းဖြစ်၏။ ဒုတိယနည်းလမ်းမှာ အစိုးရပိုင်လုပ်ငန်းတို့ကို ပုဂ္ဂလိကပိုင်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်ပေသည်။ ဤဒုတိယနည်းလမ်းကို privatization ဟု ခေါ်၏။ ဤဒုတိယလမ်းကြောင်းသည်ပင် အရှုပ်ထွေးဆုံးနှင့် အခက်ခဲဆုံးဖြစ်နေ၏။ ဤဆောင်းပါးသည် ဤဒုတိယနည်းလမ်းကို ကိုင်တွယ်တင်ပြပါသည်။

နိုင်ငံပိုင်လုပ်ငန်းတို့ကို ပုဂ္ဂလိကပိုင်ပြုရာ၌ ကြုံတွေ့ရမည့်ပြဿနာတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီနိုင်ကြမည်မဟုတ်ချေ။ စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံအတော်များများ၌လည်း နိုင်ငံပိုင်လုပ်ငန်းတို့ကို ပုဂ္ဂလိကပိုင်ဖြစ်အောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြရသည်။ သို့သော်အခက်အခဲက သိပ်မကြီးမားပေ။ ဆန္ဒရှိလျှင် လွယ်၏။

သို့ရာတွင် ဖွံ့ဖြိုးမှုနည်းသော တတိယကမ္ဘာနိုင်ငံတို့တွင်မူ အခက်အခဲကား အလွန်တရာမှ ကြီးမားလှသည်။ သိပ်ပြီး မလွယ်ပေ။ ရှုပ်လည်းရှုပ်သည်။

အဘယ်ကြောင့် ဤသို့ တတိယကမ္ဘာနိုင်ငံတို့တွင် ပုဂ္ဂလိကပိုင်ပြုရေးကိစ္စ၌ အခက်အခဲများ အလွန်ကြီးမားရသနည်း။ ဤကိစ္စနှင့်စပ်လျဉ်း၍ စီးပွားရေးပညာရှင်တို့က အချက်သုံးချက်ကို ရှာဖွေတွေ့ရှိထားကြသည်။

ပထမအချက်မှာ ငွေပင်ငွေရင်းဈေးကွက် (capital market) မရှိခြင်းဖြစ်သည်။ ရှိလျှင်လည်း အလွန်အားနည်းသည်။

ဒုတိယအချက်မှာ ပြည်သူအများ၌ နိုင်ငံပိုင်လုပ်ငန်းတို့ကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဝယ်နိုင်ရန် စုပြီးဆောင်းပြီးသား ငွေမရှိခြင်း၊ ရှိလျှင်လည်း အလွန်နိမ့်မည်၊ နည်းမည် (low level of saving) ဖြစ်၏။

တတိယအချက်မှာ နိုင်ငံပိုင်လုပ်ငန်းတို့၏ နည်းပညာအဆင့်အတန်းနှင့်အရည်အသွေးတို့က ဟောင်းနွမ်းညံ့ဖျင်းနေကြခြင်းဖြစ်သည်။ တစ်နည်းပြောလျှင် မက်လောက်စရာမရှိပေ။

ဒုတိယအချက်နှင့် တတိယအချက်တို့မှာ သူ့စာသားပါများအတိုင်း ရှင်းနေပြီးသားဖြစ်၍ ဤဆောင်းပါးတွင် အကျယ်ရှင်းပြရန်မလိုတော့ဟု ထင်သည်။ ပထမအချက်ကိုသာ အာရုံစူးစိုက် ရှင်းပြဖို့လိုမည်။

## အရင်းအနှီးဈေးကွက်

ငွေပင်ငွေရင်းဈေးကွက်ဆိုသည်မှာ အစုရှယ်ယာဈေးကွက် (ဝါ) စတော့အိပ်စ်ချိန်းကို အဓိကအားဖြင့် ဆိုလိုသည်။ တတိယကမ္ဘာ့နိုင်ငံတို့တွင် စတော့အိပ်စ်ချိန်းများ မရှိကြပေ။ ရှိလျှင်လည်း မွေးကင်းစဖြစ်၏။

စတော့အိပ်စ်ချိန်းအင်အားကောင်းလျှင် နိုင်ငံပိုင်လုပ်ငန်းတို့ကို စတော့ရှယ်ယာစနစ်တို့ဖြင့် ပြန်လည်ဖွဲ့စည်းပြီးသကာလ ဤစတော့ရှယ်ယာတို့ကို စတော့အိပ်စ်ချိန်းတွင် တင်ရောင်းလိုက်ရုံဖြစ်၏။ အဝယ်လိုက်မည် မလိုက်မည်မှာ တစ်ကဏ္ဍ၊ မသေချာပေ။ ကံအကြောင်းတရားလို့ မှတ်ရမည်။

နိုင်ငံပိုင်လုပ်ငန်းတို့ကို အစုရှယ်ယာစနစ်ဖြင့် ဖွဲ့စည်းပြီး ဤအစုရှယ်ယာတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်နိုင်ပါသေးသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့က စိတ်ကြိုက်တွေ့လျှင်ဖြစ်စေ၊ စိတ်ချယုံကြည်လျှင်ဖြစ်စေ ဝယ်နိုင်ကြရန် ဖြစ်ပါသည်။ နိုင်ငံခြားငွေချူနည်းတစ်မျိုး ဖြစ်သည်။

ထို့ကြောင့် ပုဂ္ဂလိကပိုင်ပြုရေး အစီအစဉ်တွင် မရှိသေးသော ငွေပင်ငွေရင်းဈေးကွက်ကို ကနဦးဖော်ထုတ်ရေးသည် အထူးအရေးကြီးလှသည်ဟု ပညာရှင်တို့က ဆိုလာကြသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ဆိုရှယ်လစ်နိုင်ငံဟောင်းများ ဖြစ်ကြသော ရုရှနှင့် အရှေ့ဥရောပနိုင်ငံတို့၏ အတွေ့အကြုံတို့ကို လေ့လာသင့်၏။ ထိုနိုင်ငံများအနက် ပုဂ္ဂလိကပိုင်ပြုရေးကိစ္စနှင့် စပ်လျဉ်းပြီး ထူးထူးခြားခြား မှတ်သားဖွယ်ရာ ပေါ်ထွန်းလာသော နိုင်ငံတို့မှာ ရုရှ၊ ဟန်ဂေရီ၊ ပိုလန်နှင့် ချက်နိုင်ငံတို့ ဖြစ်ကြသည်။

ဤလေးနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုရေးပုံစံတို့သည် မတူညီကြပေ။ ကွဲပြားခြားနားကြ၏။ ယင်းတို့အချင်းချင်းလည်း သူ့ပုံစံက ပိုကောင်းသည်၊ ကိုယ့်ပုံစံက ပိုကောင်းသည်ဟူ၍ အငြင်းထွက်နေကြသည်။ ပြင်ပစီးပွားရေးပညာရှင်တို့ကလည်း ပါဝင်ဆွေးနွေးလျက်ရှိကြသည်။ ထိုအတောအတွင်း တရုတ်ပုံစံကလည်း တစ်မျိုးထွက်လာသည်။

ထိုနိုင်ငံတို့တွင် 'ဘောက်ချာ' ဆိုသောစကားသည် အလွန်ခေတ်စားနေပါသည်။ နိုင်ငံပိုင်လုပ်ငန်းတို့ကို မည်သူကမျှ တစ်ဦးတည်း ထီးထီးမားမား ငွေထုပ်ပိုက်ပြီး မဝယ်နိုင်ကြပေ။ ဆိုရှယ်လစ်စနစ်အောက်တွင် အားလုံးလုပ်သားများ ဖြစ်ခဲ့ကြ၍ သူဌေးဘဝသို့ မည်သူမျှ မရောက်ရှိခဲ့ကြ။ တစ်နည်းပြောလျှင် စုဆောင်းငွေ နိမ့်ခဲ့ကြသည်။

ထိုအခြေအနေတွင် ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်လုပ်ငန်းတို့၏ စတော့ရှယ်ယာတို့ကို နိုင်ငံသားတိုင်းက ဝယ်ယူနိုင်အောင် စီစဉ်ရပေတော့မည်။ တစ်နည်းပြောလျှင် နိုင်ငံသားတိုင်းမှ စုဆောင်းငွေတို့ကို အရင်းအနှီးဖြစ်အောင် ပြုရတော့မည်။ သို့ဖြင့် အသက်ပြည့်သူ နိုင်ငံသားတိုင်းအား ဘောက်ချာတွေ ဝေပစ်လိုက်ပေသည်။

ဤဘောက်ချာတို့မှာ အစုရှယ်ယာဝင်ခွင့် လက်မှတ်သဘောဖြစ်သည်။ ဤလက်မှတ်ပြ၍ မိမိကြိုက်ရာ ပုဂ္ဂလိကပိုင်ပြုမည့် နိုင်ငံပိုင်လုပ်ငန်းတို့၏ စတော့ရှယ်ယာတို့ကို ဝယ်နိုင်ကြပါမည်။ ပြည်သူတို့၏ စုဆောင်းငွေသည် အရင်းအနှီးဖြစ်တော့မည်။

သက်ဆိုင်ရာ စီမံသူတို့၏ အဆိုအရ ဤဘောက်ချာတို့ကို ဖလှယ်နိုင်သောနေရာ၊ ဖလှယ်ပေးမည့် ပွဲစားများ ပျားပန်းခပ်မျှ မုချဧကန် ပေါ်ပေါက်ထွန်းကားလာမည်ဖြစ်လေရာ ဤသည်ပင် ငွေပင်ငွေရင်းဈေးကွက် (ဝါ) စတော့အိပ်စ်ချိန်း ပေါ်ပေါက်စေရန် အုတ်မြစ်ချလိုက်သကဲ့သို့ ဖြစ်မည်ဟုဆိုသည်။ စတော့အိပ်စ်ချိန်း ပေါ်ပြီဟေ့ဟု ဆိုလျှင်ကား သူ့နိယာမနှင့်သူ ထွန်းကားသွားလိမ့်မည်ဟု ဆိုကြသည်။

တရုတ်ပြည်ကမူ ပုံစံတစ်မျိုးဖြစ်၏။ နိုင်ငံသားတိုင်းတို့အား ဘောက်ချာမဝေပေ။ နိုင်ငံပိုင်လုပ်ငန်းတို့၏ စတော့ရှယ်ယာတို့ကို ဝယ်ယူလိုလျှင် စတော့အိပ်စ်ချိန်း၌ လျှော်ကြေးတင်ကြရ၏။ မကြာသေးမီက ဤလျှော်ကြေးများ ရရှိရေးကိစ္စနှင့် ပတ်သက်၍ အဂတိလိုက်စားမှုများ ပေါ်ပေါက်သည်ဆိုကာ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ခဲ့ကြသေးသည်။

ယခုလျှော်ကြေးတွေကို လိုသလောက် ထုတ်ပေးမည်၊ လျှော်ကြေးက သိပ်များနေလျှင် မဲဖောက်မည်ဟု ဆိုထားသည်။

ဘောက်ချာစနစ်ဖြစ်စေ၊ လျှော်ကြေးစနစ်ဖြစ်စေ မည်သို့ပင်ကျင့်သုံးစေကာမူ အခြားဖြစ်နိုင်ဖွယ်ရာ နည်းလမ်းမှန်သမျှကိုလည်း မစွန့်ပယ်ထားဟု သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပြောနေကြသည်။

လေလံပစ်လို့ စွံမလား၊ ပစ်မည်။

တစ်ခါတည်း အပြတ်ဝယ်မည့်သူ ပေါ်လာသလား၊ အပြတ်ရောင်းမည်။

ငှားမလား၊ ရမည်။
ဖက်စပ်လုပ်မလား၊ ရမည်။
ပုဂ္ဂလိကပိုင်ဖြစ်ရင် ပြီးရော။

ဤသို့ဖြစ်လာကြပါသည်

ပုဂ္ဂလိကပိုင်ပြုရေးကို အကြောင်းကြောင်းထောက်၍ တွန့်နေသော နိုင်ငံတို့တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ခဲနှင့်ဆွဲထားသလို လေးနေကြ၏။ အထနှေးနေကြ၏။ ပြဿနာကြီးဦးခေါင်းကို ကိုင်ထားရသော နိုင်ငံပိုင်လုပ်ငန်းတို့မှာလည်း ရှုံးပြီးရင်းရှုံးနှင့် အရှုံးသံသရာထဲ လည်နေကြသည်။ မလွဲမသွေ ထွက်ပေါက်ရှာကြရမည်။

**ခေမဂ္ဂဇင်း**

အတွဲ ၄၊ အမှတ် ၇၊ ဒီဇင်ဘာလ-ဇန်နဝါရီလ၊ ၁၉၉၃-၁၉၉၄ ခုနှစ်။

# အိပ်ချ်ဒီအိုင်နှင့် မဏ္ဍိုင်သစ်ငါးရပ်အကြောင်း

ဝင်ငွေသည် အရေးမကြီးပေ။ နေသည်လည်း အရေးမကြီးပေ။ အရေး အကြီးဆုံးအချက်မှာ ဘဝအပေါ်တွင် ကွပ်ကဲစိုးမိုးနိုင်ပြီလောဆိုသည့် အချက်ပင်ဖြစ်၏။ control over life ဟု ပြောကြ၏။ ဘဝဆိုရာ၌ စားဝတ်နေရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော အသက်ရှင်နေနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော အခြေခံလိုအပ်ချက်တို့ကို ခြုံပြီး ဆိုလိုခြင်းဖြစ်သည်။

ဤမည်သောဘဝ၏ အခြေခံလိုအပ်ချက်တို့အပေါ် ထိန်းထားနိုင်သော အတိုင်းအတာကို အဓိကစံညွှန်းအဖြစ် အသုံးပြုတွက်ချက်လျှင် ဤကမ္ဘာပေါ်တွင် လူဦးရေ ၉၀ ရာခိုင်နှုန်းသည် မိမိတို့၏ ဘဝအပေါ်တွင် အစိုးမရကြချေ။ တစ်နည်းပြောလျှင် ဘဝလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် မပြည့်မစုံ မလုံမလောက်နှင့် အလွန်ချို့တဲ့ ဆင်းရဲနေကြခြင်းဖြစ်၏။

ဤကောက်ချက်ကို ဆွဲထုတ်ပြသည့် အဖွဲ့အစည်းမှာ တခြားလည်း မဟုတ်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်အဖွဲ့ (UNDP) ပင် ဖြစ်ပေသည်။ ဤအဖွဲ့က '၁၉၉၃ ခုနှစ် လူသားဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာ' (Human Development Report 1993) ကို ထုတ်ဝေခဲ့ရာတွင် အထက်ဖော်ပြပါ ကောက်ချက်ကို မီးမောင်းထိုးပြထားခဲ့သည်။

ဤကောက်ချက် ထင်ထင်ရှားရှားပေါ်ထွက်လာရသည်မှာလည်း ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်မှ စီးပွားရေးပညာရှင်တို့၏ တွက်ပုံတွက်နည်း အသစ်အဆန်း တီထွင်လိုက်သောကြောင့်ဖြစ်၏။ ဤတွက်ပုံတွက်နည်းကို အိပ်ချ်ဒီအိုင် (HDI-Human Development Index) ဟု ခေါ်သည်။ နည်းသစ်ဖြစ်၏။ စံညွှန်းအသစ်ဖြစ်၏။

ဤအိပ်ချ်ဒီအိုင်တွက်နည်းတွင် အချက်သုံးချက်ကို ဗဟိုပြု ပေါင်းစပ်ထားပေသည်။ ပထမအချက်မှာ လူ၏ သက်တမ်း (life expectancy) ဖြစ်သည်။ ဒုတိယအချက်မှာ ပညာရေးအဆင့်အတန်း (educational level) ဖြစ်သည်။ တတိယအချက်မှာ ဝယ်နိုင်အား (purchasing power) ဖြစ်သည်။ ဝင်ငွေလို့ တစ်နည်းပြောနိုင်သည်။

ဤသုံးချက်ကို ပူးတွဲဆက်စပ်ပြီးနောက် အညွှန်းရှာကြည့်သည်။ ဤအညွှန်းကိုပင် အိပ်ချ်ဒီအိုင်ဟု အတိုကောက်ခေါ်သည်။ မြန်မာစကားနှင့် အရှည်ပြောလျှင် 'လူသားဖွံ့ဖြိုးမှု အညွှန်း'ဟု အဓိပ္ပာယ်ထွက်သည်။

အိပ်ချ်ဒီအိုင် အညွှန်းကောင်းသည်၊ မြင့်သည် ဆိုသည်မှာ အကြင်နိုင်ငံတွင် လူတို့၏ သက်တမ်းသည် ရှည်၏။ လူတို့၏ ပညာရေးအဆင့်အတန်းသည် မြင့်၏။ လူတို့၏ ဝင်ငွေသည် ကောင်း၏ဟု အဓိပ္ပာယ်ထွက်ပေသည်။

ခြုံပြီးအတိုပြောလျှင် အကြင်နိုင်ငံ၏ လူတို့သည် မိမိတို့၏ ဘဝလိုအပ်ချက်များ၌ အတော်အတန် ပြည့်စုံနေပြီဟု ပြောနိုင်သည်။ တစ်နည်းပြောလျှင် လူတို့သည် မိမိတို့ဘဝပေါ်တွင် စိုးမိုးနိုင်နေပြီ၊ အစိုးရနိုင်နေပြီဟု ညွှန်းသည်။

စီးပွားရေး၊ လူမှုရေး သုံးသပ်မှုတို့တွင် ယခုလက်ရှိ အဓိကရ လွှမ်းမိုးနေသော အခြေခံမှာ ဂျီဒီပီ (GDP) ဖြစ်၏။ ဂျီဒီပီသည် ပြည်တွင်းထုတ်ကုန်နှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ပေါင်းရုံးပြောပါသည်။ ဂျီဒီပီ မြင့်လျှင် ကောင်း၏။ ဂျီဒီပီနိမ့်လျှင် ညံ့၏ဟု ယေဘုယျပြောနေကြသည်။ ဂျီဒီပီကို အခြေခံကြည့်သောနည်းသည် မမှန်ဟု မဆိုလိုပေ။ သို့ရာတွင် ပြည့်စုံလုံလောက်ပြီဟူ၍လည်း မပြောနိုင်ချေ။ ဂျီဒီပီနည်းသည် အခြေအနေအမှန်ကို ပီပြင်အောင် ဘက်စုံ ရုပ်လုံးပေါ်စေနိုင်သည်ဟူ၍ တပ်အပ်ပြောဖို့ရာ ခက်နေသည်။

ဥပမာ အမေရိကနိုင်ငံသည် ဂျီဒီပီတွင် နံပါတ် (၁) စွဲသော်လည်း အိပ်ချ်ဒီအိုင်တွင် နံပါတ် (၁) နေရာ၌ မရှိပေ။ ဆွီဒင်နိုင်ငံနောက် ရောက်နေ

သည်။ ဂျပန်သည် ဂျီဒီပီ၌ ဆဋ္ဌမအဆင့် ရှိ၏။ သို့ရာတွင် အိပ်ချ်ဒီအိုင်တွင် ပထမနေရာတွင် ရောက်နေသည်။

ဤသို့အားဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ အိပ်ချ်ဒီအိုင်အညွှန်းတို့ကို တွက်ချပြီးသောအခါ အမှတ်များရာအလိုက် ဇယားစိစစ်ကြည့်လိုက်ပေသည်။ ထိုအခါ ဖွံ့ဖြိုးပြီးနိုင်ငံအုပ်စုတွင် (၁) ဂျပန်၊ (၂) ကနေဒါ၊ (၃) နော်ဝေး၊ (၄) ဆွစ်ဇာလန်၊ (၅) ဆွီဒင်၊ (၆) အမေရိကန်၊ (၇) ဩစတြေးလျ၊ (၈) ပြင်သစ်၊ (၉) နယ်သာလန်၊ (၁၀) ဗြိတိန် စသည်ဖြင့် ရှေ့နောက်အစီအစဉ်အတိုင်း ဖြစ်နေကြသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ အုပ်စုတွင် (၁) ဘာဘဒိုး၊ (၂) ဟောင်ကောင်၊ (၃) ဆိုက်ပရပ်စ်၊ (၄) ဥရုဂွေး၊ (၅) ထရီနီဒက်နှင့် တိုဘဂိုး၊ (၆) ဗဟားမား၊ (၇) တောင်ကိုရီးယား၊ (၈) ချီလီ၊ (၉) ကော်စတာရီကာ၊ (၁၀) စင်ကာပူ စသည်ဖြင့် အစီအစဉ် ဖြစ်နေသည်။

အထက်ဆိုခဲ့ပါအတိုင်း တွက်ချက်ဖော်ပြပြီးသည့်နောက် လူသားဖွံ့ဖြိုးမှု အဆင့်အတန်းမြှင့်တင်ရန် လိုအပ်ပုံတို့ကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီရင်ခံစာက အကျယ်တဝင့် ထောက်ပြသွားပေသည်။ တစ်နည်းပြောလျှင် နိုင်ငံအသီးသီး၏ အိပ်ချ်ဒီအိုင်အညွှန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြဖို့ ထောက်ပြသွားခြင်းဖြစ်၏။

ဤကိစ္စနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း မဏ္ဍိုင်ငါးရပ် ထူထောင်ရန် အရေးကြီးပုံကို အစီရင်ခံစာ၌ အလေးအနက် ဖော်ပြထားပါသည်။ ယင်းတို့မှာ

(၁) နိုင်ငံလုံခြုံမှုနှင့် နယ်မြေလုံခြုံမှုတို့ထက် ပြည်သူလူထု၏လုံခြုံမှုကို ပို၍အာရုံစိုက်ရမည်။ ထိုကိစ္စအလို့ငှာ စစ်အသုံးစရိတ်များ လျှော့ဖြတ်ပြီး လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် ပို၍သုံးစွဲရမည်။

ယူဂိုဆလားဗီးယားနှင့် ဆိုမာလီယာတို့တွင် ပြည်သူလူထု မလုံခြုံပေ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တိုက်ခိုက်နေခြင်း

မျိုး မဟုတ်ဘဲ ပြည်သူလူထုချင်း တိုက်ခိုက်နေခြင်းမျိုး ဖြစ်နေသည်။

(၂) လူသားဖွံ့ဖြိုးမှုအစီအစဉ်သည် ပြည်သူလူထုကို ဗဟိုပြုရမည်။ ပြည်သူလူထုက ဖွံ့ဖြိုးမှုအစီအစဉ်တွင် သွားရောက် ဗဟိုပြုခြင်းမျိုး မဖြစ်အပ်။ (development around people, not people around development)

(၃) ဈေးကွက်နှင့် နိုင်ငံတော်အကြား မိတ်ဖက်ဆက်ဆံမှု အသစ်များရှိရမည်။ ဈေးကွက်၏ အစွမ်းထက်မြက်မှုနှင့် နိုင်ငံတော်၏ ကြင်နာမှုတို့ကို ပေါင်းစပ်ပေးရမည်။

(၄) နိုင်ငံတော်အုပ်ချုပ်မှု ပုံသဏ္ဍာန်နှင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု ပုံသဏ္ဍာန်တို့ကို အသစ်ပြောင်းလဲရမည်။ ပျော့ပျောင်းမှုမရှိသော နိုင်ငံနှင့် အစိုးရတို့သည် ဈေးကွက်ယန္တရား ကမ္ဘာလုံးပတ်လည် ဖြစ်လာခြင်း (globalization of market) ကို လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ပြည်သူလူထု၏ မျှော်လင့်ချက်တို့ကိုလည်းကောင်း ကိုင်တွယ်ဖြေရှင်းပေးနိုင်ဖွယ်ရာမရှိ။

ထိုအခြေအနေတွင် အာဏာကို ဗဟိုမှ ချုပ်ကိုင်ထားမှုကို လျှော့ချပစ်ဖို့ (decentralization) လိုအပ်သည်။

(၅) နိုင်ငံတကာ အကူအညီနှင့် စပ်လျဉ်းပြီး ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အဓိက တိုက်ရိုက်အာရုံစိုက်ဖို့လိုသည်။ အစိုးရတို့၏ ကြိုက်နှစ်သက်မှုတို့အပေါ်တွင် အလေးမပေးသင့်။

အထက်ဖော်ပြပါ မဏ္ဍိုင်သစ်ငါးရပ်သည် ပြည်သူလူထုအပေါ် ဗဟိုပြုထားသည်ဟု ဆိုသည်။ ဤမဏ္ဍိုင်သစ်ငါးရပ်နှင့် စပ်လျဉ်းပြီး အစီရင်ခံစာက ဆက်လက်၍ အကြံပေးထားသည်များလည်း ရှိသည်။ အလွန်စိတ်ဝင်စားဖို့ ကောင်းပါသည်။

(က) လက်ရှိအခြေအနေအရ စတင်ရမည့်ပွိုင့်မှာအလုပ်အကိုင် (Job)ပင်ဖြစ်သည်။ နိုင်ငံအများတို့တွင် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာသော်လည်း အလုပ်အကိုင်တို့က မတိုးပွားပေ။ အလုပ်မတိုးသော ဖွံ့ဖြိုးတက်မှု (Jobless growth) ဟုခေါ်ခေါ်၏။

(ခ) စီးပွားရေးကို ပို၍ကောင်းမွန်အောင် ပြုလုပ်ဖို့နှင့် စီးပွားရေးအခွင့်အလမ်းတို့တွင် ပြည်သူလူထု ပိုမိုပါဝင်ရရှိလာစေရန် အလို့ငှာ အစိုးရစည်းမျဉ်း စည်းကမ်းနှင့် ကန့်သတ်မှုတို့ကို လျှော့ချဖို့လို၏။ ပုဂ္ဂလိက အစွမ်းအစနှင့် တီထွင်ဖန်တီးနိုင်စွမ်းမှုတို့ကို ဖွင့်ထုတ်ပေးရန်လိုသည်။

နိုင်ငံတော်ပိုင်လုပ်ငန်းတို့ကို ရောင်းချပစ်ရန်လိုသည်။

(ဂ) ဗဟိုချုပ်ကိုင်မှုကို လျှော့ချထားသည်၊ လျှော့ချမထားသည်ဆိုသော အချက်ကို အစိုးရအသုံးစရိတ်ကို ကြည့်ခြင်းဖြင့် သိနိုင်၏။ ဒေသအုပ်ချုပ်ရေးအဖွဲ့များအတွက် ပိုသုံးထားလျှင် ဗဟိုချုပ်ကိုင်မှု လျှော့ထားရာ ပြ၏။

ဗဟိုအတွက် အသုံးစရိတ်တွေ များနေခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ပေ။ ထို့အပြင် အထက်ဖော်ပြပါ အိပ်ချ်ဒီအိုင် တိုးတက်ကောင်းမွန်ဖို့ဆိုလျှင် အစိုးရအသုံးစရိတ်သည် လူမှုရေးဘက် များရပေမည်။

(ဃ) ဒီမိုကရေစီသည် လူအများ ပါဝင်ပတ်သက်ခြင်းကို အားပေးပေသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ အစီရင်ခံစာသည် အထက်ဖော်ပြပါအချက်တို့ကို အကျယ်တဝင့် သုံးသပ်ဖော်ပြပြီး ထုတ်ဝေလိုက်သောအခါတွင် ပြင်းပြင်းထန်ထန် တုံ့ပြန်မှုများ ပေါ်ပေါက်ခဲ့သည်။

ဤနေရာ၌ စပ်ဆိုင်၍ စိတ်ဝင်စားဖွယ်ရာ သံတမန်အသုံးအနှုန်းနှစ်ရပ်ကို ဖော်ပြလိုသည်။ hail ဆိုသော စကားမှာ ချီးကျူးနှုတ်ခွန်းဆက်

ခြင်းဖြစ်သည်။ ဟီးရိုးကဲ့သို့ လက်ခံသည့် သဘောလည်း ပါသည်။ welcome မှာ ကြိုဆိုရုံသက်သက်ဖြစ်သည်။ အကုန်တော့ သဘောမခွဲပေ။

ဂျီဆဲဗင်းခေါ် ထိပ်သီးစက်မှု ခုနစ်နိုင်ငံတို့က အထက်ဖော်ပြပါ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အစီရင်ခံစာကို hail လုပ်သည်။ ဘက်မလိုက်ထိပ်သီးညီလာခံက welcome လုပ်သည်။ သတင်းစာဆရာတို့က ခြားနားချက်ကို ထောက်ပြကြသည်။

ဓနမဂ္ဂဇင်း
အတွဲ ၄၊ အမှတ် ၈ ၊ ဖေဖော်ဝါရီလ၊ ၁၉၉၄ ခုနှစ်။

# လမ်းသစ်

သမားရိုးကျစကားနှင့်ပြောလျှင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဟု ပြောသည်။ သို့သော် ခေတ်သစ်အမြင်၊ ခေတ်သစ်အခြေအနေ၌ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (manufacturing growth) ဟု ပြောမှ ရေရာတိကျမည်။ ထပ်ဖြည့်တန်ဖိုး (value-added) ဆိုသော စကားရပ်ကိုလည်း ဤကိစ္စအလို့ငှာ ပူးတွဲနားလည်အပ်သည်။

ကုန်ကြမ်း၌ သူ့မူရင်းတန်းဖိုးရှိသည်။ ဤကုန်ကြမ်းကို အချောအကိုင်လိုက်သောအခါ ကုန်ချော၌ ကုန်ကြမ်း၏ မူရင်းတန်ဖိုးအပြင် တန်းဖိုးအသစ် တိုးပွားပေါ်လာသည်။ ဤသို့ တိုးပွားပေါ်လာသော တန်းဖိုးအသစ်ကို ထပ်ဖြည့်တန်ဖိုး (value-added) ဟုခေါ်သည်။

ကုန်ချောထုတ်လုပ်ရာ၌ ကုန်ကြမ်းစစ်စစ်ကို အသုံးပြုသည်လည်း ရှိ၏။ ကုန်ချောတစ်ပိုင်းပစ္စည်းတို့ကို အသုံးပြု အချောကိုင်သည်လည်း ရှိသည်။ ပြည်တွင်းပစ္စည်းတို့ကို အချောကိုင်သည်လည်းရှိ၏။ ပြည်ပမှ ပစ္စည်းတို့ကို မှာယူတင်သွင်း၍ အချောကိုင် ထုတ်လုပ်သည်လည်းရှိသည်။

မည်သို့ပင်ရှိရှိ တတိယကမ္ဘာနိုင်ငံများအဖို့ ကုန်ချောထုပ်လုပ်မှု ဘက်သို့ အာရုံစူးစိုက်နိုင်ဖို့ အထူးလိုအပ်လာ၏။ အဘယ်ကြောင့်ဆိုသော် ကုန်ကြမ်းထုတ်၊ ကုန်ကြမ်းပို့နိုင်ငံအဖြစ် ကြာရှည်စွာရပ်တည်ရန်မှာ မကောင်းတော့ပြီဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။

## အတွေ့အကြုံသစ်များ

အခြားနိုင်ငံတို့သည်လည်း ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကြရန် အပြင်းအထန် အပတ်တကုတ် ကြိုးပမ်းလျက်ရှိကြ

သည်။ ဤကိစ္စ၌ ဤနိုင်ငံတို့သည် လမ်းဟောင်းအတိုင်း မလိုက်ကြပေ။ လမ်းသစ်များတီထွင်ပြီး ဖွံ့ဖြိုးအောင် လုပ်နေကြသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရသည်။

ထို့ကြောင့် ယင်းနိုင်ငံတို့၏ အတွေ့အကြုံတို့သည် မြန်မာနိုင်ငံနှင့် ကိုက်ညီချင်မှ ကိုက်ညီမည်။ အသုံးပြုကြသော ဝေါဟာရတို့ကိုကြည့်၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့် လက်တွေ့သဘောအရ အပ်စပ်သည် မအပ်စပ်သည်ကို အပေါ်ယံကြော ခန့်မှန်းလို့ ရနိုင်မည်ဟုလည်း ထင်သည်။

စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံတို့သည်ပင်လျှင် နောက်ပေါက် ကုန်ချော ထုတ်လုပ်မှုလုပ်ငန်းသစ်များ ဖွံ့ဖြိုးကျယ်ပြန့်လာစေရန်အလို့ငှာ နည်းလမ်းအသစ်များ ကြံဆနေကြရသည်။ သမားရိုးကျလမ်းကို သမားရိုးကျနည်းဖြင့် လျှောက်လှမ်း၍ မဖြစ်တော့ကြောင်း တွေ့နေကြရသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဝေါဟာရအသစ်တို့ ပေါ်လာသည်။ ဝေါဟာရအသစ်တို့သည် အတွေ့အကြုံအသစ်တို့ကို ဖော်ညွှန်းနေသည်။ ဤဝေါဟာရတို့ကို ဖော်ပြလိုက်ပါသည်။

Start-up ခုမှစ၍ ထုပ်လုပ်သူ၊ venture capital စွန့်စား၍ အသစ်ရင်းနှီးမြှုပ်နှံလာသူ၊ incubators မျိုးဖောက်ပေးသူ၊ ဥဖောက်ပေးသူ၊ seed capital မျိုးချအရင်း၊ enterprize zones ကုန်ချောလုပ်ငန်းဇုန်များ၊ OTC market (over the counter market) စတော့အိပ်စ်ချိန်းအဖွဲ့ဝင် မဟုတ်သူတို့က ငွေရင်းချေးငှားသော ဈေးကွက်၊ high-tech ဟိုက်တက်ခေါ် အဆင့်မြင့်နည်းပညာ၊ high growth ထုတ်လုပ်မှုနည်းမြင့်ခြင်း၊ new market niches ဈေးကွက်ကောင်းရရှိခြင်း၊ cultural barrier ယဉ်ကျေးမှု အဟန့်အတား၊ research triangle သုတေသနတြိဂံဇုန်၊ regenerative cycle အောင်မြင်သောလုပ်ငန်း ကုမ္ပဏီတို့က မျိုးဆက်သစ်တို့ကို အစဉ်မပြတ် ပတ်လည်မွေးထုတ်ပေးခြင်း၊ capital cycle အရင်းအနှီးလည်ပတ်မှု၊ investment iquidity ရင်းနှီးမြှုပ်နှံထားမှုကို ငွေပြန်ဖော်ရန် လွယ်ကူခြင်း၊ spin offs လွင့်စဉ်သွားသူများ၊ social cost of failures စထောင်သော ကုမ္ပဏီများကြောင့် အများက အနာခံရသောစရိတ်၊

social model volatility အပြောင်းအလဲမြန်ကြခြင်း၊ role model စံပြ အတုခိုးစရာ လုပ်ငန်းရှင်နှင့် ကုမ္ပဏီများ၊ modern folk hero ခေတ်သစ် သူရဲကောင်း စသည်တို့ ဖြစ်ကြသည်။

ထပ်ဖြည့်တန်ဖိုးရှိသော ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတို့ကို တစ်ဟုန်ထိုး ကြီးပွားရန် နည်းလမ်းများ ကြံဆလျှင် အထက်ဖော်ပြပါ ဝေါဟာရတို့ အကြောင်းကို နားလည်ရန် လိုပါလိမ့်မည်။ ဤဝေါဟာရတို့သည် အခြေပြ မှတ်တိုင်များ ဖြစ်ရုံမျှမက လမ်းပြမှတ်တိုင်များလည်း ဖြစ်ကြသည်။

ဤမှတ်တိုင်တို့ကိုကြည့်၍ ထပ်ဖြည့်တန်ဖိုးပါသော ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးလမ်းကြောင်းသည် ချိုင့်အဖုအပိမ့်တို့နှင့် ပြည့်နှက်နေကြောင်း ကနဦးခန့်မှန်းလို့ရသည်။ လမ်းသည် နိုင်လွန်ကတ္တရာ ခင်းထားသကဲ့သို့ မချောနိုင်ပေ။ လမ်းကြမ်း၏။ သို့ရာတွင် လမ်းကြမ်းခြင်းကိုက အခွင့်အလမ်းဟု ပြောစမှတ်ရှိပြန်သည်။

ထပ်ဖြည့်တန်ဖိုးပါသော ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတို့အကြောင်း ပြောလျှင် သူရဲကောင်းတော့ ရှိရမည်။ ဆိုလိုသည်မှာ လုပ်ငန်းကို ရှိစုမဲ့စု ငွေကလေးနှင့် ဟိုကရှာ ဒီကရှာပြီး စတင်စွန့်ပြီး လုပ်ငန်းထူထောင်သူများ ရှိရပေမည်။ ၎င်းတို့သည် တစ်ဦးပိုင်ဖြစ်စေ၊ မိသားစုပိုင်ဖြစ်စေ၊ လီမိတက်ဖြစ်စေ စတင်စွန့်သူများဖြစ်၍ ၎င်းတို့ကို အထက်တွင်ဆိုခဲ့သည့်အတိုင်း start up ဟု ခေါ်သည်။ venture capital လို့လည်း ခေါ်သည်။

ဤသို့ စတင်လုပ်ငန်းထူထောင်သူတို့သည် အတတ်ပညာ နည်းပညာ အနည်းနှင့်အများ ကျွမ်းကျင်ကြသည်။ ပညာကို အရင်းတည်၍ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ၎င်းတို့၏ ကျွမ်းကျင်မှုပညာသည် အဆင့်မြင့်လျှင် ဟိုက်တက်အဆင့်မြင့်နည်းပညာမှ စမည်။ အဆင့်နိမ့်လျှင် လိုးတက် (low tech) မှ စမည်။

ထို့ကြောင့် ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတွင် လိုးတက်မှ အရင်စမည်။ ဟိုက်တက်မှ အရင်စမည်ဟူ၍ လျှောနံစားထစ် ပြောလို့မဖြစ်။ စတင်ထူထောင်သူ စတပ်အပ်တို့၏ နည်းပညာ အတတ်ပညာ အဆင့်အတန်းပေါ်တွင် ဤကိစ္စက တည်ပါလိမ့်မည်။

ကောင်းပါပြီ။ အရင်းအနှီး ဘယ်ကရမလဲဟု မေးရတော့မည်။ မိမိရှိစုမဲ့စု စုဆောင်းထားငွေတို့ကို အရင်းအနှီးလုပ်၊ မလောက်လျှင် ချမ်းသာသူများဆီမှ ချေး၊ ဘဏ်တွေရှိလျှင် ဘဏ်ကချေး၊ အစိုးရက အားပေးမည်ဆိုလျှင် အစိုးရဆီကချေး။ ဤသို့ပင် အစပျိုးပြီး ဆောင်ရွက်ကြဖို့သာရှိသည်။ ဤသို့ အစပျိုးရန် လိုအပ်သော အရင်းအနှီးတို့ကို မျိုးစေ့ချ အရင်းအနှီး (seed capital) ဟုခေါ်သည်။

စီးပွားရေးပညာရှင်တစ်ဦးက စတတ်အပ်များ ပေါ်ထွန်းလာစေရန် အလို့ငှာ ပတ်ဝန်းကျင်၌ သူဌေးများရှိလျှင် အလွန်ကောင်း၏ဟု ထောက်ပြသည်။ အမေရိကန်ရှိ မြို့တစ်မြို့တွင် မြို့ပေါ်သူဌေးတို့က မျိုးစေ့ချ အရင်းအနှီးတို့ကို ဝိုင်းဝန်းထောက်ပံ့ကြသဖြင့် ဤမြို့သည် စက်မှုနည်းပညာလုပ်ငန်းများဖြင့် ဖွံ့ဖြိုးနေခဲ့သည်။ အနည်းဆုံး မြို့တွင်း အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းလိုက်နိုင်သည်ဟု ဆိုသည်။

စတတ်အပ်များအတွက် မျိုးစေ့ချအရင်းအနှီးတို့မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြပေ။ လေ့လာဆနးစစ်ချက်တစ်ခု၏ ဖော်ပြချက်အရ အမေရိကန်တွင် စတတ်အပ်တစ်ခုသည် မျိုးစေ့အရင်းအနှီး ဒေါ်လာရှစ်သိန်းဖြင့် စသည်။ ဗြိတိန်တွင် ဒေါ်လာခြောက်သိန်းဖြင့် စသည်၊ ဆွီဒင်တွင် ဒေါ်လာနှစ်သိန်းဖြင့် စသည်။

ဤကိစ္စနှင့်စပ်ဆိုင်ပြီးပြောရလျှင် အနီးအနားပတ်ဝန်းကျင်၌ သူဌေးတွေရှိလျှင် ကောင်းသကဲ့သို့ ကြက်ဥဖောက်စက်ကဲ့သို့ မျိုးအကောင်လိုက်ဖောက်ပေးသူများ (incubators) ရှိလျှင် သာလွန်၍ကောင်းပါသည်။ ယင်းမှာ အဓိကအားဖြင့် လုပ်ငန်းအောင်မြင်နေသော ကုမ္ပဏီကြီးတို့ကို ဆိုလို၏။

ဤကုမ္ပဏီကြီးတို့သည် နည်းပညာ အတတ်ပညာ ကောင်းကောင်းတို့ကို တီထွင်ဖန်တီးပြီး ထုတ်လုပ်ကြရင်း ကျွမ်းကျင်သော နည်းပညာ အတတ်ပညာရှင်တို့ကို လေ့ကျင့်ပြီး မွေးထုတ်ပေးတတ်၏။ ထို့အပြင် ခေတ်မီသော စီမံအုပ်ချုပ်မှုပညာတို့ကိုလည်း ဆင့်ပွားပေးတတ်သည်။

ဤကုမ္ပဏီကြီးတို့တွင် ကျွမ်းကျင်သူပညာရှင်များအဖြစ် အလုပ်လုပ်နေသူတို့သည် အတွေ့အကြုံတွေ အတော်ရလာသောအခါ အလုပ်မှ

ထွက်ကြပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ကြပေသည်။ ဤပင်ရင်းကုမ္ပဏီကြီးတို့ကလည်း ဤသို့ခွဲထွက် တစ်စင်ထောင်ခြင်းကို မဟန့်တားပေ။ မဟန့်တားသည့်အပြင် ဖော်ပြခဲ့သည့် မျိုးစေ့ချ အရင်းအနှီးတို့ကိုပင် အနည်းနှင့်အများ ထောက်ပံ့ကြသေးသည်။

ဤသို့သော ကုမ္ပဏီတို့ကို အထက်တွင်ဆိုခဲ့သည့်အတိုင်း မျိုးဖောက်ကုမ္ပဏီများဟု ခေါ်ကြသည်။ အတတ်ပညာရှင် နည်းပညာရှင်တို့ကိုသာမက လုပ်ငန်းသစ်တို့ကို မွေးထုတ်ပေးကြသည်။ ယနေ့ မျက်မှောက်ခေတ်၌ဖြစ်စေ၊ နောင်အနာဂတ်၌ဖြစ်စေ ထပ်ဖြည့်တန်ဖိုးများ အများအပြား ပါဝင်သော ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတို့ကို ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် ဤသို့သော မျိုးဖောက်ကုမ္ပဏီများ ထွန်းပေါက်ဖို့ အမှန်တကယ်လိုအပ်သည်ဟု ပညာရှင်တို့က ဆိုကြသည်။

ယဉ်ကျေးမှုအဟန့်အတား

မျိုးဖောက်ကုမ္ပဏီများ ဆိုသည်မှာ စကားလှအောင်ပြောသကဲ့သို့ ဖြစ်နေသည်။ စင်စစ်၌ ပညာနှင့် ကျွမ်းကျင်မှုလည်းစုံရော ခွဲထွက်ပြီး တစ်စင်ထူထောင်စေသည့်သဘောဖြစ်၏။ သဘောထားကြီးသော ယဉ်ကျေးမှုသာ မရှိလျှင် ဤလိုဖြစ်စဉ်မျိုးသည် ခေတ်စားဖို့ရာ အလွန်ခဲယဉ်းပါလိမ့်မည်။

ထို့ကြောင့် မျိုးဖောက်ကုမ္ပဏီများ ထွန်းကားရေးဆိုသည်မှာ ယဉ်ကျေးမှုအဟန့်အတား ရှိမရှိ၊ ရှိလျှင် မည်သည့်အတိုင်းအတာအထိ ရှိသနည်း ဆိုသော အချက်ပေါ်တွင် တည်ပါလိမ့်မည်။ ကုမ္ပဏီခွဲထောင်သည် ဆိုသည်မှာ 'ကာပြန်သည်' ဟု အယူရှိသော ယဉ်ကျေးမှုတွင် ပညာစုံ၍ ခွဲထောင်သူများကို အားပေးဖို့ နေနေသာသာ ဝိုင်းဝန်းပြီး ချိုးနှိမ်ပစ်ဖို့သာ များပါလိမ့်မည်။

သို့ရာတွင် မည်သို့သော ယဉ်ကျေးမှုအဟန့်အတားတို့ပင်ရှိရှိ၊ မျိုးဖောက်ကုမ္ပဏီများ တစ်နည်းတစ်ဖုံ ရှိဖို့ရာကား မလွဲမသွေ လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လိုလျှင် ဤသို့သော မျိုးဖောက်ကုမ္ပဏီကြီးများ ပေါ်ထွန်းလာရန် အားပေး

ရမည်ဟု ဆိုကြသည်။ မျိုးဖောက်ကုမ္ပဏီများမရှိဘဲ ကုန်ချောစက်မှုလုပ်ငန်း မတိုးတက်နိုင်ဟုပင် အပြောရှိသည်။

ဤနေရာ၌ ဆက်စပ်လာသော ကိစ္စတစ်ရပ်သည် အိုတီစီ (OTC) ဈေးကွက် ကျယ်ပြန့်လာရေးပင်ဖြစ်၏။ အိုတီစီဆိုသည်မှာ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတို့တွင် သုံးစွဲသောစကားဖြစ်၏။ စတော့အိပ်စ်ချိန်းဟူ၍ အစုရှယ်ယာ များ ရောင်းဝယ်သော ဒိုင်များ ရှိကြလေသည်။

စတော့အိပ်စ်ချိန်းတို့တွင် စာရင်းတင်သွင်း၍ မှတ်ပုံတင်ထားကြ သော ကုမ္ပဏီတို့မှ အစုရှယ်ယာနှင့် အီကွိတီတို့ကိုသာလျှင် စတော့အိပ်စ် ချိန်း၌ အရောင်းအဝယ်ပြုလုပ်နိုင်သည်။ အထက်တွင် ဖော်ပြသော စတက် အပ်တို့သည် စတော့အိပ်စ်ချိန်းသို့ မဝင်နိုင်ကြပေ။ ငွေရင်းနည်းပြီး ကုမ္ပဏီ တွေက ငယ်နေသေး၏။ ထို့အပြင် ခုမှစတင်၍ ထူထောင်သော လုပ်ငန်း များ ဖြစ်ကြသည်။

သို့သော် စတတ်အပ်တို့အတွက် အားငယ်စရာမလိုပေ။ စတော့ အိပ်စ်ချိန်းတွင် စာရင်းမသွင်းထားသော ကုမ္ပဏီတို့၏ အစုရှယ်ယာတို့ကို ရောင်းဝယ်ရန် လက်ခံသော ဈေးကွက်ကားရှိ၏။ စတော့အိပ်စ်ချိန်း အပြင် အပတွင် စတော့အိပ်စ်ချိန်း အဖွဲ့ဝင်မဟုတ်သော ကုမ္ပဏီတို့၏ အစုရှယ်ယာ တို့ကို ရောင်းဝယ်ဖောက်ကားသော ဈေးကွက်ရှိလေသည်။ ဤဈေးကွက် ကို ဆိုခဲ့သည့်အတိုင်း အိုတီစီဈေးကွက်ဟု ခေါ်သည်။

စတတ်အပ်တို့သည် မိမိတို့က ရင်းနှီးထုတ်ဝေသော အစုရှယ်ယာ တို့ကို အိုတီစီဈေးကွက်တွင် ရောင်းချနိုင်သည်။ သဘောမှာ မိမိတို့ အစု ရှယ်ယာတို့ကို လွယ်လွယ်ကူကူ ငွေရင်းဖော်နိုင်ခြင်းပင်ဖြစ်သည်။ ဤအချက် ကို investment liquidity ဟုခေါ်သည်။ ငွေပြန်ဖော်ရန် လွယ်ကူသော အဓိပ္ပာယ်ဖြစ်၏။

အိုစီတီဈေးကွက်သည် အစုရှယ်ယာမှောင်ခို ဝယ်ရောင်းဈေးကွက် မဟုတ်ပေ။ စတော့အိပ်စ်ချိန်း ပြင်ပ၌ စတော့အိပ်စ်ချိန်းအဖွဲ့ဝင်မဟုတ်သော ကုမဏီတို့၏ အစုရှယ်ယာတို့ကို အရောင်းအဝယ်မပြုလုပ်ရဟု ဥပဒေအရ တားမြစ်ထားခြင်းမရှိပေ။ ထို့ကြောင့် မှောင်ခိုမဟုတ်၊ တရားဝင်အရောင်း အဝယ်ဌာနဖြစ်၏။

မြန်မာနိုင်ငံ၌ စတော့အိပ်စ်ချိန်းမရှိပေ။ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေရင်းလိုလျှင် ဘဏ်တို့ကို အားကိုး၊ မလောက်လျှင် ပြင်ပငွေတိုးချေးစားသူများကို အားကိုး၊ ဤနည်းသာရှိသည်။ မြန်မာ့နည်း မြန်မာ့ဟန် အိုတီစီဟု ဆိုရမလားမသိပေ။

မည်သို့ပင်ဖြစ်စေ ကုန်ချောထုပ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် အထက်တွင်ဖော်ပြခဲ့သော မျိုးဖောက်ကုမ္ပဏီများ ရှိရမည့်အပြင် ယခုဖော်ပြခဲ့သော အိုတီစီဆန်ဆန် ဈေးကွက်မျိုးတို့ကိုလည်း ပေါ်ပေါက်ထွန်းကားရပါလိမ့်မည်။

စတတ်အပ်တို့ဘက်ကလည်း သတိထားရမည့်အချက်ရှိပါသည်။ ကျွမ်းကျင်မှုအတတ်ပညာလည်း အတော်အသင့်ရှိပြီ၊ အရင်းအနှီး ဈေးကွက်ကောင်းကောင်းလည်းရှိပြီ။ ငွေရင်းလွယ်လွယ်ဖော်နိုင်ရန် အခြေအနေကောင်းတွေလည်းရှိပြီ။ ဤအခြေအနေတွင် မိမိဘက်က အရင်းမပြုတ်အောင် ကြိုးစားဖို့ကား အထူးလိုအပ်ပေသည်။

အမြတ်ပေါ်လာလျှင် လုပ်ငန်းထဲ အချိုးအစား များများပြန်မြှုပ်ရန် လိုပါလိမ့်မည်။ အမြတ်ကို အကုန်သုံးပစ်ဖို့မဟုတ်ပေ။ ဤသို့ အမြတ်တို့ကို လုပ်ငန်းထဲ ပြန်၍ပြန်၍ထည့်ပြီး လုပ်ငန်းကို အစဉ်မပြတ် တိုးချဲ့ပေးရခြင်းကို အရင်းအနှီးလည်ပတ်မှု (capital cycle)ဟုခေါ်သည်။

ဤလည်ပတ်မှုကို သွက်သွက်လက်လက်ဖြစ်အောင် ချဲ့ကားကြီးမားလာအောင် ဆောင်ရွက်နိုင်၍ အကျိုးဖြစ်ထွန်းသူများရှိသကဲ့သို့ လည်ပတ်မှုကို မထိန်းနိုင်၍ အရင်းပြုတ်သွားသည့် စတတ်အပ်များလည်း အများအပြားရှိတတ်ပေသည်။ ဤသို့ အရင်းပြုတ်သွားသူများကို အရင်းအနှီးလည်ပတ်မှုမှ လွင့်စဉ်ထွက်ကျသွားသူများ (spin offs) ဟုခေါ်ကြသည်။

ယခုအခါ ခေတ်မီသော နည်းပညာနှင့် အတတ်ပညာတို့ကို အခြေခံသော စက်မှုနည်းပညာ ထုတ်လုပ်မှုလုပ်ငန်းတို့ကိုလည်းကောင်း၊ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတို့ကိုလည်းကောင်း၊ သုတေသနလုပ်ငန်း တို့ကိုလည်းကောင်း စက်မှုဇုန် (enterprise zones) ဟု သတ်မှတ်ထားသော ဒေသတို့ထဲသို့ သွတ်သွင်းပြီး စည်ပင်ဖွံ့ဖြိုးအောင်ဆောင်ရွက်သောနည်းသည် အလွန်

ခေတ်စားလျက်ရှိ၏။ ဤသို့အားဖြင့် ဇုန်များဖွဲ့၍ ဇုန်အတွင်းထည့်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နေကြသည်မှာ ခေတ်ပေါ်လက္ခဏာဟု ဆိုရလိမ့်မည်။

အချို့နိုင်ငံတို့က ဖွံ့ဖြိုးရေးဇုန်ဟု နာမည်ပေး၏။ အချို့နိုင်ငံတို့က လွတ်လပ်သော စီးပွားရေးဇုန်ဟု နာမည်ပေး၏။ အချို့က နှစ်နိုင်ငံ သုံးနိုင်ငံ ပူးပေါင်းပြီး တြိဂံဖွံ့ဖြိုးရေးဇုန်များ ဖွဲ့ကြသည်။ အချို့က ပန်းခြံဟု နာမည်ပေးသည်။ အမေရိကန်နိုင်ငံတွင် ကာလီဖိုးနီးယားရှိ ဆီလီကွန်ဗယ်လီ၊ မက်ဆာချူးဆက်ရှိ ရုဒ် ၁၂၈၊ အမေရိကန်တောင်ပိုင်းရှိ ဆန်းဘဲလ်ဒေသတို့သည် စတတ်အပ်တို့နှင့် အလွန်ဖွံ့ဖြိုးတိုးတက် စည်ပင်နေသော စီးပွားရေးဇုန်တို့ ဖြစ်ကြလေသည်။

**အစိုးရကဏ္ဍ**

ဤစီးပွားရေးဇုန်တို့နှင့်ပတ်သက်၍ ဗဟိုအစိုးရနှင့် ဒေသအစိုးရတို့၏ ပါဝင် ပတ်သက်ပုံတို့ကို ပညာရှင်တို့က သုတေသနပြုထားကြသည်။ ဤစီးပွားရေးဇုန်တို့သည် အစိုးရ၏ အားပေးကူညီမှုမရှိဘဲ မတိုးတက်နိုင်သည်ကား အထင်အရှားပင် ဖြစ်ပေသည်။

ဤကိစ္စနှင့် ပတ်သက်၍ လက်တွေ့ဖြစ်ရပ်သာဓကတို့ကို လေ့လာသုံးသပ်ပြီးသည့်နောက် ပညာရှင်တို့က အစိုးရ၏ကဏ္ဍကို အောက်ပါအတိုင်း စာရင်းဇယားပြုစု၍ ပြသပါသည်။

(၁) ဇုန်ခေါ်ခေါ်၊ စင်တာခေါ်ခေါ်၊ စက်မှုစီးပွားရေးဒေသများ ဖော်ထုတ်ပေးဖို့လိုသည်။

(၂) ဤဇုန်တို့တွင် အခွန်သက်သာခွင့်များ ရက်ရက်ရောရော ပေးဖို့လိုသည်။ မြေနေရာ ရှာဖွေချထားပေးဖို့လိုသည်။

(၃) အစိုးရက လုပ်ငန်းရှင်တို့အား ချေငှားမည့်အစီအစဉ်များ ရှိရမည်။

(၄) အစုရှယ်ယာ စတော့ဈေးကွက် အခွင့်အလမ်းများ တိုးချဲ့ပေးရမည်။

(၅) အစိုးရကန်ထရိုက်များ ချပေးရမည်။
(၆) ကျွမ်းကျင်မှု အကူအညီများ ပေးရမည်။
(၇) လိုင်စင်စည်းကမ်းကဲ့သို့သော အစိုးရစည်းကမ်းတို့ကို အလွယ်တကူလိုက်နာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်။
(၈) မရှိမဖြစ် အလွန်အရေးကြီးသည့် လျှပ်စစ်မီး မှန်မှန်ရရှိရေးကို စီမံပေးရမည်။
(၉) ဖော်ပြပါဇုန်တို့ကို တက္ကသိုလ်များကဲ့သို့ သုတေသနဌာနများနှင့် နီးကပ်နေစေရမည်။ ဤကိစ္စနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံတွင် သုတေသနဌာန အတော်များများကို အဆိုပါဇုန်များထဲသို့ သွတ်သွင်းထားသည်၊ ချိတ်ဆက်ပေးထားသည်ကို သင်ခန်းစာယူလိုက ယူနိုင်သည်။
(၁၀) ဇုန်ထဲ၌ဖြစ်စေ၊ ဇုန်ပြင်ပ၌ဖြစ်စေ၊ အရေးကြီးသော ဗဟိုအချက်အချာကျသော နေရာတို့နှင့် အဆက်အသွယ်ကောင်းမွန်စေရန် အခြေခံကျောထောက်နောက်ခံ အဆောက်အအုံတို့ကို တည်ဆောက်ပေးရမည်။
(၁၁) အင်တာပရိုက်စ်ဇုန်တို့သည် ခေတ်အမီဆုံး ဆက်သွယ်ရေးစနစ်နှင့်သတင်းစနစ်တို့ကို အခြေခံရမည်ဖြစ်သည့်အလျောက် ဤအတွက်လိုအပ်သော ကျောထောက်နောက်ခံ အဆောက်အအုံတို့ကို တည်ဆောက်ပေးရမည်။

ယင်းတို့ကား ထပ်ဖြည့်တန်ဖိုးများသည့် ကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုနည်းပညာထုတ်လုပ်မှုလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ အစိုးရကပါဝင်ပတ်သက်ထိုက်သည့် ကဏ္ဍတို့ကို ဖော်ပြခြင်းဖြစ်ပါသည်။

ဤနေရာ၌ တပ်ဖြည့်ကုန်ချောထုပ်လုပ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတို့ ဖွံ့ဖြိုးရေးတို့ကို ပုဂ္ဂလိကပိုင်းကို အခြေခံ၍ ဆောင်ရွက်ရမည်ဆိုသောယူဆချက်ဖြင့် အထက်တွင် ရေးသားခဲ့ခြင်းဖြစ်ကြောင်း သတိချပ်စေလိုပါသည်။ အစိုးရပိုင်တို့ဖြင့် ထူထောင်ဖွံ့ဖြိုးရန် ယူဆချက်မရှိပါပေ။

မည်သို့ပင်ဖြစ်စေ ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် စတတ်အပ်များ သွက်သွက်လက်လက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာရန်မှာ အခက်အခဲများ

အတော်ရှိပေသည်။ ပထမအခက်အခဲမှာ စတတ်အပ် ထူထောင်လိုသူတို့ အဖို့ ခနချို့တဲ့ကြခြင်းပင်ဖြစ်၏။

ဒုတိယအခက်အခဲမှာ လုပ်ငန်း စတင်ထူထောင်ရန်မှာ အာဏာရှိသူများနှင့် အဆက်အသွယ်ကောင်း ရနိုင်မှုအပေါ်တွင် မှီတည်နေသော အချက်ဖြစ်သည်။ တတိယအခက်အခဲမှာ ကျွမ်းကျင်မှုအသစ်တို့ကို အလွယ်တကူ မရရှိနိုင်သဖြင့် ဖြစ်သလို အစားထိုးပြီး လုပ်ရကိုင်ရသော အခြေအနေတို့ ဖြစ်သည်။ ဟိုဟာခုတ်ထည့်၊ ဒီဟာခုတ်ထည့် ဆိုသည့် မြန်မာစကားဆရာတို့၏ စကားအတိုင်း ဖြစ်ပါလိမ့်မည်။ သဘောမှာ ပစ္စည်းအမျိုးအစား အသစ်တို့ကို တီထွင်ရန် မလုံးပန်းနိုင်ခြင်းပင်ဖြစ်သည်။ အမျိုးအစားသစ် တီထွင်ထုတ်လုပ်ခြင်း (product innovation) ကို မလုပ်နိုင်ကြပေ။

မည်သို့ပင် အခက်အခဲများ ရှိကြစေကာမူ ထပ်ဖြည့်ကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုနည်းပညာထုတ်လုပ်မှုလုပ်ငန်းနှင့် အသစ်အဆန်း တီထွင်မှုတို့ပေါ်တွင် အခြေခံရသော လုပ်ငန်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်စေသော လမ်းကို လျှောက်လှမ်းလိုပါလျှင် အထက်တွင်ဖော်ပြခဲ့သော အချက်တို့ကို မျက်ခြည်ပြတ်ဖို့ရာ မဖြစ်ဟု အဓိကတင်ပြအပ်ပါသည်။

အထက်ပါဆောင်းပါးကို အနုမာန် မှတ်းဆချက်နှစ်ရပ်တွင် အခြေခံ၍ ရေးသားခြင်း ဖြစ်ပါသည်။ ပထမမှန်းဆချက်မှာ ပုဂ္ဂလိက ကုမ္ပဏီတို့ကို အခြေခံအားပေး၍ ဖွံ့ဖြိုးစေရာ၏ဟူ၍ ဖြစ်၏။ ဒုတိယမှန်းဆချက်မှာ လျှပ်စစ်မီးပြဿနာ၊ စွမ်းအင်ပြဿနာမရှိဟု မှန်းဆထားခြင်း ဖြစ်ပါသည်။

**ခနမဂ္ဂဇင်း**

**အတွဲ ၄၊ အမှတ် ၉ ၊ မတ်လ ၊ ၁၉၉၄ ခုနှစ်။**

◀ ▲ ▶

# အညွှန်းသုံးပါးကို လက်စွဲထား၍

အာရှနိုင်ငံတို့သည် နိုင်ငံခြားအရင်းအနှီးတို့ကို အငမ်းမရ လိုချင်နေကြ၏။ သဘောမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အပြိုင်အဆိုင်များ ပြင်းထန်နေခြင်းပင် ဖြစ်သည်။ ဟိုကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဒီကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပြိုင်ဖြစ်နေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကလည်း အလားအလာနှင့် အန္တရာယ်တို့ကို ကြည့်ကြတွက်ကြ၏။ သချော့မှလာ၏။ မသေချာလျှင် မလာပေ။ ဤသို့ တွက်ကြကြည့်ကြရာတွင်လည်း အရမ်းကာရော ကြည့်ကြသည်မဟုတ်ပေ။ ဖြန်းသန်းကြည့်ကြသည် မဟုတ်ပေ၊ ဗေဒင်မေးပြီး ချိန်ကြည့်ကြသည် မဟုတ်ပေ။ စံစနစ်တကျ ပညာသားပါပါနှင့် လေ့လာတွက်ချက်ပြီး ကြည့်ခြင်းဖြစ်၏။

ဤသို့သော ပညာသားပါသည့် တွက်ချက်နည်းတို့ကို စီးပွားရေးပညာရှင်တို့က တွက်ချက်ပေးကြပါသည်။ ယင်းတွက်ချက်နည်းတို့ကို ရင်းနှီးမြှုပ်နှံမှု ဘေးအန္တရာယ်ပြအညွှန်း (investment risk indicator) ဟု ခေါ်ကြသည်။ အိုင်အာအိုင်ဟု အတိုကောက်ခေါ်နိုင်သည်။

အိုင်အာအိုင်တွင် သက်ဆိုင်ရာ စီးပွားရေးစံတို့ကိုသာ ထည့်သွင်းတွက်ချက်သည်မဟုတ်၊ နိုင်ငံရေးကိုလည်း အချက်တစ်ချက်အဖြစ် ထည့်သွင်းစဉ်းစားထားသည်။

သို့ဖြစ်ရာ အိုင်အာအိုင်တွင် အချက် ၁၀ ချက် ပါလာသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဖောင်းပွမှု (ကုန်ဈေးနှုန်းတက်ခြင်း)

(၂) အတိုးနှုန်းများ
(၃) ဖွံ့ဖြိုးမှုတိုးတက်နှုန်း (growth)
(၄) ကျောထောက်နောက်ခံ အခြေခံအဆောက်အအုံများ (လမ်းပန်း၊ စွမ်းအင်၊ ဆက်သွယ်ရေးစနစ် စသည်တို့)
(၅) အလုပ်သမား (ပဋိပက္ခနှင့် အလုပ်သမားရှားပါးမှုတို့ အပါအဝင်)
(၆) ဗျူရိုကရေစီအဟန့်အတားများ
(၇) စီးပွားရေးတွင် အစိုးရ ဝင်ရောက်စွက်ဖက်မှုများ
(၈) ပြည်တွင်းပြည်ပ လက်နက်ကိုင် ပဋိပက္ခခြိမ်းခြောက်မှု
(၉) နိုင်ငံရေးအပြောင်းအလဲမြန်မှု (political volatility)နှင့်
(၁၀) စီးပွားရေးလောက၏ ယုံကြည်မှုအခြေအနေ (business confidence level) တို့ ဟူ၍ ဖြစ်၏။

တိုင်းပြည်တစ်ပြည်သို့ ဝင်ရောက်မမြှုပ်နှံမီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့သည် အထက်ဖော်ပြပါ ၁၀ ချက်တို့ကို အခြေခံ၍ မိမိရင်းနှီးမြှုပ်နှံမည့် နိုင်ငံ၏ အနေအထားတို့ကို အကဲခတ်ကြည့်ကြပါသည်။ စင်စစ်၌ အာရှနိုင်ငံအားလုံးအတွက် တစ်နိုင်ငံစီလိုက်အပေါ် တွက်ချက်ကြည့်ထားပြီး ဖြစ်ပါလိမ့်မည်။

အချို့ပညာရှင်တို့က ဖော်ပြပါ ၁၀ ချက်အပြင် အချက်တစ်ချက်ကိုလည်း ထပ်မံတိုးလိုကြသေး၏။ ဤသည်မှာ 'ပုန်းအောင်းနေသောစရိတ်' (hidden cost) အကြောင်းဖြစ်သည်။ အာရှနိုင်ငံအများအပြားတွင် ချောဆိုခေါ်ခေါ် သကာရေဟုပြောပြော လာဘ်ပေးလာဘ်ယူမှုတို့ကား အလွန်များလှ၏။ ထို့အပြင် ရှောင်တခင်စရိတ်နှင့် မမျှော်လင့်ထားသော စရိတ်တို့ကလည်း အလွန်ကြီးမားလှသည်။ ဤစရိတ်တို့ကို ပုန်းအောင်းနေသော စရိတ်များဟု ခေါ်ကြပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်ပြ အညွှန်းထဲတွင် ဤစရိတ်တို့ကိုလည်း ထည့်သွင်းစဉ်းစားလိုကြသည်။

မည်သို့ပင်ဖြစ်စေ ဖော်ပြပါအချက်တို့ကို တစ်ချက်စီအလိုက် အမှတ်ပေးကြပါသည်။ ကျောင်းစာမေးပွဲတို့တွင် အမှတ်ပေးသကဲ့သို့ အချက်

တစ်ချက်စီတွင် ၁၀ မှတ်များ အများဆုံးပေးကြ၏။ အပြည့်ရကြသည်မရှိပါ။ မည်သို့ပင်ရှိစေ တစ်ချက်စီလိုက်ရသော အမှတ်တို့ကို ပေါင်း၍ စုစုပေါင်း အမှတ်ရာကြပြန်၏။ စုစုပေါင်း အမှတ်များလျှင် ဘေးအန္တရာယ်နည်းပါးသည်။ စုစုပေါင်း အမှတ်နည်းလျှင် ဘေးအန္တရာယ်များပါသည်။ ပြောင်းပြန်ဆက်ဆံမှု ရှိသည်ကို သတိချပ်ရာသည်။

အမှတ်ပေးပုံပေးနည်း ဥပမာပြရလျှင် ဖောင်းပွမှုအပိုင်း၌ ဖောင်းပွမှုနှုန်း ၁. ၉၉ ရာခိုင်နှုန်းရှိလျှင် ၁၀ မှတ်ပေးထားပါသည်။ ထိုမှ နှစ်ရာခိုင်နှုန်း တိုးတိုင်း တစ်မှတ်စီလျှော့သွားလိုက်ပါသည်။ အတိုးနှုန်းကိုလည်း ဤနည်း အတိုင်း တွက်သည်။ ဖွံ့ဖြိုးမှု တိုးတက်မှုအပိုင်းအတွက် တွက်ရာတွင်မူ၊ ဂျီဒီပီခေါ် တိုင်းပြည်ကုန်ထုတ်တန်ဖိုးကို သုညမှစ၏။ တစ်ရာခိုင်နှုန်းတိုးတိုင်း တစ်မှတ်စီတိုးပေးသွားပါသည်။

နိုင်ငံရေးအပြောင်းအလဲမြန်မှု၊ လက်နက်ကိုင် ပဋိပက္ခခြိမ်းခြောက်မှု၊ စီးပွားရေးတွင် အစိုးရက ဝင်ရောက်စွက်ဖက်မှု၊ ဗျူရိုကရေစီအဟန့်အတားများ၊ အလုပ်သမားပဋိပက္ခနှင့် အလုပ်သမားရှားပါးမှုနှင့် ကျောထောက်နောက်ခံ အဆောက်အအုံတို့နှင့် ပတ်သက်၍မူ အခြေအနေတို့နှင့် လက်ပွန်းတတီး နီးစပ်နေသော သတင်းစာဆရာတို့၏ အမြင်တို့ကို အခြေခံ၍ တွက်ကြည့်ပြီး အမှတ်ပေးကြပါသည်။

နောက်ဆုံးအချက်ဖြင့်သော စီးပွားရေးလောက၏ ယုံကြည်မှုအခြေအနေနှင့် ပတ်သက်လျှင် သီးသန့်တွက်နည်းဖြင့် တွက်ကြပါသည်။

ဤတွက်နည်းကို ဖရင့်စမော အင် အက်အိုဆီအေ့အဖွဲ့ (Frank Small & Associate) က အာရှနိုင်ငံအားလုံးအတွက် စစ်တမ်းယူ၍ တွက်ချက်ထားပြီး ဖြစ်ပါသည်။ ယုံကြည်မှုအညွှန်း (confidence index) ဟုခေါ်၏။ ဤစစ်တမ်းမှ အညွှန်းကို အသုံးပြု၍ အထက်တွင်ဖော်ပြသော ဘေးအန္တရာယ်ပြအညွှန်းတွင် အမှတ်ပေးထားခြင်း ဖြစ်ပါသည်။

ယုံကြည်မှုအညွှန်းတွင် (၁) ပြည်တွင်းဈေးကွက်၊ (၂) ပြည်ပပို့ကုန်ဈေးကွက်၊ (၃) ကုန်ထွက်နှင့် အရောင်းပမာဏ၊ (၄) အမြတ်၊ (၅) ကုမ္ပဏီ

၏ အလားအလာနှင့် (၆) တိုင်းပြည်စီးပွားရေး၏ အလားအလာတို့ကို စံချိန်များအဖြစ် သတ်မှတ်ထားပါသည်။

ဤသို့ တွက်ချက်ရသော ယုံကြည်မှုအညွှန်းအရ ဗီယက်နမ်သည် ၈၄ မှတ်၊ အင်ဒိုနီးရှားသည် ၈၂ မှတ်၊ မလေးရှားသည် ၇၇ မှတ်၊ ထိုင်းသည် ၇၀ မှတ်၊ တောင်ကိုရီးယားသည် ၆၇ မှတ်၊ ဖိလစ်ပိုင်သည် ၆၅ မှတ် စသည်ဖြင့် အသီးသီး အမှတ်များ ရကြသည်။ အမှတ်ကောင်းသည့် နိုင်ငံသည် ယုံကြည်မှုအညွှန်းအားကောင်းရာပြသည်။ တစ်နည်းဆိုလျှင် စီးပွားရေးလောက၏ ယုံကြည်မှုအားကြီးရာကို ပြပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဘေးအန္တရာယ်ပြအညွှန်းနှင့် ယုံကြည်မှုအညွှန်းတို့အပြင် အခြားအညွှန်းတစ်ခုကိုလည်း လေးလေးနက်နက် တွက်ချက်ကြည့်ကြသေး၏။ ဤအညွှန်းမှာ ကုမ္ပဏီတစ်ခုက လာမည့်ကာလတွင် မည်သည့်အချက်တို့အပေါ်တွင် မည်သို့စိုးရိမ်ကြသနည်းဟု ဖော်ပြပေသည်။ အနာဂတ်အတွက် စိုးရိမ်ချက်များ (concern for future) ဟု ခေါ်ကြသည်။

ဤစိုးရိမ်မှုအညွှန်းသည် ဘေးအန္တရယ်ပြအညွှန်းနှင့် မတူပေ။ ဘေးအန္တရာယ်ပြအညွှန်းမှာ တစ်ခုလုံးကို ခြုံ၍ကြည့်ခြင်းဖြစ်၍ စိုးရိမ်မှုအညွှန်းမှာ ကုမ္ပဏီတစ်ခုစီက မိမိကုမ္ပဏီ၏ ရှေ့အလားအလာနှင့် ပတ်သက်၍ သီးခြားကြည့်ခြင်း ဖြစ်ပေသည်။ သီးခြားစိုးရိမ်ခြင်းဖြစ်သည်။

စိုးရိမ်မှုအညွှန်းတွင် အချက် ၁၁ ချက်ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) တင်းကျပ်သော ပြိုင်ဆိုင်မှု၊
(၂) မြင့်မားသော အတိုးနှုန်းများ၊
(၃) ငွေသားလှည့်လည်စီးဆင်းမှု (cash flow)
(၄) ကုန်ကြမ်းပစ္စည်းစရိတ်နှင့် ပစ္စည်းရနိုင်မှု၊
(၅) ငွေတန်ဖိုးချခြင်း၊ ကျခြင်း (devaluation)
(၆) မလုံလောက်သော ဝယ်လိုအား (insufficient demand)
(၇) ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ပစ္စည်း အသယ်အပို့လုပ်ငန်း

အရှိန် (speed of service or deliveries)

(၈) နိုင်ငံရေးမတည်ငြိမ်မှု

(၉) စက်မှုလုပ်ငန်း မငြိမ်မသက်မှုများ (industrial unrest)

(၁၀) အလုပ်သမားရနိုင်မှုနှင့် လုပ်အားရောင်းလိုအားနှင့်

(၁၁) အခြားအခက်ခဲများတို့ ဟူ၍ဖြစ်သည်။

အထက်ဖော်ပြပါ အချက်တို့တွင်လည်း တစ်ချက်စီလိုက်၍ အမှတ်များ ပေးကြပါသည်။ သည့်နောက် ဖော်ပြပါအချက် ၁၁ ချက်အနက် မည်သည့်အချက်တို့တွင် အဓိက စိုးရိမ်ပါသနည်းဟုမေးသော အမေးကို ဖြေဆို ဖော်ပြကြရန် ဖြစ်ပါသည်။ ဘယ်အချက်အပေါ် အဓိကစိုးရိမ်သနည်း၊ ဖြေကြည့်ကြဖို့ ဖြစ်၏။

သို့ဖြစ်လေရာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမည့်သူတို့သည်လည်းကောင်း၊ မြှုပ်နှံထားပြီးဖြစ်သူတို့သည်လည်းကောင်း

(၁) ဘေးအန္တရာယ်ပြအညွှန်း၊

(၂) ယုံကြည်မှုအညွှန်းနှင့်

(၃) စိုးရိမ်မှုအညွှန်းတို့ကို

မျက်ခြည်မပြတ်ဘဲ ဒေါက်ထောက်ကြည့်နေကြပါသည်။ ဤအညွှန်းကို လက်စွဲပြု၍ နိုင်ငံတစ်နိုင်ငံတွင် အရင်းအနှီးသွားရောက် မြှုပ်နှံသင့်မသင့်၊ မြှုပ်နှံပြီးလျှင်လည်း ပြန်ရုပ်သိမ်းသင့်မသင့်ဆိုသော အချက်တို့ကို အလေးအနက် ချိန်းဆဆုံးဖြတ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ ဖော်ပြပါ အညွှန်းသုံးပါးသည် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များအတွက်လည်း လမ်းညွှန်အဖြစ် အသုံးဝင်ဖွယ်ရှိလိမ့်မည်ဟု ယုံကြည်၍ တစ်ဆင့်ဖောက်သည်ချလိုက်ရပါသည်။

**ဓနမဂ္ဂဇင်း**

**အတွဲ ၄၊ အမှတ် ၁၀၊ ဧပြီလ၊ ၁၉၉၄ ခုနှစ်။**

# ဒေါ်လာနှုန်း ဘယ်လို့ပေါက်မလဲ

ဒေါ်လာနှုန်းကို ပို၍စိတ်ဝင်စားကြဟန် ရှိပါလိမ့်မည်။ ထို့ကြောင့် ဤနေရာ၌ ဒေါ်လာနှုန်း မည်သို့ပေါက်သနည်းဟု စုတ်ချက်ကြမ်း ရေးဆွဲပြလိုသည်။ ဒေါ်လာတွေ မည်သို့မည်ပုံ ရောင်းဝယ်ကြသနည်းဆိုသည့် ကိစ္စကိုကား ချန်ထားပါမည်။

အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် လက်တွေ့ပြဿနာများ ဖြစ်နေသောကြောင့် ဖြစ်၏။ လူသိလို့အရေးမကြီးသည့် ကိစ္စများရှိသလို လူသိမခံရန်လိုသည့် ကိစ္စများလည်း ဒွန်တွဲရောယှက်နေသောကြောင့် ဖြစ်၏။

## ဝယ်လိုအားနှင့် ရောင်းလိုအား

ဒေါ်လာနှုန်းသည် ကုန်ဈေးနှုန်းကဲ့သို့ပင် ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်တွင် မူတည်ရလိမ့်မည်ဟု အခြေခံမှန်းဆချက်တစ်ခု ပြုထားသင့်၏။ ထို့အပြင် ဤဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို အချုပ်အချယ်မရှိ လွတ်လွတ်လပ်လပ် ခွင့်ပြုထားသည်ဟူ၍လည်း ဆက်ပြီးမှန်းဆထားရန်လိုဦးမည်။

ဤမှန်းဆချက်နှစ်ရပ်အတိုင်း တကယ်ဖြစ်လျှင် ဒေါ်လာနှုန်းသည် ဒေါ်လာငွေ ဘယ်လောက်ရှိသနည်းဆိုသော အချက်နှင့် ဒေါ်လာတွေကို ဘယ်လောက်လိုချင်ကြသနည်းဆိုသော အချက်တို့ပေါ်တွင် မူတည်ပေါက်နေမည်သာ ဖြစ်သည်။

အကယ်၍ နိုင်ငံခြားငွေ ကြီးကြပ်ကွပ်ကဲမှုဥပဒေမျိုးရှိနေလျှင်၊ သို့တည်းမဟုတ် အခြားအခြားသော အဟန့်အတားနှင့် အခက်အခဲများရှိနေလျှင် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ အင်အားချင်း ယှဉ်ပြိုင်မှုမှာ ပုံစံပျက်နေမည်သာ ဖြစ်သည်။

ထို့ကြောင့် ဤအခြေအနေမျိုးတွင် ဒေါ်လာလဲလှယ်ရေးနှုန်းမှာ ဝယ်

လိုအား ရောင်းလိုအား (ဈေးကွက်) ပေါ်တွင် မှီတည်သည်ထက် ကွပ်ကဲချုပ်ချယ်သည့် ယန္တရားတို့ပေါ်တွင် မူတည်ပါလိမ့်မည်။ ပုံသေနှုန်းသာဖြစ်ထွန်းနေဖို့ များမည်။ ဤပုံသေနှုန်းသည် ဈေးကွက်နှုန်းကို ထင်ဟပ်သည်၊ မထင်ဟပ်သည်ဆိုသော အချက်မှာ တစ်ကဏ္ဍ ဖြစ်ပါလိမ့်မည်။

## စနစ်သုံးမျိုး

ကမ္ဘာပေါ်တွင် အက်ဖ်အီးဟုခေါ်သည့် နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်နှင့် ပတ်သက်ပြီး စနစ်သုံးမျိုးထွန်းကားနေကြောင်း ကနဦး တင်ပြလိုသည်။

ပထမအမျိုးအစားမှာ ဘာအချုပ်အချယ်မှုမရှိ၊ ဘာကွပ်ကဲမှုမှုမရှိ၊ လွတ်လွတ်လပ်လပ် လွှတ်ထားသော နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်မျိုးဖြစ်သည်။ ဈေးကွက်တွင် ပေါက်သည့်အတိုင်း ရောင်းဝယ်ကြဖို့ပင် ဖြစ်သည်။ အရှင်မျှောထားသည့်စနစ် (free float) ဟုခေါ်သည်။

ဒုတိယအမျိုးအစားမှာ နိုင်ငံခြားငွေလဲလှယ်ရေးကို အစိုးရက လုံးဝဥဿုံ ကွပ်ကဲချုပ်ကိုင်ထားသော စနစ်ဖြစ်သည်။ ဤစနစ်တွင် လဲလှယ်ရေးနှုန်းကို ပုံသေသတ်မှတ်ထားသည်။ fixed exchange rate system ဟုခေါ်သည်။

တတိယအမျိုးအစားမှာ ပထမနှင့် ဒုတိယအမျိုးအစားကြား ကပြားစနစ်ဖြစ်သည်။ ဤကပြားပုံစံကား အမယ်များလှပေသည်။ မျိုးစုံလှသည်။

## တရုတ်ပုံစံ

မကြာသေးမီက ပြောင်းလဲလိုက်သော တရုတ်ပြည်၏ နိုင်ငံခြားငွေလဲလှယ်ရေးစနစ်သည် အမြင်အားဖြင့် အရှင်မျှောသည့်စနစ်ဟု ထင်ရသော်လည်း တကယ်၌ ကွပ်ကဲထိန်းသိမ်းမှုကို မလွှတ်သေး၍ ကပြားစနစ်ဟု သတ်မှတ်နိုင်သည်။ သတ်လည်း သတ်မှတ်ကြသည်။

သည့်အရင်မတိုင်မီက တရုတ်ပြည်တွင် နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းတို့သည် သုံးမျိုးရှိခဲ့သည်။ ပထမနှုန်းမှာ တရုတ်ဗဟိုဘဏ်က တရားဝင်

ပုံသေသတ်မှတ်ထားသောနှုန်း၊ ဒုတိယနှုန်းမှာ ငွေဖလှယ်ရေးဌာန (swap centres) တို့တွင် နေ့စဉ်ပေါက်သောနှုန်း၊ တတိယနှုန်းမှာ မှောင်ခိုနှုန်းတို့ ဖြစ်ကြသည်။

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလကုန်မှစ၍ ဤသုံးမျိုးသော နှုန်းတို့ကို တစ်ပေါင်းတစ်စည်းတည်း ပေါင်းစည်းလိုက်လေသည်။ သဘောမှာ တရားဝင် ပုံသေနှုန်းကို ဖျက်သိမ်းလိုက်ခြင်းဖြစ်၏။ တစ်ဆက်တည်း၌ နိုင်ငံခြားငွေ နှုန်းတို့ကို ဈေးကွက်တွင် ပေါက်ကြသည့်အတိုင်း တည်စေသတည်းဟု ကြေညာလိုက်သည်။

## ထိန်း၍မျှောခြင်းသာ

ကြေညာသည့်အတိုင်းကြည့်လျှင် တရုတ်ပြည်သည် ပုံသေနှုန်းစနစ်ကို စွန့်လွှတ်သည်၊ အရှင်မျှောစနစ်ကို ဖွင့်လိုက်သည်ဟု ယူဆစရာရှိပါ၏။

သို့ရာတွင် ‘ဈေးကွက်နှုန်း’ဆိုရာ၌ အဘယ်အရာကို ဆိုသနည်းဟု လက်တွေ့မေးကြည့်သောအခါ တစ်မျိုးတွေ့ရသည်။ ဈေးကွက်ဆိုသည်မှာ အထက်တွင် ဖော်ပြခဲ့သော ငွေဖလှယ်ရေးဌာန (swap centres) တို့ကို ဆိုလိုသည်။

ဤငွေဖလှယ်ရေးဌာနတို့တွင် ယမန်နေ့ကပေါက်သော နှုန်းတို့ကို ပျမ်းမျှ၍ ယနေ့ နိုင်ငံခြားငွေပေါက်ဈေးအဖြစ် သတ်မှတ်ခြင်းဖြစ်၏။

သို့သော် ငွေဖလှယ်ရေးဌာနများသို့ ဝင်ချင်တိုင်းဝင်လို့မရပေ။ စည်းကမ်းချက်များဖြင့် ကန့်သတ်ထား၏။ သို့ဖြင့် ငွေဖလှယ်ရေးဌာနများသို့ ဝင်ရောက်ကစားလိုသူတို့သည် ‘အပိုကြေး’ကို တစ်နည်းတစ်ဖုံ ဆောင်ပေးကြရပေသည်။ ထို့အပြင် ဤငွေဖလှယ်ရေးဌာနတို့ကို အာဏာပိုင်တို့က ထိန်းချုပ်ထားကြသဖြင့် ဤဌာနတို့တွင် ပေါက်သောနှုန်းတို့ကို လိုသလို ကစားနိုင်သည်လည်း ရှိသည်။ အာဏာပိုင်တို့က ဝင်ကစားသောနှုန်းသည် တကယ့်ဈေးကွက်တွင် ပေါက်သင့်ပေါက်ထိုက်သော နှုန်းထက် များနေတတ်ပြန်သည်။ overvaluation ဟု ခေါ်၏။

သို့ဖြစ်ရာ ပေါက်သည်ဆိုသောနှုန်းအပြင် အပိုကြေးဆောင်းပြီးမှ လိုရာနိုင်ငံခြားငွေတို့ကို ရရှိနိုင်ကြသည်ဖြစ်၍ ထိန်းချုပ်ခံ အရှင်မျှောစနစ် (managed float)ဟု ဝေဖန်အကဲဖြတ်သူတို့က နာမည်ပေးထားကြသည်။

အပိုကြေးလိုက်ရခြင်းသည် တစ်နည်းတစ်ဖုံအားဖြင့် အခွန်ကောက်ခြင်းမည်၏ဟူ၍လည်း ပြောကြသည်။ မည်သို့ပင်ဖြစ်စေ ဤမျှ အပြောင်းအလဲလုပ်ခြင်းကိုပင် ကြိုဆိုကြသည်။

**သဘာဝမကျ**

နိုင်ငံခြားငွေ လဲလှယ်ရေးကိစ္စ၌ ကြီးကြပ်ကွပ်ကဲမှုရှိလျှင် နိုင်ငံခြားငွေနှုန်းသည် နှစ်မျိုးရှိလာတတ်၏။ ယင်းမှာ တရားဝင်ပုံသေနှုန်းနှင့် အပြင်ပေါက်နှုန်း သို့မဟုတ် မှောင်ခိုနှုန်းတို့ဟူ၍ ဖြစ်သည်။

တရားဝင်နှုန်းနှင့် အပြင်ပေါက်နှုန်းတို့ သိပ်မကွာလျှင်ကား လဲလှယ်ရေးနှုန်းသည် သဘာဝကျသည်ဟု ဆိုနိုင်၏။ ဈေးကွက်ပေါက်ဈေးနှုန်းနှင့် နီးစပ်သည်ဟု ဆိုနိုင်၏။

အကယ်၍ နှုန်းနှစ်ခု သိပ်ကွာခြားနေလျှင်ကား လဲလှယ်ရေးနှုန်းသည် သဘာဝမကျတော့ပေ။ ဈေးကွက်ပေါက်ဈေးနှင့် တလွဲစီဖြစ်နေပြီဟု ယူဆနိုင်၏။ ယင်း၏ သဘောမှာ နိုင်ငံခြားငွေ တရားဝင် ပုံသေလဲလှယ်ရေးနှုန်းသည် အပြင်နှုန်းထက် ပို၍ဈေးကြီးနေခြင်းကို ညွှန်းခြင်းဖြစ်သည်။

တစ်နည်းပြောလျှင် တရားဝင် ပုံသေလဲလှယ်ရေးနှုန်းသည် သဘာဝမကျစွာ တန်ဖိုးကို ပိုမိုမြှင့်ထားရာ ရောက်ပေသည်။ overvaluation ဟုခေါ်၏။

ဤသို့ သဘာဝမကျစွာ တန်ဖိုးမြှင်ထားရာရောက်နေလျှင် အထိခိုက်ဆုံးသူတို့မှာ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူတို့ပင် ဖြစ်မည်။ ၎င်းတို့အဖို့ ၎င်းတို့သယ်ယူလာသည့် နိုင်ငံခြားငွေအတွက် တန်ဖိုးကြီးကြီးပေးရသည့် သဘောဖြစ်သွားသည်။ တစ်နည်းဆိုလျှင် လာရောက်ရင်းနှီးမြှုပ်နှံရန် စရိတ်အလွန်ကြီးလေးလှသည့် အဓိပ္ပာယ် သက်ရောက်သွားပေသည်။

**နှုန်းပြင် သို့မဟုတ် တန်ဖိုးချ**

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြန်အဆန် တိုးချဲ့ရယူလိုသော နိုင်ငံအစိုးရများအဖို့ ဤသို့ဖြစ်လာစေရန်အလို့ငှာ နည်းလမ်းနှစ်လမ်းကို မလွဲမသွေ ရွေးချယ်ကျင့်သုံးကြရသည်။

ပထမနည်းလမ်းမှာ တရားဝင်ပုံသေနှုန်းကို တိုးမြှင့်ပေးခြင်းဖြစ်သည်။ သို့တည်းမဟုတ် တရားဝင်ပုံသေနှုန်းကို အပြင်နှုန်းအတိုင်း ညှိပစ်လိုက်ခြင်းဖြစ်သည်။

ဒုတိယနည်းလမ်းမှာ ပထမနည်းလမ်းတွင်အနည်းဆုံးနှင့်အများ အကျုံးဝင်သော ငွေတန်ဖိုးချခြင်း (devaluation) ပင် ဖြစ်ပေသည်။ ထို့အပြင် နိုင်ငံခြားငွေ ကြီးကြပ်ရေးဥပဒေတို့ကိုလည်း ပြင်ဆင်ပေးကြရသည်။

**စေ့ဆော်ချက်များ**

ပုံသေနှုန်းကို တိုးမြှင့်ခြင်း၊ ပုံသေနှုန်းကို ဖျက်သိမ်းခြင်း၊ ပုံသေနှုန်းကို ဖျက်၍ အရှင်မျှောခြင်း၊ ပုံသေနှုန်း၏ ခွင်ကိုချဲ့ခြင်း၊ ငွေတန်ဖိုးချခြင်း၊ နိုင်ငံခြားငွေဥပဒေတို့ကို ပတ်သက်ပြီး ပြုလုပ်ကြသော အပြောင်းအလဲတို့ပင် ဖြစ်သည်။

ဤအပြောင်းအလဲတို့ကို အချို့က အံကိုက်ညှိခြင်း (adjustment) ဟုလည်း ခေါ်သြည်။

မည်သို့ပင် ခေါ်ခေါ် ယင်းသို့ အပြောင်းအလဲ သို့မဟုတ် အံကိုက်ညှိခြင်းတို့ကို မည်သို့သော အခြေအနေတို့က စေ့ဆော်ကြသနည်းဆိုသော ပြဿနာကို အလွန်အရေးတကြီးထား၍ စဉ်းစားကြရသည်။

တစ်နည်းပြောလျှင် မည်သည့်အကြောင်းတရားတွေက နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းနှင့် ပတ်သက်၍ အပြောင်းအလ ပြုလုပ်ရန် စေ့ဆော်ကြသနည်းဆိုသော ပုစ္ဆာကို ဖြေကြည့်ဖို့လိုခြင်းဖြစ်သည်။

သာမန်ဖြေကြည်ရုံဖြင့် မလုံလောက်။ လက်တွေ့ အထောက်အထားတို့ပေါ် အခြေခံ၍ လေးလေးနက်နက် စိစစ်ဖို့လိုသည်။

## သောချက်နှစ်ရပ်

ဤကိစ္စနှင့် ပတ်သက်၍ စီးပွားရေးပညာရှင်တို့က အချက်နှစ်ချက်ကို သော့ချက်အဖြစ် ရှာဖွေတွေ့ရှိကြသည်။ ၎င်းတို့မှာ

(၁) နိုင်ငံခြားကုန်သွယ်မှု စာရင်းရှင်းတမ်းတွင် ပေါ်သောလက်ငင်း စာရင်း (current account) နှင့်

(၂) နိုင်ငံခြားရန်ပုံငွေ စီးဆင်းမှု (flow of foreign fund)တို့ ဟူ၍ဖြစ်သည်။

ကုန်သွယ်မှုရှင်းတမ်း လက်ငင်းစာရင်းတွင် ပိုငွေ ပြသလော၊ သို့ မဟုတ် လိုငွေ ပြသလော ဆိုသောအချက်သည် ငွေတန်ဖိုးကို ထိခိုက်စေသည်။ ပိုငွေပြသည်ဆိုသည်မှာ မိမိက နိုင်ငံခြားသို့တင်ပို့သော ကုန်တန်ဖိုးတို့သည် မိမိက နိုင်ငံခြားမှ တင်သွင်းသော သွင်းကုန်တန်ဖိုးထက် များနေခြင်းကို ပြသည်။

ဤသို့ ပိုငွေပြသသည်ဆိုသည်မှာ မိမိက နိုင်ငံခြားငွေ အရများသည် သဘောဖြစ်၍ မိမိငွေကြေးတန်ဖိုးကို တက်စေသည်။ ဥပမာ ယခုအခါတွင် ဂျပန်၏ ကုန်သွယ်မှုရှင်းတမ်းတွင် အမြဲတမ်းလိုလို ပိုငွေတွေ ပြနေလေရာ ဂျပန်ယန်းငွေ တန်ဖိုးသည်လည်း တက်ပြီးရင်း တက်နေလို့သာ ဖြစ်နေသည်။ ချလို့မရ။

ကုန်သွယ်မှုရှင်းတမ်း လက်ငင်းစာရင်းတွင် လိုငွေပြသည်ဆိုသည်မှာ မိမိက ပေးစရာတွေ များနေသည့်သဘော ဖြစ်သည့်အလျောက် မိမိနိုင်ငံ ငွေကြေးတန်ဖိုးသည် တန်ဖိုးလျော့သည်။ တန်ဖိုးပွန်းရသည်။

## စီးဆင်းမှု

နိုင်ငံခြားမှ ငွေစီးဆင်းမှုအနေအထားကလည်းငွေလဲလှယ်ရေးနှုန်းကို အပြောင်းအလဲဖြစ်စေသည်။ နိုင်ငံခြားမှ ငွေစီးဆင်းမှုမှာ ပုံစံအမျိုးမျိုး ဖြစ်နိုင်ပေသည်။ တန်းစီပြောလျှင် အောက်ပါအတိုင်းဖြစ်နိုင်သည်။

(၁) နိုင်ငံခြားပို့ကုန်မှ ရငွေ (တရားဝင်လည်း ဖြစ်နိုင်သည်။ တရားမဝင်လည်း ဖြစ်နိုင်သည်)။

(၂) နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်သူများထံမှ ပို့ငွေ (တရားဝင်လည်း ဖြစ်နိုင်သည်။ တရားမဝင်လည်း ဖြစ်နိုင်သည်။)
(၃) နိုင်ငံခြားခရီးသည်များက ယူလာသောငွေ၊ သုံးသွားသောငွေ၊
(၄) နယ်စပ်ကုန်သွယ်ရေးမှ ဖြတ်၍ ဝင်လာသောငွေ (တရားငွေလည်းဖြစ်နိုင်သည်။ မှောင်ခိုလည်း ဖြစ်နိုင်သည်)။
(၅) နိုင်ငံခြားသံရုံးများမှ သုံးငွေ၊
(၆) နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူတို့ သယ်လာသောငွေ၊ ၎င်းတို့သုံးငွေ၊
(၇) နိုင်ငံခြားမှ အကူအညီနှင့် ထောက်ပံ့ငွေ၊
(၈) ပြည်ပနှင့် ပြည်တွင်းဘဏ်ချင်း လွှဲပြောင်းပေးငွေ၊
(၉) အခြားနည်းလမ်းဖြင့် ဝင်လာသောငွေ။

အထက်ပါတို့ကား နိုင်ငံခြားငွေစီးဆင်းမှု ဇာစ်မြစ်တို့ပင် ဖြစ်သည်။ နိုင်ငံခြားငွေ ရောင်းလိုအားပင်ဖြစ်၏။ နောက်ပြဿနာမှာ ဤသို့စီးဆင်းလာသော နိုင်ငံခြားရန်ပုံငွေတို့သည် မည်သူ့လက်ထဲတွင် ရှိကြသနည်း ဆိုသော ပြဿနာပင် ဖြစ်သည်။

**သုံးနေရာ**

ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားမှရောက်လာသော ငွေတို့သည် အဓိကအားဖြင့်

၁။ ငွေကြေးအာဏာပိုင်၊
၂။ ဘဏ်တိုက်များ၊
၃။ တရားဝင်ပုဂ္ဂလိကလက်နှင့်
၄။ မှောင်ခိုတို့ကြားတွင် ပျံ့နှံ့ရောက်ရှိဖို့ များပေသည်။

ပျံ့နှံ့ရောက်ရှိသည့် ပုံသဏ္ဌာန်လိုက်ပြီး နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းကလည်း အပြောင်းအလဲ ဖြစ်နိုင်ပေသည်။ ငွေကြေးအာဏာပိုင်များ လက်ထဲအရောက်များပြီး ဤအာဏာပိုင်အဖွဲ့က စည်းကမ်းတင်းကျပ်လွန်းနေလျှင် နိုင်ငံခြားငွေဈေးနှုန်းသည် တက်နေဖို့ရှိသည်။

မြန်မာနိုင်ငံ၌ မကြာသေးမီကအထိ ပုဂ္ဂလိက ဘဏ်တိုက်တို့သည် နိုင်ငံခြားငွေ လုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိကြ။ မနေ့တစ်နေ့ကမှ ပုဂ္ဂလိကဘဏ်အချို့ကို နိုင်ငံခြားငွေ လဲလှယ်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်ကို ပေးအပ်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ ဗဟိုဘဏ်သည် မြန်မာနိုင်ငံသားများဘဏ် လီမိတက်၊ သမဝါယမဘဏ်လီမိတက်၊ မြဝတီဘဏ် လီမိတက်နှင့် ရန်ကုန်မြို့တော်ဘဏ် လီမိတက်တို့အား နိုင်ငံခြားသုံးငွေ လုပ်ငန်းများ လုပ်ကိုင်ခွင့် ပြုခဲ့သည်။

ဤနေရာ၌ ဆိုလိုသည်မှာ နိုင်ငံခြားငွေ လဲလှယ်ရေးလုပ်ငန်း လွယ်ကူချောမောမှုအနေအထားကလည်း အတော်စကားပြောမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဤဆောင်းပါးရေးချိန်၌ အမေရိကန်ဒေါ်လာသည် မြန်မာကျပ်ငွေဖြင့် ပုံသေတရားဝင် လဲလှယ်ရေးနှုန်း ၆. ၃၄၂ ပေါက်သည်။ တရားမဝင်လောက၌ တစ်ဒေါ်လာ ကျပ် ၁၁၀ တစ်ဝိုက်ရှိကြောင်း သိရသည်။

## ဝယ်လိုအားဘက်မှ

အထက်တွင် နိုင်ငံခြားရန်ပုံငွေ စီးဝင်စေရာ ဇာစ်မြစ် ကိုးဌာနကို ဖော်ပြထားခဲ့သည်။ ဤဇစ်မြင်တို့မှာ နိုင်ငံခြားငွေ ရောင်းလိုအားကိုပြသည်။ မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ နိုင်ငံခြားငွေဆိုလျှင် ဒေါ်လာဟု ယေဘုယျ နားလည်နေကြသဖြင့် ဒေါ်လာရောင်းလိုအားလို့ပင် ဆိုနိုင်သည်။

တစ်ဖက်တွင် ဒေါ်လာဝယ်လိုအားကို ခန့်မှန်းရန်လိုသည်။ တစ်နည်းပြောလျှင် ဘယ်ဌာန၊ ဘယ်ပုဂ္ဂိုလ်တွေက ဒေါ်လာကို ဘယ်လောက်လိုချင်နေကြသနည်းဆိုသော အချက်ကို တွက်ချက်ကြည့်ဖို့ဖြစ်သည်။

ရောင်းလိုအားဇာစ်မြစ်တို့ကို အထက်တွင် တန်းစီဖော်ပြသလို ဒေါ်လာဝယ်လိုအား ဇာစ်မြစ်တို့ကိုလည်း တန်းစီဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ ခန့်မှန်းချက်သာဖြစ်၍ တိတိကျကျ မှန်ချင်မှမှန်မည်။

၁။ သွင်းကုန်အတွက် လိုသော ဒေါ်လာ၊
၂။ အကြွေးဆပ်ရန်အတွက် လိုသော ဒေါ်လာ၊
၃။ ဝန်ဆောင်မှုနှင့် ကျွမ်းကျင်မှုတို့အတွက် ပေးရန်လိုသော ဒေါ်လာ၊
၄။ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဧည့်ခန်းဆောင်၊ လမ်းပန်း၊ တံတား၊ သင်္ဘောဆိပ်၊ လေဆိပ် စသည်တို့အတွက် ဆောက်လုပ်ခများနှင့် ပစ္စည်းစရိတ်များပေးရန် ဒေါ်လာ၊
၅။ ပြည်ပအလုပ်သွားလုပ်ရန်အတွက် လိုသော ဒေါ်လာ၊
၆။ ဒေါ်လာဖြင့်ရောင်းသောပစ္စည်းများဝယ်ရန်အတွက် ဒေါ်လာ၊
၇။ အခွန်ဆောင်ရန်အတွက် ဒေါ်လာ၊
၈။ (က) ငွေဈေးကစားရန်အတွက် ဒေါ်လာ၊
(ခ) နယ်စပ်ကုန်သွယ်ရေးတွင် လှုပ်ရှားရန်အတွက် ဒေါ်လာ၊
၉။ အိမ်ငှားရန်အတွက် ဒေါ်လာ၊
၁၀။ ဂေါက်သီးကစားရန်အတွက် ဒေါ်လာ၊
၁၁။ တည်းခိုရန်အတွက် ဒေါ်လာ၊
၁၂။ ဆယ်လူလာဖုန်းတပ်ရန်အတွက် ဒေါ်လာ၊
၁၃။ နိုင်ငံခြားအဖွဲ့အစည်းများသို့ပေးရန် ဒေါ်လာနှင့်
၁၄။ အထွေထွေကိစ္စများအတွက် ဒေါ်လာတို့ဟူ၍ ဖြစ်မည်။

အထက်ပါတို့ကား ဒေါ်လာအပေါ် ဝယ်လိုအား ပေါ်ပေါက်စေသော အခြင်းအရာတို့ ဖြစ်ပါသည်။

**သီအိုရီအရ**

ဒေါ်လာရောင်းလိုအားနှင့် ဒေါ်လာဝယ်လိုအားတို့သည် တရားဝင် နယ်ပယ်နှင့် တရားမဝင် နယ်ပယ် စသည်ဖြင့် နယ်ပယ်နှစ်ခုစလုံးတွင် ထွေးရောယှက်တင် ဖြစ်နေကြသည့်အလျောက် ဒေါ်လာဈေးနှုန်းကို ပုံမှန်၊ ပယောဂမှန် ဖမ်းဖို့ရာ ခက်ခဲပါလိမ့်မည်။ သို့သော် သီအိုရီအရပြောလျှင် ဒေါ်လာ ရောင်းလိုအားနှင့် ဒေါ်လာ ဝယ်လိုအားတို့ ညီမျှသည့် ပွိုင့်တွင် ဒေါ်လာဈေးပေါက်ပါမည်။ ဤဈေးသည် လှုပ်ရှားနေမည်။

ဤပေါက်ဈေးကို ဈေးကွက်ပေါက်ဈေးဟု ခေါ်၍ အခြားတစ်ဖက်တွင် ပုံသေတရားဝင်နှုန်းကလည်း ရှိနေဦးမည်။ ဤပုံသေနှုန်းကလည်း အမျိုးမျိုးရှိမည်။

**ခနမဂ္ဂဇင်း**
**အတွဲ ၄၊ အမှတ် ၁၁၊ မေလ ၊ ၁၉၉၄ ခုနှစ်။**

# ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးယူဆတ္တိများ

**သီးသန့်ခြင်းတောင်း**

အာရှစီးပွားရေးကို အထူးလေ့လာနေကြသည်။ အာရှစီးပွားရေးတွင်မှ တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် မြောက်ကိုရီးယားတို့ကို သီးသန့် တစ်အုပ်စု ခွဲကာ သီးသန့် သီးခြားလေ့လာကြသည်။ သီးသန့်'ခြင်းတောင်း'ဖွဲ့၍ လေ့လာ ကြသည်။

**သရုပ်လွန်လော**

ဤသို့ သီးသန့်အုပ်စုခွဲ၍ လေ့လာရသည်မှာ ဤလေးနိုင်ငံတို့သည် ကျန်အာရှနိုင်ငံများနှင့် မတူဘဲ တစ်မူထူးခြားနေသောကြောင့် ဖြစ်သည်။ သိကြသည့်အတိုင်း ဤလေးနိုင်ငံတို့တွင် ကွန်မြူနစ်ပါတီက တစ်ပါတီစနစ် ဖြင့် အုပ်ချုပ်နေကြခြင်းကြောင့်ပင် ဖြစ်၏။

နောက်တစ်ချက် ထူးခြားသည်မှာ မြောက်ကိုရီးယားမှလွဲ၍ တရုတ်၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့က ဈေးကွက်စီးပွားရေးနှင့် တံခါးဖွင့်ဝါဒကို ကျင့်သုံးနေကြခြင်းပင် ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ် ဆိုသည်မှာ အရင်းအမြစ်စစ်လိုက်လျှင် အရင်းရှင်စနစ်ပင် ဖြစ်သည်။ အရင်းရှင်စနစ် ရှင်သန်လာရန် အားပေးဖို့ပင် ဖြစ်သည်။

ထို့ကြောင့် ထွေထွေ့မှုအနေအားဖြင့် တရုတ်၊ ဗီယက်နမ်နှင့် လာအို နိုင်ငံတို့တွင် ကွန်မြူနစ် တစ်ပါတီအုပ်စိုးမှုစနစ်ဖြင့် အရင်းရှင်စနစ်ကို အားပေး ထူထောင်နေရသော အချက်သည် ထင်ထင်ရှားရှား ပေါ်လာခြင်းဖြစ်သည်။

ကွန်မြူနစ်တို့က အရင်းရှင်စနစ်ကို ထူထောင်ပေးနေရသည်မှာ မျက်မှောက်ခေတ်၏ အကြီးမားဆုံးဟာသပင် ဖြစ်လောက်သည်။ မိမိ၏ ကမ္ဘာရန်စနစ်ကို ထူထောင်ပေးနေရသည်မှာ မအပ်စပ်လှပေ။

မည်သို့ပင်ဖြစ်စေ ကွန်မြူနစ်တွေက အရင်းရှင်စနစ်ကို တကယ်ထူထောင်၊ တကယ်အားပေးနေရသည်မှာ သရုပ်လွန် (surreal) ဟု မဆိုနိုင်ပြီ။

**အဖြေလေးချက်**

ဤနေရာတွင် မေးသင့်မေးထိုက်သော ပုစ္ဆာတစ်ပုဒ် ပေါ်လာသည်။ ယင်းမှာ ဖော်ပြပါသုံးနိုင်ငံတို့တွင် ကွန်မြူနစ်တွေက အဘယ်ကြောင့် အရင်းရှင်စနစ်ကို ထူထောင်အားပေးလာရသနည်းဟူ၍ ဖြစ်၏။

ဤပုစ္ဆာနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဖြေများရှိကြသည်။

(၁) ဆိုရှယ်လစ်စနစ် အရေးမလှ၍ဖြစ်သည်။ ဆိုရှယ်လစ်စနစ်သည် အနာဂတ်အတွက် လှိုင်းဆိုသည်မှာ မှားယွင်းသွားခြင်းဖြစ်၏။

(၂) ဈေးကွက်စီးပွားရေးစနစ် (ဝါ) အရင်းရှင်စနစ်သည်သာ သမိုင်း၏ လိုအပ်ချက် (historical necessity) ဖြစ်နေသောကြောင့် ဖြစ်သည်။

(၃) ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီးသည့်နောက် ဆိုရှယ်လစ်စနစ်ကို ကျားကုတ်ကျားခဲ ဖက်တွယ်ထားကြလျှင် မိမိတို့၏ ကွန်မြူနစ်တစ်ပါတီစနစ်သည်ပင် အပြိုမြန်သွားမည်။ အကျမြန်သွားမည်။ ဤသို့မဖြစ်ရန် မြန်မြန်ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

(၄) အရင်းရှင်လူတန်းစားကလည်း အရန်သင့်မရှိပေ။ လွှဲပေးလို့မရ။

ထို့ကြောင့် ခြုံကြည့်လျှင် (၁) နှင့် (၂) အဖြေတို့သည် အရင်းခံကြသော အကြောင်းများဖြစ်၍ အဖြေ (၃) သည် အခြေအနေကိုကြည့်ပြီး လက်တွေ့ပြောင်းလဲလိုက်ရသော သဘောဖြစ်သည်။ ‘အခြေအနေအရ’ ဟု

ပြောလို့ရသည်။ အဖြေ (၄) သည် အရှိသဘော၊ အဖြစ်သဘော (reality ဖြစ်၏။

**ယုတ္တိအဆုံး**

မည်သို့ပင်ဖြစ်စေ တရုတ်၊ ဗီယက်နမ်နှင့် လောနိုင်ငံတို့တွင် ကွန်မြူနစ် တစ်ပါတီစနစ်အောက်၌ ဈေးကွက်စီးပွားရေးသည် အတော်အရှိန်ရနေကြပါပြီ။ ပုဂ္ဂလိကပိုင်းကဏ္ဍတို့လည်း အတော်ကျယ်ပြန့်လာပါပြီ။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းလည်း အတော်မြန်နေသည်။

ဤသို့ဖြစ်လာသော် ဤသုံးနိုင်ငံတို့၏ ဈေးကွက်စီးပွားရေးသည် နိုင်ငံရေးမျက်နှာစာဘက်၌ အဘယ်အရပ်သို့ ဦးတည်ရွေ့ရှုမည်နည်းဟူ၍ အမေးထွက်လာလေတော့၏။ ဤမေးခွန်းသည် အလွန်အရေးကြီး၏။ အချက်အချာလည်း အလွန်ကျသည်။

ဤမေးခွန်းကို ပြန်၍ဆင့်မေးရလျှင် ကွန်မြူနစ်တစ်ပါတီအုပ်စိုးမှုအောက်၌ ဈေးကွက်စီးပွားရေး၏ မလွဲမသွေဖြစ်လာရမည့် ရလဒ် (inevitable outcome) သည် မည်သို့ဖြစ်လာမည်နည်းဟူ၍ ဖြစ်၏။ ဤပုစ္ဆာသည် တစ်နည်းအားဖြင့် ကွန်မြူနစ်ပါတီ အုပ်စိုးမှုလက်အောက်၌ ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးယုတ္တိ (နိုင်ငံရေးဘောဂဗေဒ) အဆုံးကို တူးဖော်ကြည့်ခြင်း ဖြစ်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ပညာရှင်အသီးသီးတို့သည် သီအိုရီအမျိုးမျိုးတို့ကို ဖော်ထုတ်ကြပါသည်။ စိတ်ဝင်စားဖို့ တကယ်ကောင်းသည်။

**နစ်ဆင်ဟောကိန်း**

ဤသီအိုရီတို့ကို ထုတ်ဖော်မပြောမီ ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်း ရစ်ချတ်နစ်ဆင်၏ တရုတ်ပြည်နှင့်ပတ်သက်သော ဟောကိန်းကို အလျဉ်းသင့်၍ အရင်ဖော်ပြလိုသည်။

နစ်ဆင်က သူ၏ 'ငြိမ်းချမ်းရေး၏ ဟိုမှာဘက်ကမ်း' (Beyond Peace) အမည်ရှိ စာအုပ်တွင် တရုတ်ပြည်သည် လာမည့် ၂၀ ရာစုနှစ်

ဝင်ပြီး ၁၀ နှစ်ထဲ၌ ကွန်မြူနစ်မဟာနိုင်ငံကြီးဘဝမှ အချမ်းသာဆုံး အရင်းရှင်နိုင်ငံကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားလိမ့်မည်ဟု ဟောထားသည်၊ ထူးဆန်းပေစွ။

ထို့ကြောင့် ရစ်ချတ်နစ်ဆင်က အမေရိကန်သည် တရုတ်ပြည်နှင့် ထိပ်တိုက်ရင်ဆိုင်မှု ပေါ်လစီကို မကျင့်သုံးသင့်၊ ထိုအစားပူးပေါင်းဆောင်ရွက်မှု ပေါ်လစီကိုသာ ကျင့်သုံးသင့်သည်ဟု ဝေဖန်အကြံပေးသွားသည်။ အရင်းရှင်စနစ်ဘက် ဦးတည်နေမှတော့ အရင်းရှင်နိုင်ငံတစ်ခုလို သဘောထားရုံပေါ့ဟု ဆိုလိုဟန်တူသည်။

ရစ်ချတ်နစ်ဆင်ပြောသွားသည်မှာ တရုတ်ပြည်သည် အရင်းရှင်စနစ်ကို မလွဲမသွေ ထူထောင်သွားရင်း လွတ်လပ်မှု (freedom) တို့ကိုလည်း ပို၍ပို၍ တိုးချဲ့သွားရလိမ့်မည်ဟူ၍ ဖြစ်သည်။ ပထမ စီးပွားရေးလွတ်လပ်ခွင့်၊ နောက် နိုင်ငံရေးလွတ်လပ်ခွင့်များ။

သို့ဖြစ်ရာ တရုတ်ပြည် ဈေးကွက်စီးပွားရေးစနစ်၏ နိုင်ငံရေးယုတ္တိအဆုံးသည် လွတ်လပ်ရေးများ တိုးချဲ့လာရခြင်း ဖြစ်တန်ရာသည်။ ရစ်ချတ်နစ်ဆင်က ကွန်မြူနစ်တစ်ပါတီစနစ်၏ ကံကြမ္မာကို လွတ်လပ်ရေးတွေ တိုးချဲ့ပေးရမည်ဆိုသော အချက်ဖြင့် ခန့်မှန်းယူကြည့်ကြရန် ချန်ထားခဲ့ခြင်း ဖြစ်ပုံရသည်။

## ဗဟုဝါဒ သမိုင်းလိုအပ်ချက်

ရစ်ချတ်နစ်ဆင်စာအုပ် မထွက်မီလေး၌ပင် တရုတ်ပြည်၌ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ ဤဖြစ်ရပ်မှာ ပီကင်းမှ အသိပညာ အတတ်ပညာရှင်အချို့က 'ငြိမ်းချမ်းရေး ချာတာ' ဆိုပြီး ချာတာတစ်ခု ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။ ဤချာတာထုတ်ပြန်သူတို့၏ ကံကြမ္မာကို မသိရပေ။

သို့သော် ဤချာတာ၏ လိုရင်းအာဘော်မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း သိရှိရသည်။

(၁) တရုတ်ပြည်တွင် ဈေးကွက်စီးပွားရေး၏ အကျိုးအတွက်

နိုင်ငံရေးဗဟုဝါဒ (political pluralism) သည် သမိုင်း၏ လိုအပ်ချက်ဖြစ်သည်။

(၂) နိုင်ငံရေး ဗဟုဝါဒ ဖြစ်ထွန်းပေါ်ပေါက်လာရန် ကွန်မြူနစ်ပါတီ၌ တာဝန်ရှိသည်။

(၃) ဈေးကွက်စီးပွားရေးနှင့် နိုင်ငံရေးဗဟုဝါဒ ဒွန်တွဲဖြစ်ပေါ် တိုးတက်မှုကို ငြိမ်းချမ်းစွာ ဖြစ်စေချင်သည်၊ တည်ငြိမ်စွာ ဖြစ်စေချင်သည်။

(၄) ဤဖြစ်ပေါ်တိုးတက်မှုကို ကွန်မြူနစ်ပါတီက ဦးဆောင်သင့်သည်။

ဤချာတာ၏ ဩဇာသက်ရောက်မှုသည် မည်မျှအထိ ဂယက်ရိုက်သွားသည်ကိုကား မသိရပေ။ သို့သော် နိုင်ငံရေးဗဟုဝါဒသည် ဈေးကွက်စီးပွားရေး၏ အကျိုးအလို့ငှာ သမိုင်းလိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်ခြင်းကပင် ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးယုတ္တိအဆုံးသည် နိုင်ငံရေးဗဟုဝါဒသာ ဖြစ်ရမည်ဖြစ်ကြောင်း တစ်နည်းအားဖြင့် ထုတ်ဖော်ပြောဆိုသွားရာရောက်သည်။

ဤနေရာ၌ နိုင်ငံရေးဗဟုဝါဒကို အတိအကျ အဓိပ္ပာယ်ဖော်ရလျှင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်သူအများ၏ ရွေးကောက်ပွဲစနစ်တို့ပင် ဖြစ်ပါမည်။

## မည်သို့တုံ့ပြန်မည်နည်း

ယေဘုယျအားဖြင့်ပြောလျှင် တရုတ်ကွန်မြူနစ်တို့အဖို့ရာ၌ နိုင်ငံရေးဗဟုဝါဒသည် သမိုင်း၏ လိုအပ်ချက်ဖြစ်သည်ဆိုသော အဆိုအမိန့်ကို လက်ခံသဘောပေါက်ရန် သိပ်ခက်ခဲလိမ့်မည်မဟုတ်ဟု တွက်ရသည်။ အကြောင်းမူ မာ့က်စ် လီနင်ဝါဒ၌ စီးပွားရေးအဆောက်အအုံနှင့် နိုင်ငံရေးအဆောက်အအုံတို့သည် ဝိရောဓိ မဖြစ်စေရ၊ ညီညွတ်စေရမည်၊ သဟဇာတ ဖြစ်စေရမည်ဟု ဟောထားသောကြောင့် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ တရုတ်ကွန်မြူနစ်ခေါင်းဆောင်တို့က သမိုင်း၏

လိုအပ်ချက်ဖြစ်သော နိုင်ငံရေးဗဟုဝါဒကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်နည်း ဆိုသော အချက်သည် လာမည့်ကာလ၌ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်ပါလိမ့်မည်။ ဤပြဿနာ၏ ဂယက်သည် ကမ္ဘာသို့ ကျယ်ပြန့်စွာ ရိုက်ခတ်ပါလိမ့်မည်။ အထူးသဖြင့် အာရှအပေါ် ပို၍သက်ရောက်ပါလိမ့်မည်။

ထိုအတောအတွင်း လက်ငင်းအားဖြင့် ဟောင်ကောင်ကိစ္စကို ကြည့်၍ တရုတ်ကွန်မြူနစ်တို့၏ အထက်ဖော်ပြပါ ပြဿနာအပေါ် တုံ့ပြန်မှုအခြေအနေကို အကဲခတ်ကြည့်နေကြသည်။ မြင်သာသောအချက်မှာ တွန့်နေခြင်း၊ ခက်နေခြင်း ဖြစ်၏။

၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်သည် တရုတ်ပြည်၏ လက်အောက်သို့ ရောက်တော့ပေမည်။ အမျိုးသားရေးသိက္ခာအနေဖြင့် ကြည့်လျှင် ကိုလိုနီလူမျိုးခြားလက်ထဲမှ မိမိနယ်မြေပြန်ရ၍ ဂုဏ်ယူဝမ်းမြောက်စရာ ဖြစ်ပါမည်။ အားတက်စရာ ဖြစ်ပါမည်။

**ဟောင်ကောင်အရေး**

သို့သော် ဟောင်ကောင်၏ စီးပွားရေးပုံသဏ္ဌာန်ကို လက်ခံရယူရာ၌ ဘာမျှပြဿနာမပေါ်နိုင်စေကာမူ ဟောင်ကောင်၏ နိုင်ငံရေးပုံသဏ္ဌာန်ကို ဆက်ခံရယူဖို့၌ကား အလွန်ခက်ခဲနေပုံရသည်။ မျိုမရအောင် ဖြစ်နေပုံရသည်။

အကြောင်းမူ ဟောင်ကောင်၏ နိုင်ငံရေးပုံသဏ္ဌာန်သည် ဗဟုဝါဒ ဖြစ်နေသောကြောင့် ဖြစ်၏။ ကြည့်ရသလောက်၌ တရုတ်ကွန်မြူနစ် ခေါင်းဆောင်တို့သည် ဟောင်ကောင်မှ နိုင်ငံရေးဗဟုဝါဒသည် တရုတ်ပြည်မထဲသို့ ကူးစက်ပျံ့နှံ့သွားမည်ကို အလွန်စိုးရိမ်နေပုံရပေသည်။

ထို့ကြောင့် ဟောင်ကောင်သည် တရုတ်ပြည်မထဲ ဗဟုဝါဒပုံစံ တိုးချဲ့ရာ အခြေခံစခန်းအဖြစ် မခံနိုင်ဟု ကြိုတင်သတိပေးထားခြင်း ဖြစ်တန်ရာသည်။

ဟောင်ကောင်နှင့်ဖြစ်စေ၊ တိုင်ဝမ်နှင့်ဖြစ်စေ ပေါင်းစည်းသည့်အခါ

၌ တစ်နိုင်ငံတည်း စနစ်နှစ်ခု တည်ရှိရမည်ဆိုသောမူကို လိုက်နာပါမည်ဟု ကြေညာခဲ့သည်။ စနစ်နှစ်ခုယှဉ်တွဲရန် ပြောသည်မှာ ဗဟုဝါဒကို မူအားဖြင့် လက်ခံသည်ဟု ဆိုလိုရာရောက်ခဲ့သည်။

သို့သော် ယခုမူ တရုတ်ကွန်မြူနစ်ခေါင်းဆောင်တို့က စီးပွားရေးအရသာ စနစ်နှစ်ခုဖြစ်မည်။ နိုင်ငံရေးအရ စနစ်နှစ်ခု မဖြစ်နိုင်ဟု ပြင်ဆင်ပြောဆိုလာသည်ကို လေ့လာဆန်းစစ်သူတို့က သတိထားမိနေကြသည်။ ဟောင်ကောင်နိုင်ငံရေးစနစ်ကို ပြင်ပစ်မည်ဟု ခြိမ်းခြောက်ထားလျက်ရှိသည်။

## သဘောတရားဆုပ်ကိုင်မှုပြေခြင်း

မည်သို့ပင်ဖြစ်စေ ဈေးကွက်စီးပွားရေးစနစ်နှင့် တံခါးဖွင့်ဝါဒကို စတင်ကျင့်သုံးသည်မှစ၍ တရုတ်ကွန်မြူနစ်တို့၏ လူထုအပေါ် သဘောတရား (မာ့က်စ်ဝါဒ) ရေးရာအရ ဆုပ်ကိုင်ထားနိုင်မှု (ideplogical) သည် ပြေကျသွားသည်၊ ပြုတ်ကျသွားသည်ကို ဂရုမူမိကြသည်။

တရုတ်ကွန်မြူနစ်တို့သည် တရုတ်လူထုအပေါ် သဘောတရားရေးရာအရ ဩဇာမရှိတော့ပေ။ လူထုသည် မာ့က်စ်လီနင်ဝါဒကို ဂရုစိုက်ပုံ မပေါ်တော့ပေ။ ဤအချက်ကို ခေတ်ပေါ်တရုတ်စာပေတို့ကို ကြည့်လျှင် သိနိုင်သည်။ တရုတ်ပြည်၌ ဘာသာရေးများ တစ်ခေတ်ဆန်းလာခြင်းကို ကြည့်လျှင် သိနိုင်သည်။

ထို့အပြင် တရုတ်ကွန်မြူနစ်တို့သည် မည်သည့်အခြင်းအရာအတွက်မဆို မာ့က်စ်၊ လီနင်၊ မော်စီတုံး အတွေးအခေါ်တို့ကို အခြေခံသော အကြောင်းပြချက်တို့ဖြင့် လုံလုံလဲလဲ ရှင်းပြနိုင်စွမ်း မရှိတော့သည့်အဖြစ်နှင့်လည်း ရင်ဆိုင်နေပုံရသည်။ ထိုအစား တရုတ်ကွန်မြူနစ်တို့သည် လက်တွေ့ဝါဒနှင့် အမျိုးသားရေးဝါဒဘက် ပို၍ပို၍ မှီတည်လာပေသည်။ လက်တွေ့နှင့် အမျိုးသားရေးဝါဒကိုသာ လက်ကိုင်အကြောင်းပြလာသည်။

ထို့အပြင် ထူးထူးဆန်းဆန်း လူထုနှင့် နိုင်ငံရေးကင်းရှင်းရေး (apolitics) ကိုလည်း လက်ကိုင်ပြုလာသည်ကို တွေ့ရသည်။ ဥပမာ ဟောင်ကောင် ကိစ္စတွင် ဟောင်ကောင်သူ ဟောင်ကောင်သားတို့သည် စီးပွားရေး

ကိုသာ အာရုံစိုက်သင့်သည်။ နိုင်ငံရေးကို အာရုံမစိုက်သင့်ဆိုသော ထူးဆန်းသည့် အပြောအဆိုမျိုး။ (မှတ်ချက်။ ။ ကွန်မြူနစ်ဆိုသည်မှာ အရာရာကို နိုင်ငံရေးအမြင်ဖြင့် ကြည့်၏။)

ထို့အပြင် ဈေးကွက်စီးပွားရေးစနစ်အရ လူတွေချမ်းသာလာကြလျှင်၊ လူအများ ချမ်းသာလာအောင် လုပ်ပေးနိုင်လျှင် ပြည်သူအများသည် နိုင်ငံရေးကို စိတ်ဝင်စားကြတော့မည်မဟုတ်။ ထို့ကြောင့် တကယ့် လူ့အခွင့်အရေးသည် လူတွေကို ချမ်းသာအောင် လုပ်ပေးရေးသာဖြစ်သည်ဟု သီအိုရီထုတ်လာခြင်းလည်း ရှိပေသည်။ လူထုက နိုင်ငံရေးတွင် စိတ်ဝင်စားလာခြင်းကို စိုးရိမ်သည့် သီအိုရီပေလားမသိ။

## ဘယ်သူမှန်မလဲ

လူတွေ ချမ်းသာလာသည့်အခါ ဘာဖြစ်မည်နည်းဆိုသော ပြဿနာသည် ဈေးကွက်စီးပွားရေးဘက်ဆီသို့ ကူးပြောင်းနေသော အခြေအနေတွင် တကယ်စိတ်ဝင်စားဖို့ အလွန်ကောင်းပါသည်။ ပညာရှင်တို့ကလည်း ဤပြဿနာပေါ်တွင် မှန်းဆချက်အမျိုးမျိုး ပြုကြသည်။

လူတွေ ချမ်းသာလာသည့်အခါ ဘယ်လိုစိတ်ဓာတ်မျိုးတွေ ပေါ်မလဲ။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကွယ်လွန်သူ သမ္မတဟောင်း ရစ်ချတ်နစ်ဆင်ကဲ့သို့သော အနောက်တိုင်း ပညာတတ်တို့က ချမ်းသာလာလျှင် ပို၍လွတ်လပ်ချင်ကြမည်ဟု ဆိုကြသည်။ လွတ်လပ်မှုတို့ကို ပို၍တောင့်တကြမည်ဟု ဆိုသည်။

အထက်တွင် ရစ်ချတ်နစ်ဆင်က တရုတ်ပြည် ချမ်းသာလာလျှင် လူအများသည် လွတ်လပ်မှုတို့ကို ပို၍တမ်းတလာကြလိမ့်မည်။ ဤတမ်းတချက်တို့ကိုလည်း မလွဲမသွေ ဖြည့်ဆည်းပေးရလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ပထမ စီးပွားရေးလွတ်လပ်မှု၊ နောက် နိုင်ငံရေးလွတ်လပ်မှု။

ယခု တရုတ်ကွန်မြူနစ်တို့က တစ်မျိုးပြောလာသည်။ လူတွေချမ်းသာလာလျှင် လူအများသည် နိုင်ငံရေးကို စိတ်ဝင်စားကြလိမ့်မည်မဟုတ်။ သဘောမှာ စီးပွားရေးလွတ်လပ်မှုနှင့် နိုင်ငံရေးလွတ်လပ်မှုတို့မှာ သက်ဆိုင်စရာ

မရှိ ဆီလျော်မှုအနေဖြင့် အနည်းအကျဉ်းလောက်သာရှိမည်ဟု ဆိုခြင်းဖြစ်ပေသည်။ (ချမ်းသာလာလျှင် ပို၍ အချောင်သမားဆန်လာမည်ဆိုသော စကားမျိုး ဖြစ်ဟန်တူသည်)။

မည်သို့ပင်ဖြစ်စေ မည်သူမှန်မည်နည်း မသိနိုင်သေးပေ။ လက်တွေ့အထောက်အထားတို့ကို စောင့်ကြည့်ရဦးမည့် လက္ခဏာရှိ၏။

## မင်္ဂလာစက်ဝန်း

ဤနေရာ၌ အလျဉ်းသင့်၍ ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင်တို့၏ အမြင်တစ်ခုကို တင်ပြလိုသည်။ ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင်အချို့သည် အာရှ၏ အံ့ဖွယ်သရဲနှင့်ပတ်သက်ပြီး သီအိုရီတို့ကို ရှာဖွေဖော်ထုတ်ခဲ့ကြ၏။

ဤသီအိုရီတို့ထဲတွင် မင်္ဂလာစက်ဝန်း (virtuous circle) ဆိုသော အမြင်တစ်ပါးလည်း ပါဝင်သည်။ ဘောဂဗေဒတွင် ဆိုးကျိုးစက်ဝန်း (vicious circle) ဆိုပြီး ရှိသည်။ အဓိပ္ပာယ်မှာ စီးပွားရေး၌ ဆိုးကျိုးတစ်ခု ဝင်ပြီဟုဆိုလျှင် တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ ဆက်တိုက်ဝင်လာသည့် သဘောဖြစ်၏။

ဥပမာ ဝင်ငွေတွေ ကျဆင်းပြီဟု ဆိုကြပါစို့။ ဝင်ငွေကျလျှင် ဝယ်အားတွေကျမည်။ ဝယ်အားကျလျှင် ကုန်ပစ္စည်းတွေ မရောင်းရ၊ ပုံအိုက်နေမည်။ ဤသို့ ပစ္စည်းများမရောင်းရ၊ ပုံအိုက်နေသဖြင့် ကုန်ထုတ်လုပ်ငန်းတို့ကို လျှော့ဖြတ်ရမည်။ ဤသို့ လျှော့ဖြတ်လျှင် အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မည်။ အလုပ်လက်မဲ့များလာရာမှ လူအများ၏ ဝင်ငွေနှင့် ဝယ်အားတို့လည်း တစ်ဖန်တစ်လှည့် ကျဆင်းလာဦးမည်။ ဤသို့နည်းဖြင့် ဂျာအေးသူ့အမေရိုက်ခြင်းမျိုး ပေါ်မည်။

ကောင်းကျိုး(မင်္ဂလာ)ပေါ်လာပြီဟု ဆိုလျှင်လည်း အလားတူစွာပင် ကောင်းကျိုးတို့သည် တစ်ခုပြီးတစ်ခု ဆင့်ကဲဆက်တိုက် ပေါ်လာဖို့ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘောဂဗေဒပညာရှင်တို့က ဈေးကွက်စီးပွားရေး၏ မင်္ဂလာစက်ဝန်းကို အထူးသီးသန့် ဖော်ပြကြသည်။

ဈေးကွက်စီးပွားရေးကို တံခါးဖွင့်ပေးလိုက်လျှင် နိုင်ငံတကာနှင့်

ကုန်သွယ်ရေး ကျယ်ပြန့်တိုးတက်လာမည်။ ဤသို့ နိုင်ငံတကာနှင့် ကုန်သွယ်ရေး ကျယ်ပြန့်တိုးတက် ဖွံ့ဖြိုးလာမှုကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်။ ဤသို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသောကြောင့် လူတစ်ဦးချင်း၏ ဝင်ငွေလည်း တက်လာမည်။ လူတစ်ဦးချင်း၏ဝင်ငွေသည် လူမွဲမျဉ်း(poverty line) ကို ကျော်ဖြတ်သွားမည်။ (လူမွဲမျဉ်းမှာ တစ်ဦးချင်းဝင်ငွေ တစ်နှစ် ဒေါ်လာ ၂၀၀ အောက်ကို ဆိုလိုသည်)။

ဤလူမွဲမျဉ်းကို ဖြတ်ကျော်သွားပြီဆိုသည်မှာ လူတွေ လူလတ်တန်းစား အဆင့်ထဲ ရောက်ကုန်ကြသည့် အဓိပ္ပာယ်ပင်ဖြစ်၏။ ဤသို့ ရောက်လာလျှင် လူလတ်တန်းစားတို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အင်ဂျင်ဖြစ်လာကြမည်။ စီးပွားရေးကို ခေါင်းဆောင်ကြမည်၊ ထိုမှ နိုင်ငံရေးကို ခေါင်းဆောင်ကြလိမ့်မည်။ ယုတ်စွအဆုံး နိုင်ငံရေးလွတ်လပ်မှုများ ရရှိအောင် ဦးဆောင်ကြလိမ့်မည်။

သဘောမှာ လူလတ်တန်းစားတို့သည် စီးပွားရေးနှင့် နိုင်ငံရေး ဖြစ်ထွန်းမှုတို့တွင် အဓိကအင်ဂျင် ဖြစ်လာကြလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ ဤသည်ကို မင်္ဂလာစက်ဝန်း (ကောင်းကျိုးစက်ဝန်း)ဟု ဘောဂဗေဒ ပညာရှင်တို့က နာမည်ပေးထားကြသည်။

ဤမင်္ဂလာစက်ဝန်းသည် ကွန်မြူနစ်တစ်ပါတီစနစ် စိုးမိုးနေသော တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် မြောက်ကိုရီးယားတို့တွင် မည်သို့လည်ပတ်ခုတ်မောင်းပါမည်နည်း။ စိတ်ဝင်စားဖွယ်ပင်။ စောင့်ကြည့်ကြဖို့ဖြစ်၏။

ဤမင်္ဂလာစက်ဝန်းသည် ကွန်မြူနစ်တစ်ပါတီစနစ်နှင့် ဒိန်းခနဲ ဝင်ဆောင့်မည်လော၊ အတွင်းက လှိုက်စားဖြိုမလား၊ လိုက်လျောညီထွေ ပြင်မလား၊ သို့တည်းမဟုတ် စက်ဝိုင်းသည်ပင် ဂျမ်းဖြစ်သွားမလား၊ စောင့်ကြည့်ရမည်။

## ပေါ်ခဲ့ဖူး၏

ဤနေရာ၌ ဆီလျော်သည့် ပုစ္ဆာတစ်ခုကို ထပ်၍မေးနိုင်ပါသည်။ ယင်းမှာ နိုင်ငံရေးဗဟုဝါဒကို မကျင့်သုံးဘဲ တစ်နည်းပြောလျှင် ဤဝါဒကို

ရှောင်ရှားပြီး တစ်ပါတီစနစ်နှင့်ပင် အရင်းရှင်စနစ်ကို ဖွံ့ဖြိုးအောင် မလုပ်နိုင်ပေဘူးလားဟူ၍ ဖြစ်၏။

သမိုင်းတွင် ဤအခြေအနေမျိုး ဖြစ်ထွန်းခဲ့ဖူးသည်။ ဥပမာ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့ကိုကြည့်၊ ထိုသုံးနိုင်ငံတို့တွင် တစ်ပါတီစနစ် သို့တည်းမဟုတ် တစ်ပါတီ အုပ်စိုးမှုအောက်၌ အရင်းရှင်စနစ်သည် ထွန်းကားခဲ့ရလေသည်။ နာဇီဝါဒနှင့် ဖက်ဆစ်ဝါဒများဟု ခေါ်ခဲ့ကြ၏။

သိကြသည့်အတိုင်း နာဇီနှင့် ဖက်ဆစ်ဝါဒတို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့ရရာမှ ၎င်းတို့ပင်လျှင် အရေးနိမ့်သွားခဲ့ရသည်။ ထို့နောက် အဆိုပါသုံးနိုင်ငံသည် နိုင်ငံရေးဗဟုဝါဒ (ဝါ) ပါတီစုံဒီမိုကရေစီစနစ်ဆီသို့ ပြန်လည်ရောက်ရှိပြီး အရင်းရှင်စနစ်ကို ပြန်လည်ထူထောင်ခဲ့ရပေသည်။

ထို့ကြောင့် တစ်ပါတီစနစ်ဖြင့် အရင်းရှင်စနစ်ကို ထူထောင်ခဲ့သောခေတ်သည် နိဋ္ဌိတံပြီ။ ဘယ်လိုမျှ ရေပန်းမစားနိုင်တော့ဟု တွက်ချက်လို့ရသည်။ ဆက်လက်ပြီးပြောရလျှင် တစ်ပါတီစနစ်ဖြင့် အရင်းရှင်စနစ်ကို ထူထောင်လျှင် ဒီမိုကရေစီဘက်သို့ ဦးတည်ရွေးရှုသွားစရာ အကြောင်းမရှိခြင်းပင် ဖြစ်၏။ ဖြစ်ခြင်းဖြစ်လျှင် ဖက်ဆစ်ဝါဒဘက်သို့သာ ရွေ့လျားသွားဖို့များမည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် တစ်ပါတီစနစ်ဖြင့် ဆိုရှယ်လစ်စနစ်ကို ထူထောင်ခဲ့သည့်ဘဝမှ တစ်ပါတီစနစ်ဖြင့် အရင်းရှင်စနစ်ကို ထူထောင်သည့် ကူးပြောင်းခြင်းသည် အလွန်အန္တရာယ်များလှသည်ဟု တွက်ကြသည်။

သို့ရာတွင် အခြားတစ်ဖက်၌ အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံရေးဗဟုဝါဒသည် သမိုင်း၏လိုအပ်ချက်ဖြစ်သည်ဆိုသော အချက်နှင့် အလားတူအထက်တွင်ဖော်ပြခဲ့သော မင်္ဂလာစက်ဝန်း (ဝါ) ကောင်းကျိုးစက်ဝန်းတို့သည် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ အာဏာရှင်စနစ်ဘက် ရွေ့လျားနိုင်သော အလားအလာတို့ကို တန်ပြန်ဟန့်တားနိုင်စွမ်း ရှိမရှိ ဆိုသော အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် ရှိလာပါလိမ့်မည်။

**အရေခွံလဲမလား**

ထို့အပြင် ရုရှနှင့် အရှေ့ဥရောပနိုင်ငံတို့တွင် ကွန်မြူနစ်နှင့် ဆိုရှယ်လစ်တို့သည် မူလအရေခွံတို့ကို လဲပစ်နေကြရသောအချက်၊ ဆိုရှယ်လစ်စနစ်ကိုလည်းကောင်း၊ 'ဆိုရှယ်လစ် ဒီမိုကရေစီ' စနစ်ကိုလည်းကောင်း မိမိတို့၏ လုပ်ငန်းစဉ်တို့မှ ပယ်ဖျက်နေကြရသောအချက်၊ ထိုသို့အားလျော်စွာ ပါတီ၏ နာမည်တို့ကို ပြောင်းပစ်နေကြရသော အချက် စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားကြည့်ရန် လိုလာလိမ့်မည်ဟု ယူဆကြသည်။

ဆိုလိုသည်မှာ တရုတ်၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ ကွန်မြူနစ်တို့ အရေခွံလဲပြီး 'ဆိုရှယ်ဒီမိုကရက်'များ ဖြစ်လာနိုင်သည်ဆိုသော အချက်ကို ထည့်တွက်ရန် ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးဗဟုဝါဒကို လက်မခံလျှင်ကား ၎င်းတို့၏ အရေခွံလဲမှုသည် အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်ပေ။

အချို့က တရုတ်ပြည်တွင် လက်ရှိခေါင်းဆောင်တို့၏ အသက်အရွယ်နှင့် ၎င်းတို့ကွယ်လွန်လျှင် ပြောင်းလဲနိုင်သော အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် နှိုးဆော်ထားသည်။

မည်သို့ပင်ဖြစ်စေ၊ အားလုံးကိုခြုံ၍ ပြောရလျှင် ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးယုတ္တိတို့သည် တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် မြောက်ကိုရီးယားတို့တွင် ရှုပ်ထွေးစွာ ဖြစ်ပေါ်လိမ့်မည်ဟု ခန့်မှန်းရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗီယက်နမ်က နိုင်ငံရေးဗဟုဝါဒ လက်ခံကြောင်း အရိပ်အမြွက် ပြသလာသည်မှာ အမြော်အမြင်ရှိသည်ဟု ဆိုရမည်။

ဈေးကွက်စီးပွားရေး၏ နိုင်ငံရေးဘောဂဗေဒသည် ကျန်အာရှနိုင်ငံတို့တွင်မူ တစ်မျိုးဖြစ်ပြန်၏။ မတူပေ။

**ဓနမဂ္ဂဇင်း**

**အတွဲ ၅၊ အမှတ် ၁၊ ဩဂုတ်လ ၊ ၁၉၉၄ ခုနှစ်။**

# ပဋ္ဌလက်ကျည်ဆန်စျေးကွက်

ကုန်စည်စျေးကွက်၊ ဝန်ဆောင်မှုစျေးကွက်၊ အလုပ်သမားစျေးကွက်၊ ငွေကြေးစျေးကွက်တို့ဟူ၍ စျေးကွက်တွေ အမျိုးမျိုးရှိကြလေရာ ဘဏ္ဍာရေးစျေးကွက် (financial market) ကလည်း တစ်မျိုးတစ်ဘာသာ အရေးကြီးလှသည်။ ဘဏ္ဍာရေးစျေးကွက် မတောင့်တင်းဘဲ စျေးကွက်စီးပွားရေး အခြေခိုင်ဖို့ရာ မဖြစ်နိုင်ဟု အပြောအဆိုများပင် ရှိလာကြ၏။

သေသေချာချာ စဉ်းစားကြည့်လျှင် ဤအယူအဆသည် မှန်ကန်၏။ ထပ်ဖြည့်၍ ပြောနိုင်သည့် အချက်တစ်ချက်မှာ ဘဏ္ဍာရေးစျေးကွက်၏ အနုအရင့်ကိုကြည့်၍ အထွေထွေသော စျေးကွက်စီးပွားရေးစနစ်၏ အနုအရင့်ကို အကဲခတ်လို့ရသည်ဆိုသော အချက်ဖြစ်သည်။

ဤမျှအရေးကြီးနေလျှင် ဘဏ္ဍာရေးစျေးကွက်ဆိုသည်မှာ အဘယ်အရာတို့ကို ခေါ်သနည်းဟု မေးခွန်းထုတ်ရတော့မည်။ ဤကိစ္စနှင့်ပတ်သက်၍ လိုရင်းပြောရလျှင် ဘဏ္ဍာရေးစျေးကွက်တွင် အစိတ်အပိုင်းကြီး လေးမျိုး ပါဝင်ကြောင်း ကနဦးသိထားဖို့သာ ဖြစ်သည်။ ၎င်းတို့မှာ

၁။ အီကွီတီစျေးကွက် (equity market)

၂။ အကြွေးစျေးကွက် (debt market)

၃။ တိုက်တာအိမ်မြေစျေးကွက် (real estate market) နှင့်

၄။ ဘွန်းစျေးကွက် (bonds market) တို့ဟူ၍ ဖြစ်ကြ၏။

ဖော်ပြပါ အစိတ်အပိုင်းလေးမျိုး၏ အနက်အဓိပ္ပာယ်အတိုတို့ကို ရှင်းပြပါမည်။

## အီကွီတီစျေးကွက်

အီကွီတီစျေးကွက်ဆိုသည်မှာ ကုမ္ပဏီတို့၏ စတော့ရှယ်ယာတို့ကို အရောင်းအဝယ်ပြုရာ စျေးကွက်ကို အဓိကဆိုလိုသည်။ ကုမ္ပဏီတို့ဆိုရာ၌ အများပိုင်ကုမ္ပဏီလီမိတက်တို့အပြင် ဖက်စပ်နှင့် အစိုးရစီးပွားရေး အဖွဲ့အစည်းတို့၏ အစုရှယ်ယာတို့လည်း ပါဝင်၏။

အီကွီတီစျေးကွက် ဖွံ့ဖြိုးသော နိုင်ငံတို့တွင် စတော့အိပ်စ်ချိန်းရှိ၏။ ဤစတော့အိပ်စ်ချိန်းတို့တွင် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ကြသည်။ ယေဘုယျအားဖြင့် အများပိုင်ကုမ္ပဏီကြီးများ၊ ဖက်စပ်များ၊ ကော်ပိုရေးရှင်းကြီးများ၊ ကုမ္ပဏီအစုကြီးများတို့သည် စတော့အိပ်စ်ချိန်းတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး မိမိတို့ စတော့ရှယ်ယာတို့ကို အရောင်းအဝယ်ပြုလုပ်ကြ၏။

စတော့အိပ်စ်ချိန်းတွင် စာရင်းမတင်သွင်းသော ကုမ္ပဏီတို့၏ စတော့နှင့် ရှယ်ယာတို့ကိုလည်း အပြင်ဘက်တွင် အရောင်းအဝယ်ပြုလုပ်ကြသည်လည်း ရှိပါသည်။

အလျဉ်းသင့်၍ ဤစျေးကွက်၏ ဘန်းစကားတစ်ခုကို ဖော်ပြလိုသည်။ စတော့ရှယ်ယာစျေးနှုန်းတို့သည် နာရီပိုင်းနှင့်အမျှ ပြောင်းလဲနေပေရာ အတက်အကျလိုက်ပြီး စျေးကစားမှုများ ပြုလုပ်ကြ၏။ ထိုသို့ပြုလုပ်ရာ၌ အာရှဖွံ့ဖြိုးဆဲနိုင်ငံတို့မှ အကြောင်းကြောင်းကြောင့် စျေးထိုးကျလာသော စတော့နှင့် ရှယ်ယာတို့ကို အချဉ်ဖမ်း၍ ကျစျေးတွင် လိုက်ဝယ်ခြင်းကို 'ကျားစီးသည်' စု ပြောလာကြခြင်းဖြစ်၏။

## အကြွေးစျေးကွက်

ဤနေရာ၌ အကြွေးစျေးကွက်ဆိုသောစကားကို သီးသန့်အဓိပ္ပာယ်ဖြင့် ပြောခြင်းဖြစ်သည်။ အကြွေးကို ရောင်းချလို့ရပေသည်။ ဝယ်သည့်သူတို့ကလည်း ဝယ်၏။

ဥပမာ ကုမ္ပဏီတစ်ခုသည် အကြွေးတွေရစရာရှိ၏။ နောင်မှရမည့်

အကြွေးတို့ကို ယခုပင် ငွေဖော်လိုလျှင် ဘဏ္ဍာရေးဈေးကွက်၌ ရောင်းလို့ရပေသည်။ တစ်ခုတော့ရှိသည်။ လျှော့နှုန်း (discount) ဖြင့် ရောင်းရမည်။

တစ်ဖန် ကုမ္ပဏီတစ်ခုသည် အကြွေးတွေတင်နေ၏။ ဤအကြွေးတို့ကိုလည်း ရောင်းလို့ရပေသည်။ ငယ်မည့်သူက ဤအကြွေးတို့ကို စိုက်ဆပ်ပေးလိုက်၏။ အတုံ့အလှည့်အားဖြင့် ဤကုမ္ပဏီ၏ အီကွိတီ စတော့ရှယ်ယာတို့ကို သဘောတူညီကြသည့်အတိုင်း လွှဲပေးရသည်။

ဤနည်းကို အကြွေးနှင့် အီကွိတီလဲခြင်း (debt-equity swap) ဟု ခေါ်သည်။ နိုင်ငံအသီးသီး၏ နိုင်ငံခြားကြွေးမြီတို့ကိုလည်း ဤနည်းဖြင့် ပုံစံလဲပစ်နိုင်ကြ၏။ ဥပမာ ကမ္ဘာ့ဘဏ်က ဦးစီး၍ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့မှ နိုင်ငံခြားကြွေးမြီတို့ကို ဤနိုင်ငံတို့မှ နိုင်ငံပိုင်ကုမ္ပဏီကြီးများနှင့် အခြားပုဂ္ဂလိကပိုင် ကုမ္ပဏီကြီးတို့၏ စတော့ရှယ်ယာတို့ဖြင့် လဲပေးလိုက်သည်။ ဆိုလိုသည်မှာ ပြည်ပကြွေးမြီကို မိမိတို့၏ စီးပွားရေးအဖွဲ့အစည်းတို့မှ စတော့ရှယ်ယာတို့ဖြင့် ဆပ်လိုက်ခြင်းပင် ဖြစ်သည်။

## တိုက်တာအိမ်မြေဈေးကွက်

တိုက်တာအိမ်မြေဈေးကွက်တို့ကို ဘဏ္ဍာရေးဈေးကွက်ထဲ ထည့်သွင်းစဉ်းစားသည်မှာ အကြောင်းရှိပါသည်။

ပထမအကြောင်းမှာ တိုက်တာအိမ်မြေ ရောင်းဝယ်ရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံသူတို့သည် တိုက်တာအိမ်မြေတို့ကို စတော့နှင့် ရှယ်ယာတို့အား အစားထိုးစရာအဖြစ် မြင်ကြသောကြောင့်ဖြစ်၏။ တစ်နည်းဆိုမူ စတော့ရှယ်ယာဈေးကွက်၌ အဆင်မပြေလျှင် တိုက်တာအိမ်မြေ လုပ်ငန်းဘက်ကူးလိုက်၊ တိုက်တာအိမ်မြေလုပ်ငန်းဘက်၌ အဆင်မပြေလျှင် စတော့ရှယ်ယာဈေးကွက်သို့ ဖြစ်စေ၊ ဘွန်းဈေးကွက်သို့ဖြစ်စေ ကူးပြီးဆောင်ရွက်လိုက်နှင့် အကူးအပြောင်း လုပ်နိုင်သောကြောင့်ဖြစ်၏။

ဒုတိယအကြောင်းမှာ တိုက်တာအိမ်မြေလုပ်ငန်းသည် နှစ်ရှည်လုပ်ငန်းဟု ထင်ရသော်လည်း ဘဏ္ဍာရေးဈေးကွက် တောင့်တင်းလာသောအခါ၌ ငွေပြန်ဖော်ရလွယ်ကူသော လုပ်ငန်းဖြစ်လာ၏။ အပေါင်ထားခြင်းဖြင့်

ဖြစ်စေ၊ ပြန်ရောင်းထုတ်ခြင်းဖြစ်စေ ငွေပြန်ဖော်ရလွယ်ကူလာခြင်းတို့ကို ဆိုလိုသည်။ liquidity ကောင်းသည်ဟု ဆိုကြသည်။

ယခုအခါ တိုက်တာအိမ်မြေလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့သည် တစ်သားတည်း ဆက်စပ်လာသောကြောင့်လည်း တိုက်တာအိမ်မြေဈေးကွက်ကို ဘဏ္ဍာရေးဈေးကွက်ထဲထည့်၍ စဉ်းစားကြခြင်း ဖြစ်တန်ရာသည်။

## ဘွန်းဈေးကွက်

အရေးကြီးဆုံးဖြစ်လာသော ဘဏ္ဍာရေးဈေးကွက်မှာ ဘွန်းဈေးကွက်ဖြစ်၏။ ဘွန်းဆိုသည်မှာ ငွေချေးစာချုပ်သဘောပင် ဖြစ်သည်။ debt instrument ဟု ပြောကြသည်။ ငွေချေးခြင်းပင်ဖြစ်၏။

ဤငွေချေးအာမခံစာချုပ်တို့ကို အစိုးရကလည်း ထုတ်၏။ ဥပမာ မကြာသေးမီက မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အစိုးရငွေတိုက်စာချုပ်နှစ်မျိုးကို ထုတ်ရောင်းလိုက်သည်ကို သိကြပါလိမ့်မည်။

ကျပ် ၁၀,၀၀၀ တန်နှင့် ကျပ် ၁၀,၀၀၀၀ တန် ငွေတိုက်စာချုပ် (treasury bonds) တို့ကို သုံးနှစ်စာချုပ်နှင့် ငါးနှစ်စာချုပ်တို့ဟူ၍ နှစ်မျိုးခွဲကာ မည်သူမဆို ဝယ်ယူနိုင်ကြောင်း ကြော်ငြာထားလျက် ရှိပါသည်။ သုံးနှစ်စာချုပ်တို့အပေါ် တစ်နှစ် ၁၀ ရာခိုင်နှုန်း အတိုးပေး၍ ငါးနှစ်စာချုပ်အပေါ် တစ်နှစ် ၁၀. ၅ ရာခိုင်နှုန်း အတိုးပေးထား၏။

ထို့အပြင် အတိုးကို နှစ်ဝက်တစ်ကြိမ်ပေးကာ အတိုးအပေါ် ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်းခုနှိမ်မည်ဟု ဆိုထားသည်။ ဤငွေတိုက် စာချုပ်တို့ကို လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိပါသည်။ convertibility ဟု ခေါ်၏။

အထက်ဖော်ပြပါ ငွေတိုင်စာချုပ်တို့မှာ အစိုးရက ပြည်သူတို့ထံမှ ငွေချေးငှားခြင်းပင် ဖြစ်ပါသည်။ ဤငွေတိုက်စာချုပ်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည် ဆိုသည့် သဘောမှာ အထက်တွင်ဖော်ပြသကဲ့သို့ မိမိရရန်ကြွေးမြီတို့ကို အချိန်မရွေး ရောင်းထုတ်ပစ်နိုင်သည့်သဘောပင် ဖြစ်သည်။

အလားတူစွာပင် ကုမ္ပဏီကြီးတို့ကလည်း ဘွန်းများ ထုတ်ဝေကြပါ၏။ ဤဘွန်းတို့သည်လည်း လွှဲပြောင်းရောင်းချခွင့် ရှိကြပေသည်။ ထို့

အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတို့ကလည်း ဘွန်းများ ထုတ်ဝေကြပါသည်။

ဤသို့အားဖြင့် ဘွန်းတို့ကို ထုတ်ဝေရောင်းချရာတွင် မိမိသက်ဆိုင်ရာ ပြည်တွင်း၌သာ ထုတ်ရောင်းချသည်လည်း ရှိ၏။ ကမ္ဘာအနှံ့ ဖြန့်၍ ထုတ်ရောင်းသည်လည်း ရှိသည်။ ယခုအခါ ဘွန်းတို့ကို ကမ္ဘာအနှံ့ ထုတ်ရောင်းခြင်းသည် အလွန်ခေတ်စား ကျယ်ပြန့်လျက်ရှိပေသည်။

ကမ္ဘာအနှံ့ ထုတ်ဝေရောင်းချလျှင် ဘွန်းတို့ကို နိုင်ငံခြားငွေဖြင့် ဈေးသတ်မှတ်ရပေမည်။ ဒေါ်လာဖြင့် သတ်မှတ်မလား၊ ယန်းငွေဖြင့် သတ်မှတ်မလား၊ ပေါင်စတာလင်ဖြင့် သတ်မှတ်မလား။ နိုင်ငံခြားငွေ တစ်ခုခုဖြင့် သတ်မှတ်ရပေမည်။ ပြည်တွင်းငွေဖြင့် သတ်မှတ်ပြီး ပြည်ပ၌ ထုတ်ရောင်းလို့ မဖြစ်။

ထို့ကြောင့် ဘွန်းဆိုလျှင် ပြည်တွင်းငွေဖြင့် ဈေးသတ်မှတ်ထားသော ဘွန်းနှင့် နိုင်ငံခြားငွေဖြင့် ဈေးသတ်မှတ်ထားသော ဘွန်းတို့ဟူ၍ နှစ်မျိုး ရှိကြောင်း သိထားရသည်။ နိုင်ငံခြားငွေဖြင့် ဈေးသတ်မှတ်သော ဘွန်းတို့ကို foreign currency denomination ဟု ခေါ်သည်။

## အာရှဈေးကွက်

အာရှ၌ ဘွန်းဈေးကွက်သည် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာသည်။ အံ့မခန်း တိုးတက်ခြင်းဖြစ်၍ အံ့ဖွယ်ဖွံ့ဖြိုးမှု (miracle growth) ဟုလည်း ခေါ်နေကြသည်။

အာရှတစ်ခွင်၌ အရောင်းအဝယ်ဖြစ်နေသော ဘွန်းတို့မှာ နိုင်ငံခြားငွေဖြင့် ဈေးသတ်မှတ်ထားသော ဘွန်းတို့သာဖြစ်ကြောင်း ရှေးဦးပထမ နှလုံးမူထားဖို့ လိုသည်။ ပြည်တွင်းငွေသည် နိုင်ငံခြားငွေအဖြစ်သို့ အလွယ်တကူ ပြောင်းလဲနိုင်သော အခြေအနေ (free convertibility) မရှိလျှင် ပြည်တွင်းငွေတစ်ရပ်ဖြင့် ဖော်ပြထားသော ဘွန်းတို့သည် နိုင်ငံတကာ ဘွန်းဈေးကွက်၌ သွားရောက်ရောင်းချလို့ငှာ ရလိမ့်မည်မဟုတ်ချေ။ မည်သူမျှ စိတ်ဝင်စားကြလိမ့်မည်မဟုတ်။

ယခုပြောနေသော ဘွန်းဈေးကွက်မှာ နိုင်ငံတကာ ဘွန်းဈေးကွက်

ကို ပြောနေခြင်းဖြစ်ပါ၏။ အထူးသဖြင့် အာရှဘွန်းဈေးကွက်ကို အဓိက ရည်ညွှန်းနေခြင်း ဖြစ်ပါ၏။

မကြာသေးမီက တရုတ်အစိုးရသည် ဂျပန်ယန်းငွေဖြင့် တန်ဖိုးဖော်ပြထားသော တရုတ်ဘွန်းတို့ကို တိုကျိုမြို့ ဘွန်းဈေးကွက်၌ အမြောက်အမြားသွားရောက်ရောင်းချခဲ့၏။ အဓိပ္ပာယ်မှာ တိုကျိုဘွန်းဈေးကွက်မှ ဂျပန်ယန်းငွေတို့ကို ချေးငှားသည့်သဘောပင်။

အာရှ၌ ခေတ်အမီဆုံးနှင့် အဖွံ့ဖြိုးဆုံးဘဏ္ဍာရေး ဈေးကွက်မှာ ဟောင်ကောင်ဖြစ်၏။ ဒုတိယ တိုကျို၊ တတိယ စင်ကာပူ အစရှိသည်ဖြင့် လိုက်လာသည်။ ထိုင်းကလည်း ဘဏ္ဍာရေးဈေးကွက် ကျယ်ပြန့်ဖို့ အပြင်းအထန် ကြိုးပမ်းနေသည်။ ယခု အင်ဒိုနီးရှား ဂျာကာတာ ဘွန်းဈေးကွက်သည် အထူးနာမည်ကြီးလာသည်။ နိုင်ငံတကာအဆင့်မီ ဘွန်းအမျိုးအစား ၂၅ မျိုးတို့ကို ဂျာကာတာ စတော့အိပ်စ်ချိန်း၌ အရောင်းအဝယ်များ ပြုလုပ်နေကြသည်။

## ဒေါ်လာထရီလီယံတန်ဖိုး

ဘွန်းတို့ကို ထုတ်ဝေရာ၌ ရည်ရွယ်ချက်နှစ်မျိုးရှိကြ၏။ အစိုးရက ဘွန်းတို့ကို ထုတ်ရောင်းသည်မှာ အခြေခံကျောထောက်နောက်ခံ အဆောက်အအုံ (infrastructure) တို့ကို ဆောက်လုပ်ရန် ငွေလို၍ ဖြစ်ပေသည်။ လမ်းတံတား၊ ဆိပ်ကမ်း၊ လေဆိပ်၊ လျှပ်စစ်မီးစက်၊ တယ်လီဆက်သွယ်ရေး အစရှိသည့် အခြေခံကျောထောက်နောက်ခံ အဆောက်အအုံတို့ကို ဖွံ့ဖြိုးလာသော စီးပွားရေးနှင့် တိုးပွားလာသော လူဦးရေတို့နှင့်အညီ ဖြစ်စေရန် ခေတ်မီမီ တိုးချဲ့ဆောက်လုပ်ဖို့ဖြစ်၏။ ထိုအတွက် လိုအပ်သောငွေတို့ကို ဘွန်းများထုတ်ဝေ၍ ရှာကြ၏။ ကုမ္ပဏီကော်ပိုရေးရှင်းကြီးတို့က ဘွန်းတို့ကို ထုတ်ဝေခြင်းသည် မိမိတို့၏ အရင်းအနှီးတို့ကို တိုးချဲ့ရန် ဖြစ်ပေသည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းခြေအရ အာရှပစိဖိတ်ဒေသတွင် ဖော်ပြပါ အခြေခံကျောထောက်နောက်ခံ အဆောက်အအုံတို့ကို ခေတ်မီမီ တိုးချဲ့

ဆောက်လုပ်ရန် လာမည့် ၁၀ နှစ်အတွင်း၌ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလျံမှ တစ်ထရီလီယံဖိုးအထိ ငွေလိုမည်ဖြစ်ပေသည်။

ဤမျှလိုသောငွေ အတော်များများကို ဘွန်းများထုတ်ရောင်း၍ ရှာဖွေကြပါလိမ့်မည်။ ရှာလည်းရှာနေကြ၏။ ဥပမာ ဖိလစ်ပိုင်သမ္မတ ရာမို့စ်သည် ဒေါ်လာသန်း ၁၀၀ ဖိုးရှိ ဘွန်းတို့ကို ထုတ်ရောင်းချမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူ အသိုက်အဝန်းကလည်း သမ္မတရာမို့စ်၏ မေတ္တာရပ်ခံချက်ကို ချက်ချင်းတုံ့ပြန်ကြပါသည်။ ဖိလစ်ပိုင်အမျိုးသား လျှပ်စစ်စွမ်းအင် ကော်ပိုရေးရှင်းသည် ဘွန်းရထားလုံးကြီးအပေါ် ခုန်တက်လိုက်၏။

အလားတူပင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယား၊ တရုတ် အစရှိသော နိုင်ငံအသီးသီးတို့ကလည်း ဘွန်းတို့ကို အကြီးအကျယ် ထုတ်ရောင်းလာကြပေသည်။ ဘွန်းရထားလုံးကြီး (bond wagon) အရှိန်နှင့်ပြေးနေပြီဟု ပြောကြသည်။ အာရှမှ ကုမ္ပဏီကြီးတို့အနေဖြင့်လည်း စတော့ရှယ်ယာတို့ကို ထုတ်ရောင်း၍ အရင်းအနှီးရှာသည်ထက် ဘွန်းတို့ကို ထုတ်ရောင်း၍ အရင်းအနှီးရှာသည်က အလွန်အဟုန်မြန်နေကြောင်း တွေ့နေကြသည်။

ဤအချက်ကို မည်သို့တင်စားပြီး ပြောသနည်းဆိုမူ အာရှအစိုးရနှင့် ကုမ္ပဏီတို့သည် ပဋ္ဌလက်ကျည်ဆန်ကဲ့သို့ အလွန်မြန်လှသော ဘွန်းတို့ကို ထိထိရောက်ရောက် အသုံးချရင်း ၂၁ ရာစုနှစ်ထဲသို့ ဖားခုန်ခုန်၍ ဝင်နေပြီဟု ပြောလာသည်။

## စုဆောင်းငွေရှိမှ

ဘွန်းတို့ကို ဝယ်ကြသည်ဆိုသည်မှာ လူတို့၌ စုဆောင်းငွေ (saving) အတော်အတန်ရှိ၍သာ ဖြစ်ပေသည်။ ထို့ကြောင့် အာရှနိုင်ငံတို့၏ စုဆောင်းငွေ အဆင့်အတန်းနှင့် အခြေအနေတို့ကို အကဲခတ်ကြည့်ကြသည်။

ထိုသို့ အကဲခတ်ကြည့်ရာ၌ စင်ကာပူသားတို့သည် မိမိတို့ဝင်ငွေ၏

၄၈ ရာခိုင်နှုန်းကိုလည်းကောင်း၊ အင်ဒိုနီးရှားတို့သည် ၃၈ ရာခိုင်နှုန်းကို လည်းကောင်း၊ တရုတ်တို့သည် ၃၇ ရာခိုင်နှုန်းကိုလည်းကောင်း စုဆောင်းကြကြောင်း တွေ့ရှိကြသည်။

ဤသို့ စုဆောင်းငွေများ တိုးပွားလာသည်နှင့်အတူ ဘွန်းအရောင်းလည်း သွက်လာသည်။ များလာသည်။ စာရင်းဇယားနှင့် ပြောလျှင် အစိုးရနှင့် ကုမ္ပဏီကြီးတို့က ထုတ်ဝေသော ဘွန်းနှစ်မျိုးပေါင်း တောင်ကိုရီးယားတွင် ၈၃.၄ ဘီလျံဒေါ်လာဖိုး၊ အိန္ဒိယတွင် ၆၀.၃ ဘီလျံဒေါ်လာဖိုး၊ မလေးရှားတွင် ၂၉.၆ ဘီလျံဒေါ်လာဖိုး၊ တိုင်ပေတွင် ၂၄.၇ ဘီလျံဖိုး အသီးသီး ရှိနေကြသည်။ ဘွန်းဈေးကွက် ကျယ်ပြန့်ဖွံ့ဖြိုးလာသည့် အဓိပ္ပာယ်ပင် ဖြစ်၏။

ဤအနက်မှ မှတ်သားဖို့ရာမှာ ကော်ပိုရေးရှင်းနှင့် ကုမ္ပဏီကြီးတို့က ထုတ်ဝေသော ဘွန်းတန်ဖိုးတို့သည် ခုန်ပျံတိုးတက်လာသည်ဆိုသော အချက်ဖြစ်၏။ ကုမ္ပဏီတို့အနေဖြင့် အရင်းအနှီးထူထောင်ရာတွင် နည်းလမ်းနှစ်သွယ်ရှိကြပါ၏။ ပထမနည်းလမ်းမှာ အစုရှယ်ယာများ ခေါ်ယူသော နည်းလမ်းဖြစ်၍ (အီကွိတီနည်းဟု ခေါ်သည်။) ဒုတိယနည်းလမ်းမှာ ဘွန်းများ ထုတ်ဝေသော နည်းလမ်းတို့ ဖြစ်ကြသည်။ ဘွန်းနည်းဖြစ်သည်။ ငွေချေး၍ အရင်းအနှီးရှာဖွေသောနည်း ဖြစ်၏။

အာရှမှ ကော်ပိုရေးရှင်းကြီးတို့သည် အထက်ဆိုခဲ့ပါအတိုင်း အီကွိတီနည်းနှင့် ဘွန်းနည်းတို့ဟူ၍ နှစ်ရပ်ရှိသည့်အနက် ယခုအခါ ဘွန်းနည်းဘက်အစုလိုက်အပြုံလိုက် လှည့်နေကြပါပြီ။ တစ်နည်းပြောလျှင် ဘွန်းတွေ ထုတ်ဝေ၍ အရင်းအနှီးတို့ကို တိုးချဲ့နေကြပါပြီ။ ထို့ကြောင့် အာရှဘွန်းဈေးကွက်သည် အလွန်သွက်လက်ဖွံ့ဖြိုးနေပါသည်။

## နဂါးဘွန်း

အာရှအစိုးရနှင့် အာရှကော်ပိုရေးရှင်းကြီးတို့က ထုတ်ဝေသော ဘွန်းတို့ကို အာရှဈေးကွက်ထဲ၌လည်း ထုတ်ဝေရောင်းချကြ၏။ အမေရိကန်နှင့် ဥရောပဈေးကွက်များ၌လည်း သွားရောက်ရောင်းချကြပေသည်။

ထိုသို့ အမေရိကန်နှင့် ဥရောပဈေးကွက်များဆီသို့ သွားရောက်ရောင်းချသော ဘွန်းတို့ကို အီးယူဘွန်း (Eubonds) များဟု ခေါ်ကြသည်။

မိမိတို့က သူများတိုက်များသို့ သွားရောက်ရောင်းချကြလျှင် သူများတိုက်တို့ကလည်း မိမိအာရှတိုက်သို့ ၎င်းတို့၏ ဘွန်းတို့ကို လာရောက်ရောင်းချကြမည်မှာ ဓမ္မတာဖြစ်ပါသည်။ သို့ဖြင့် ဥရောပမှ ဘွန်းတို့သည်လည်း အာရှဘွန်းဈေးကွက်ထဲသို့ ထိုးဖောက်ရောက်ရှိလာကြပေသည်။ ဥရောပမှ လာရောက်ရောင်းချသော ဘွန်းတို့ကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အီးယူဘွန်းများဟု ခေါ်ကြသည်။

ဤနေရာတွင် ဥရောပက တစ်ခုထွင်လိုက်၏။ အာရှဈေးကွက်သို့ လာရောက်ရောင်းချသော အီးယူဘွန်းတို့ကို ၎င်းတို့က နဂါးဘွန်းများ (dragon bonds) ဟု အမည်ပေးလိုက်သည်။ အထူးအစီအစဉ်ဖြင့် အတိုးနှင့် အခြားဆွဲဆောင်မှုတို့ကိုလည်း အလွန်မက်လောက်စရာ ကောင်းလှအောင် မက်လုံးပေးထားပေသည်။

ဤတွင် အာရှဘွန်းဈေးကွက်သတင်းတို့မှာ နဂါးဘွန်းတို့အကြောင်းကို အမနာပ ပြောလာကြသည်။ နဂါးဘွန်းသည် အီးယူဘွန်းကိုယ်ခွဲဖြစ်ပြီး အာရှမှ ငွေပင်ငွေရင်းအမြစ်တို့ကို ဥရောပနှင့် အမေရိကန်သို့ မ ထုတ်သွားဖို့ရာ၊ ကဲ့ထုတ်သွားဖို့ရာ ရည်ရွယ်သည်ဟု ကန့်ကွက်ပြောဆိုကြသည်။

စင်စစ်၌ နဂါးဘွန်းသည် ဟောင်ကောင်မှသူဌေးတို့ကို ပစ်မှတ်ထား၏။ ၁၉၉၇ ခုနှစ်၌ ဟောင်ကောင်သည် တရုတ်လက်ထဲ ပြန်အပ်ရသောအခါတွင် မိမိတို့အရင်းအနှီးတို့မှာ မရေရာ မသေချာသည့်ဘဝသို့ ရောက်သွားတော့မည်ဟု စိုးရိမ်ကြကုန်၏။ သို့ဖြင့် ဟောင်ကောင်မှ အရင်းအနှီးတို့သည် ထွက်ပြေးကြဖို့ ရှိလေသည်။

နဂါးဘွန်းသည် ဟောင်ကောင်မှ ထွက်ပြေးမည့် အရင်းအနှီးများအတွက် အခွင့်အလမ်းကောင်းကြီး ဖြစ်နေပါသည်။ ဟောင်ကောင်သူဌေးများ နဂါးဘွန်းတို့ကို ဝယ်ထားကြရုံဖြစ်၏။ မိမိတို့ ငွေပင်ငွေရင်းတို့အတွက် စိတ်ချရပေသည်။ ပူပင်စရာမရှိ။ နဂါးဘွန်းက ဤကဲ့သို့ အာမခံ၏။

## စိတ်ချရမှုအကဲဖြတ်ချက်

ဘွန်းတို့ကို ထုတ်ချင်တိုင်း ထုတ်လို့ရစေကာမူ ငွေရေးကြေးရေး စိတ်ချရသော ဘွန်းတို့ကိုသာ လူတွေက ဝယ်ယူကြမည်ဖြစ်၏။ ထို့ကြောင့် ဘွန်းတို့သည် ငွေကြေးစိတ်ချရသော အဆင့်အတန်းရှိဖို့ လိုပေသည်။

ဤကိစ္စနှင့်ပတ်သက်၍လည်း မိမိဘာသာ အာမခံပြီး စိတ်ချရပါ သည်ဟု ကြော်ငြာရုံဖြင့် မလုံလောက်ပေ။ အများက ယုံကြည်ဖို့ရာ လိုသေး ၏။

ယခုအခါ ဘွန်းတို့၏ စိတ်ချရမှုကို အကဲဖြတ်ပေးသော၊ အာမခံသော အေဂျင်စီများ ပေါ်နေပါပြီ။ ၎င်းအေဂျင်စီတို့ကို ငွေကြေးစိတ်ချရမှု အကဲဖြတ် အေဂျင်စီ (credit rating agency) များဟု ခေါ်ကြသည်။ ဤအေဂျင်စီ တို့က အကဲဖြတ်ချက်ပေးသည့် ဘွန်းတို့ပေါ်တွင် စိတ်ချလက်ချ ရောင်းဝယ် ဖောက်ကားနေကြပါသည်။

ထို့ကြောင့် ဘွန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန် စီအာအေခေါ် အကဲ ဖြတ်အေဂျင်စီများ ပေါ်ပေါက်လာရန် လိုပါသည်။ ယခုအခါ တောင်ကိုရီးယား ၌ အေဂျင်စီ သုံးခု၊ အိန္ဒိယ၌ နှစ်ခု၊ မလေးရှား၌ တစ်ခု ထူထောင်ထား ကြပြီးဖြစ်၏။ သို့သော် ဘွန်း၌ တကယ်ရင်းနှီးမြှုပ်နှံသူတို့သည် ကမ္ဘာနှင့် အဝန်း ကျော်ကြားသော စီအာအေတို့၏ အကဲဖြတ်ချက်တို့ကို ပို၍တန်ဖိုး ထားကြပေသည်။ ထိုအထဲ၌မူ ဒီအေဂျင်စီ၊ စတင်ဒတ်အင်ပူးဝါး ကော်ပိုရေး ရှင်းကြီးတို့သည် အလွန်နာမည်ကြီးနေကြသည်။ ယင်းအေဂျင်စီနှစ်ခု၏ ထောက်ခံချက်ရသော ဘွန်းတို့သည် ပို၍ အရောင်းအဝယ်ဖြစ်ကြပါသည်။

## ပြောင်းလဲနိုင်ခွင့်

ဘွန်းဆိုသည်မှာ အီကွိတီ (အစုရှယ်ယာ)တို့နှင့် ရင်ပေါင်တန်း ထုတ်ဝေသော ငွေချေးစာချုပ်ဖြစ်၍ ယင်းနှစ်ခု ဆက်စပ်ထားသင့်မသင့် စဉ်းစားရန် ပြဿနာလည်း ရှိ၏။ မကြာသေးမီက အင်ဒိုနီးရှားဗဟိုဘဏ် သည် စည်းကမ်းချက်တစ်ခု ထုတ်လိုက်၏။ ဤစည်းကမ်းချက်အရ ဘွန်းကို အီကွိတီအဖြစ် ပြောင်းလဲနိုင်၏။ အီကွိတီကို ဘွန်းအဖြစ် ပြောင်းလဲနိုင်ပေ

သည်။ ထိုဘွန်းမျိုးကို ပြောင်းလဲနိုင်ခွင့်ရှိ ဘွန်း (convertible) ဟု ခေါ်ကြ၏။

၎င်း၏ အဓိပ္ပာယ်မှာ ကုမ္ပဏီတို့က ဘွန်းတို့ကို ထုတ်ဝေရောင်းချလျှင် အစုဝင်တို့ကို ဦးစားပေးရမည်ဟု ဆိုလိုရင်းဖြစ်သည်။ အထက်ပါတို့ကား အာရှတွင် သွက်သွက်လက်လက် လှုပ်ရှားဖွံ့ဖြိုးလာသော ဘွန်းဈေးကွက်အကြောင်းတို့ပေတည်း။ ဘွန်းတို့ဖြင့် အရင်းအနှီး ရှာဖွေခြင်း၊ အရင်းအနှီး ထူထောင်ခြင်း၊ အရင်းအနှီး တိုးချဲ့ခြင်းတို့ကို အီကွီတီနည်း (အစုရှယ်ယာရောင်းချခြင်း)တို့ထက် ပို၍အရေးထားလာကြသည်ကို သတိချပ်သင့်၏။

ဘွန်းနည်းသည် မည်မျှသွက်လက်နေသနည်းဆိုမူ ပဋ္ဌလက်ကျည်ဆန် (magic bullet) နှင့် တူလှသည်ဟု တင်စားလာကြသည်။ အာရှသည် ဤပဋ္ဌလက်ကျည်ဆန်တို့ကို အသုံးပြု၍ ၂၁ ရာစုနှစ်ထဲ ဖားကဲ့သို့ ခုန်ပျံဝင်နေသည်ဟုလည်း တစ်ဆက်တည်း မှတ်ချက်ချနေကြပါသည်။

စီးပွားရေးသမိုင်းဆရာတို့က ၂၀ ရာစုနှစ်အတွင်း၌ အမေရိကားနှင့် ဥရောပတိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပုံသဏ္ဍာန်တွင် ဘွန်းတို့သည် အုတ်များဖြစ်ခဲ့သည့်နည်းတူ အာရှစီးပွားရေး ဖွံ့ဖြိုးမှုပုံသဏ္ဍာန် တည်ဆောက်ရာတွင်လည်း ဖော်ပြပါဘွန်းတို့သည် အုတ်များဖြစ်ပါလိမ့်မည်ဟု ဟောကိန်းထုတ်ထားကြပါသည်။ building blocks ဟု ပြောကြသည်။

အမေရိကားနှင့် ဥရောပစီးပွားရေး ဖွံ့ဖြိုးမှုပုံနှင့် အာရှစီးပွားရေး ဖွံ့ဖြိုးမှုပုံတို့သည် အုတ်အသုံးပြုပုံ၌ မခြားနားပါဟု ဆိုဟန်တူသည်။

**မနမဂ္ဂဇင်း**

**အတွဲ ၅၊ အမှတ် ၂၊ စက်တင်ဘာလ ၊ ၁၉၉၄ ခုနှစ်။**

# ကျားတို့၏ နိုင်ငံရေးဘောဂဗေဒ

အရှေ့အာရှ စီးပွားရေးကို ခြင်းတောင်း (baskets) လေးတောင်းခွဲပြီး တစ်တောင်းစီ သီးခြားလေ့လာကြသည်။

(၁) ကွန်မြူနစ်တို့အုပ်စိုးနေသော နိုင်ငံများ ပါဝင်သော ခြင်းတောင်း။ ဤခြင်းတောင်းတွင် တရုတ်ပြည်၊ ဗီယက်နမ်၊ လာအိုနှင့် မြောက်ကိုရီးယားတို့ ပါဝင်သည်။

(၂) ကျားနိုင်ငံများခြင်းတောင်း။ ဤခြင်းတောင်းတွင် တောင်ကိုရီးယား၊ တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ကြသည်။

(၃) ဖိလစ်ပိုင်ကို တစ်ခြင်းတောင်းသတ်သတ်။

(၄) မြန်မာ-ကမ္ဘောဒီးယားတို့ကို တစ်ခြင်းတောင်း။

## ဒုတိယခြင်းတောင်း

ဤခြင်းတောင်းတစ်တောင်းစီ၏ နိုင်ငံရေးဘောဂဗေဒတို့ကို ပညာရှင်အသီးသီးက လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြ၏။ ပထမခြင်းတောင်း၏ နိုင်ငံရေးယုတ္တိတို့ကို စာရေးသူက တင်ပြခဲ့ပြီးဖြစ်သည်။ (ဓနစီးပွားရေးမဂ္ဂဇင်း၊ အတွဲ (၅)၊ အမှတ် (၁)၊ ဩဂုတ်လ ၁၉၉၄ ခုနှစ်)။

ယခု ဤဆောင်းပါးတွင် ဒုတိယခြင်းတောင်းဖြစ်သော ကျားနိုင်ငံတို့၏ နိုင်ငံရေးဘောဂဗေဒတို့ကို လေ့လာတင်ပြပါမည်။

**ကျားနှစ်မျိုး**

ကျားဆိုသော နာမည်မှာ ဗန်းစကား ဖြစ်၏။ စီပွားရေး ဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်မားသွက်လက်ခြင်းကို အကြောင်းပြု၍ 'ကျား'ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။

ကမ္ဘာ့ဘဏ်က ဖော်ပြပါ ဒုတိယခြင်းတောင်းထဲမှ ကျားနိုင်ငံတို့ကို (Newly Industrialized Economies) ဟု ခေါ်ကြသည်။ အတိုကောက်အားဖြင့် အင်အိုင်အီးများ (NIEs) ဟု သုံးသည်။ စက်မှုဖွံ့ဖြိုးလာသော နိုင်ငံသစ်များဟု ဆိုနိုင်သည်။ ဥရောပနှင့် ခွဲခြားပြောခြင်းဖြစ်၏။

ဤအင်အိုင်အီးတို့ကိုပင် နှစ်ပိုင်းပိုင်းသေးသည်။ ပထမပိုင်းကို ပထမမျိုးဆက် အင်အိုင်အီးများ (first generation NIEs) ဟုခေါ်သည်။ ကနဦးအစောပိုင်း အင်အိုင်အီးများ (early NIEs) ဟုလည်း ခေါ်ကြသည်။ အရှေ့အာရှနိုင်ငံများထဲမှ ဦးစွာပထမ အရင်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသော နိုင်ငံတို့ကို ရည်ညွှန်းသည်။ ပထမကျားများဟုလည်း ဆိုနိုင်သည်။ ဤပထမမျိုးဆက် အင်အိုင်အီးတို့တွင် တောင်ကိုရီးယား၊ တိုင်ပေ၊ ဟောင်ကောင်နှင့် စင်ကာပူတို့ ပါဝင်ကြသည်။

ဒုတိယပိုင်းကို ဒုတိယမျိုးဆက် အင်အိုင်အီးများဟု ခေါ်ကြသည်။ ၎င်းတို့သည် နောက်ပိုင်းကျမှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ နောက်ပိုင်းကျမှ ပထမမျိုးဆက် အင်အိုင်အီးတို့ကို အမီလိုက်လာနိုင်ခြင်းဖြစ်သည်။ ဒုတိယမျိုးဆက်တွင် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ပါဝင်ကြသည်။ ဒုတိယကျားများ ဖြစ်ကြ၏။

**ငါးချက်-ငါးချက်**

သို့ဖြစ်လျှင် ဖော်ပြပါ ကျားနှစ်မျိုးတို့၏ နိုင်ငံရေးယုတ္တိတို့သည် အဘယ်သို့နည်းဟု အသေအချာမေးရန် ပုစ္ဆာပေါ်လာလေတော့၏။

ဤကိစ္စနှင့်ပတ်သက်၍ ရှေးဦးပထမ ဖော်ပြပါကျားအားလုံးတို့၏ တူညီရာ အခြေခံတို့ကို ရှာဖွေကြည့်ကြ၏။ ပြီးမှ ခြားနားရာတို့ကို ခြေရာကောက်ပြီး ကြည့်ကြသည်။ ထိုသို့လေ့လာပြီးမှ ပညာရှင်အသီးသီးတို့က

သင့်လျော်ရာကောက်ချက်တို့ကို ထုတ်နုတ်ကြသည်။ နာမည်ပေးတန်ပေး၊ တံဆိပ်ခတ်တန်ခတ်ပြီး ဤကျားနိုင်ငံတို့သည် ဘယ်အရပ်ဘက်ဆီသို့ ရွေ့ကြမလဲဟု အကဲခတ်ကြည့်ကြသည်။ ဦးတည်လားရာသို့ မှန်းဆကြည့်ကြခြင်းဖြစ်၏။

တူညီရာတို့ကို ရှာဖွေရင်း ကျားဘွဲ့တံဆိပ်တော်ကို ရစေသောအကြောင်းတရားများအနက်မှ နိုင်ငံရေးဘောဂဗေဒနှင့် သက်ဆိုင်သောအောက်ပါအကြောင်းတရားတို့ကို အဓိက အာရုံစူးစိုက်ဖော်ပြကြပါသည်။

(၁) အစိုးရ၏ကဏ္ဍ (စီးပွားရေးတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုအတိုင်းအတာ)၊
(၂) မြူရိုကရေစီအနေအထား၊
(၃) စီးပွားရေးပေါ်လစီများ ချမှတ်ပုံနှင့် ကျင့်သုံးပုံ၊
(၄) ခေါင်းဆောင်မှုနှင့်
(၅) အားလုံးသဘောတူအောင်ပြုလုပ်နည်း (consensus building) တို့ဟူ၍ ဖြစ်ကြ၏။

အခြားအကြောင်းများအပြင် အဓိကအားဖြင့် ဤငါးချက်ကြောင့် ကျားပေါက်စကလေးမှ ကျားကြီးများ ဖြစ်လာကြခြင်းဖြစ်သည်ဟု ဆိုကြလေသည်။ ဤငါးချက်ကပင် ကျားတို့၏ သွင်ပြင်လက္ခဏာနှင့် ပုံသဏ္ဌာန်တို့ကို ပြဋ္ဌာန်းလေတော့၏။

## ပို၍ကောင်းမွန်သောအစိုးရ

အစိုးရကဏ္ဍနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ် ပါရဂူတို့က အသုံးအနှုန်းတစ်မျိုးကို သုံးစွဲထားသည်မှာ စိတ်ဝင်စားဖို့ကောင်းလှသည်။

ကျားတို့သည် အစိုးရကဏ္ဍကို သုံးစွဲရာ၌ 'ပို၍များသောအစိုးရ' (more government) ဆိုသောသဘောထက် 'ပို၍ကောင်းမွန်သော အစိုးရ' (better government) ဆိုသောသဘောကို ပို၍ အဓိက အာရုံစူးစိုက်နိုင်ခဲ့ကြသဖြင့် ဤမျှ အရှိန်အဟုန် အလွန်မြင့်မားစွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရခြင်းဖြစ်သည်ဟု ဆိုကြသည်။

ဤအချက်ကိုပင် အခြေခံ၍ နိုင်ငံရေးသိပ္ပံပညာရှင်တို့က မိမိတို့ ရှုထောင့်မှ တစ်မျိုးတွက်ကြသည်။

ဖော်ပြပါ ကျားနိုင်ငံတို့သည် ဈေးကွက်စီးပွားရေးကို တံခါးဖွင့်၍ ကျင့်သုံးကြ၏။ မြင်နေကြသည့်အတိုင်း ကျားနိုင်ငံတို့၏ စီးပွားရေးမှာ ပထမ ခြင်းတောင်းရှိနိုင်ငံတို့ကဲ့သို့ မဟုတ်ဘဲ အရင်းရှင်စနစ်ကို မူလကတည်းက အခြေခံထားကြသည်။

ထို့ကြောင့် အရင်းရှင်စနစ်ကို အစိုးရကဏ္ဍပေါ်တွင် မဏ္ဍိုင်ထား၍ လည်ပတ်ခုတ်မောင်းဆောင်ရွက်ကြသည် ဖြစ်ခြင်းကြောင့် ကျားနိုင်ငံတို့၏ စီးပွားရေးစနစ်သည် အစိုးရအရင်းရှင်စနစ် (state capitalism) သာ ဖြစ်သည်ဟု အကဲဖြတ်ချက်များ ရှိလာ၏။ (မှတ်ချက် ။ ။ ဟောင်ကောင်သည် ခြွင်းချက်ဖြစ်ပါသည်။)

ဤပညာရှင်တို့၏ အမြင်တွင် အစိုးရကဏ္ဍသည် ပို၍များသည်၊ သို့တည်းမဟုတ် ပို၍ကောင်းမွန်သည်ဆိုသည်မှာ အခရာမဟုတ်၊ အစိုးရကဏ္ဍအပေါ် ဗဟိုပြု အခြေစိုက်ထားလျှင်ပင် အစိုးရအရင်းရှင်စနစ်မည်၏ဟု ပြောကြသည်။ မကြာသေးမီက အချို့သော ကျားနိုင်ငံတို့တွင် အစိုးရကဏ္ဍကို အကြီးအကျယ် လျှော့ဖြတ်လာကြ၏။

## နိုင်ငံတော်ဝါဒ

အချို့သောပညာရှင်တို့က နိုင်ငံတော်ဝါဒ (statism) ဆိုသော စကားရပ်ကို သုံးစွဲပြီး ရှုမြင်ကြသည်။ နိုင်ငံတော်ဝါဒ၏ လိုရင်းအဓိပ္ပာယ်မှာ အရာရာကို အစိုးရက ဝင်ရောက်ချုပ်ကိုင်လွှမ်းမိုးမည်ဆိုသော ဝါဒဖြစ်၏။ ထို့အပြင် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် အခွင့်အရေးတို့ထက် နိုင်ငံတော်၏ အကျိုးစီးပွားရေးနှင့် အခွင့်အရေးတို့က ပို၍အရေးကြီးသည်ဆိုသော ဝါဒလည်း ဖြစ်သည်။

ထပ်ချဲ့ပြောရလျှင် နိုင်ငံတော်သည် နိုင်ငံသားတို့၏ ကျေးကျွန်မဟုတ်၊ ပြောင်းပြန်အားဖြင့်သာ နိုင်ငံသားတို့သည် နိုင်ငံတော်၏ ကျေးကျွန်

များ ဖြစ်ရမည်ဟု ဆိုသော ဝါဒဖြစ်သည်။ လစ်ဘရယ်ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်၏။

ဆန်းစစ်လေ့လာသူတို့က ကျားနိုင်ငံတို့တွင် နိုင်ငံတော်ဝါဒ၏ အရိပ်လက္ခဏာများ အထိုက်အလျောက် ထင်ထင်ရှားရှား တွေ့ရှိနေကြသည့်အလျောက်လည်း ကျားတို့၏ပေါ်လစီတို့၌ နိုင်ငံတော်ဝါဒီ၏ ခြေသည်းလက်သည်းများ တပ်ဆင်ထားသည်ဟု စွပ်စွဲကြသည်။ Paws and Claws of Statism ဟု အမည်ပေးသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျားနိုင်ငံမှ ခေါင်းဆောင်အချို့က အနောက်တိုင်းတန်ဖိုးနှင့် အာရှတန်ဖိုးတို့ အံမကိုက်ပါဟု ပြောဆိုနေကြခြင်းသည် နိုင်ငံတော်ဝါဒကို ကျင့်သုံးလိုသော နိမိတ်လက္ခဏာများ ဖြစ်တန်ရာ၏ဟု သံသယရှိကြသည်။

အချို့ပညာရှင်တို့ကမူ အာရှ၏ မူလခေတ်နောက်ကျမှု အခြေအနေကို ကြည့်၍ နိုင်ငံတော်ဝါဒသည် တစ်စုံတစ်ရာသော ကြားကာလ၌ တစ်စုံတစ်ရာသော အတိုင်းအတာအထိ လိုအပ်သည်ဟု ရှုမြင်ကြသည်။ အချို့က နိုင်ငံတော်ဝါဒသည် အာရှယဉ်ကျေးမှုတွင် အသည်းနှလုံးပမာ ဗီဇသဘောအရ စွဲမြဲနေသော အရာ (genetic code) အဖြစ် အစွန်းရောက်အောင် သုံးသပ်ဖော်ပြကြသည်လည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ မကြာသေးမီက ကျားနိုင်ငံတစ်ခုတွင် မိဘတို့ကို သားသမီးတို့က ထောက်ပံ့ရမည်ဟု ဥပဒေတစ်ခု ပြဋ္ဌာန်းလိုက်သည်မှာ စိတ်ဝင်စားဖို့ ကောင်းပေသည်။ သို့သော် ဤသည်မှာ နိုင်ငံတော်ဝါဒကို လျှော့ပေါ့ပစ်လိုက်ခြင်းပေလော၊ သို့တည်းမဟုတ် နိုင်ငံတော်၌ ဝန်ပိနေ၍ ဝန်လျှော့ခြင်းသက်သက်ပေလော ဟူ၍ မသဲကွဲပေ။

သို့သော် ကြည့်ရသလောက်၌ ဖြစ်ထွန်းတိုးတက်ပြောင်းလဲလာသော အခြေအနေတို့ကြောင့် ခေတ်နောက်ပြန်ဆွဲနေပြီဖြစ်သော နိုင်ငံတော်ဝါဒကို တဖြည်းဖြည်းချင်း ရုပ်သိမ်းလာရသည်ကို တွေ့ရသည်။

**ဘယ်လိုဗြူရိုကရေစီလဲ**

ကျားတို့သည် သူတို့၏ ဗြူရိုကရေစီကို အလွန် သိဒ္ဓိတင်ကြ၏။ အလွန်ဂုဏ်ယူကြ၏။ အလွန် အမွှမ်းတင်ကြ၏။ ဘယ်လောက်အထိ သိဒ္ဓိတင်သနည်းဆိုမူ မကြာသေးမီက ပြီးစီးသွားခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဗီယက်နမ်အား အာဆီယံအဖွဲ့ဝင်အဖြစ်လက်ခံရေးအတွက် စည်းကမ်းများ ဖော်ပြရာတွင် ဗြူရိုကရေစီကောင်းရှိရေးကို စည်းကမ်းတစ်ခုအဖြစ် ဖော်ပြထားသည်အထိ ဖြစ်၏။ သူတို့ဗြူရိုကရေစီလိုဖြစ်ဖို့ သဘောလည်း ပြောဟန်တူသည်။

ကျားတို့၏ ဗြူရိုကရေစီသည် အလွန်ကောင်းသည်၊ အလွန်ထက်မြက်သည်၊ အလွန်တော်သည်၊ အလွန်အရည်အချင်း ပြည့်ဝသည်ဟု ပြောလေ့ပြောထရှိကြသည်။ ဤသို့ အရည်အချင်းရှိသော ဗြူရိုကရေစီများ နိုင်ငံအလိုက်တွင် ရှိနေကြ၍လည်း အာရှကျားများ အံ့မခန်း ဖွံ့ဖြိုးတိုးတက်ခဲ့ရသည်ဟု ဆိုကြသည်။ talented bureaucracy ဟု ပါးစပ်ဖျားတွင် သီးနေသည်။

စီးပွားရေးပေါ်လစီတို့ကို ဗြူရိုကရေစီက ကြံဆပေး၏။ ပျိုးထောင်ပေး၏။ ဤသို့ ကြံဆပေးသော စီးပွားရေးပေါ်လစီတို့ကို အာဏာရှိသူတို့က အဆုံးအဖြတ်ပေး၍ ချမှတ်စေရာ၌ ဗြူရိုကရေစီက ကြီးစွာသြဇာပြု၏။ စီးပွားရေးပေါ်လစီတို့ကို ချမှတ်ပြီးလျှင်လည်း ဗြူရိုကရေစီက အောင်မြင်အောင် ထိထိမိမိ ထက်ထက်မြက်မြက် အကောင်အထည်ဖော်ပေးနိုင်ကြသည်ဟု ဆိုလေသည်။

ဗြူရိုကရေစီသည် တစ်မိုးလုံးဖျောက်ဆိပ်လို ပါဝင်ပတ်သက်နေခြင်းကြောင့် အာရှကျားတို့၏ စီးပွားရေးစနစ်သည် ဗြူရိုကရက်တစ် အရင်းရှင်စနစ် (bureaucratic capitalism) ပါဟု သမုတ်ကြသည်လည်း ရှိလာသည်။

**လက်ကိုင်တုတ်မဟုတ်**

အာရှကျားတို့၏ ပြုရိုကရေစီသည် အစွမ်းထက်မြက်ရုံမျှမက နိုင်ငံရေးနှင့်လည်း ကင်းသည်ဟု ဆိုကြသည်။ နိုင်ငံရေးပါတီများ အာဏာအပြောင်းအလဲ မည်သို့ပင်ဖြစ်စေကာမူ ပြုရိုကရေစီကား ပြုရိုကရေစီပင်တည်း။ အာဏာရသူတို့၏ လက်ကိုင်တုတ် မဖြစ်အောင် သတိဝီရိယရှိစွာ ကြိုးပမ်း၏။ အာဏာဖြင့် အကျိုးစီးပွားဖြစ်ထွန်းလာသူတို့၏ တောင်ဝှေး မဖြစ်စေရန်လည်း သတိရှိရှိဖြင့် ကြိုးပမ်းသည်ဟု ဆိုသည်။ ဤမျှ သီးခြား လွတ်လပ်၏။

တစ်ဖန် ပြုရိုကရေစီ ယန္တရားကိုလည်း အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်တို့ဖြင့် အစဉ်အားဖြည့်ထားသည်ဟု ဆိုသည်။ အဂတိလိုက်စားမှုတို့နှင့်လည်း ကင်းဝေးအောင် ပြုလုပ်ထားနိုင်ပေသည်။

ဤကဲ့သို့ အရည်အချင်းပြည့်ဝသော ပြုရိုကရေစီ ရှိထားကြခြင်းသည် ကျားတို့အတွက် ဧရာမ အင်ဂျင်ကောင်းကြီးတစ်ခု ရရှိထားခြင်းဖြစ်ပေသည်။ ဤပြုရိုကရေစီကြောင့် အာရှကျားများ စီးပွားရေး အံ့မခန်း တိုးတက်လာခြင်းဖြစ်၏။

သို့သော် ယခုကား တစ်မျိုးဖြစ်နေပြန်သည်။ ပြုရိုကရေစီ၏ စွမ်းပကားသည် ကန့်သတ်ချက်ပြသောနေရာသို့ ရောက်လာပုံရသည်။ အချို့သော ကျားတို့၏ ပြုရိုကရေစီသည် ရှေ့ဆက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ကိုပင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်လာကြ၏။ ဖျက်ပစ်ဖို့အထိ ပြောလာကြသည်။

အလျင်အမြန် ပြောင်းလဲလာသော ဈေးကွက်စီးပွားရေး၏သဘာဝနှင့် ပြုရိုကရေစီတို့သည် လုံးဝမအပ်စပ်တော့သည့် အခြေသို့ ဆိုက်လာပြီ။

**အဟန့်အတားများ**

ဤကိစ္စနှင့်ပတ်သက်၍ ပြုရိုကရေစီသည် အာရှကျားတို့၏ ရှေ့ဆက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတား ဖြစ်လာပုံတို့ကို ဤသို့ စာရင်းပြုစုပြီး ဖော်ပြလာကြပေသည်။

(၁) ဖြူရိုကရေစီ၌ လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုများ ပြည့်လျှံလာသည်။
(၂) ဗြူရိုကရေစီသည် အလွန်တရာမှ ရှုပ်ထွေးများပြားလာသော စည်းကမ်းစည်းမျဉ်း ဥပဒေတို့တွင် အလွန်ပျော်မွေ့၏။ သို့သော် ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးတွင် စည်းမျဉ်းစည်းကမ်းများ များပြားရှုပ်ထွေးခြင်းတို့သည် အနိဋ္ဌာရုံဖြစ်နေသည်။ ဘာမျှအကျိုးမပြု အနှောင့်အယှက် ဖြစ်လာသည်။
(၃) ဗြူရိုကရေစီသည် ကြိုးနီစနစ်တွင် ပျော်မွေ့၏။ ကြိုးနီစနစ်၌ပင် ရှည်လေကြိုက်လေဖြစ်၏။ အဆင့်ဆင့်များလျှင် ရှည်လျှင် ပို၍ကြိုက်သေး၏။ သို့မှသာ ပို၍ မိမိတို့အကျိုးခိုင်မည်၊ များမည်။ ဤကဲ့သို့သော ဗြူရိုကရေစီ၌ အဆုံးအဖြတ်မည်သို့မျှ မမြန်နိုင်ပေ။

တစ်ဖက်ကိုကြည့်လျှင် ဈေးကွက်စီးပွားရေး၌ ယခုကဲ့သို့ဆက်သွယ်ရေး တက်ကနိုလိုဂျီများ၊ သတင်း တက်ကနိုလိုဂျီများ အလွန်ခေတ်မီ မြန်ဆန်နေချိန်တွင် တစ်နည်းပြောလျှင် instant communication ဖြစ်ထွန်းနေချိန်တွင် ဆုံးဖြတ်ချက်တို့ကို မြန်မြန်ချမှတ်နိုင်ဖို့ အထူးလိုအပ်၏။

သို့သော် ဆုံးဖြတ်ချက်က တော်တော်နှင့်မပေါ် အလွန်နှေးနေလျှင်ကား ခံရဖို့သာပြင်။ ပြိုင်ရဆိုင်ရသောပွဲမှ လွင့်စဉ်ပြုတ်ထွက်သွားဖို့သာ ရှိမည်။
(၄) ဈေးကွက်စီးပွားရေး၏ သဘောတရား၌ ပြောင်းစရာရှိလျှင် မြန်မြန်ပြောင်းနိုင်ရ၏။ ဤသည်ကို ပျော့ပျောင်းမှု (flexibility) ဟု ခေါ်သည်။ ယခုခေတ်ပေါ် စကားအဆိုတစ်ရပ်မှာ ယနေ့ စီးပွားရေးအောင်မြင်မှု၏ သော့ချက်သည် လျင်မြန်ခြင်း (speed) နှင့် ပျော့ပျောင်းမှုတို့ပင် ဖြစ်သည်ဟုလို။

ဘယ်လောက်အစွမ်းထက်သည်ပြောပြော ကျားတို့၏

ပြူရိုကရေစီသည် ဈေးကွက်စီးပွားရေး၏ လိုအပ်ချက်ဖြစ်သော လျင်မြန်မှုနှင့် ပျော့ပျောင်းမှုတို့ကို မဖြည့်စွမ်းနိုင်၍ ဂျမ်းဖြစ်နေကြ၏။

(၅) ဈေးကွက်သည် ကမ္ဘာလုံးဆိုင်ရာဈေးကွက် (global economy) ဖြစ်လာသည်။ ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် အပြိုင်အဆိုင်သည် အလွန်တရာမှ သည်းထန်၏။ ပြင်းထန်၏။ အမျိုးသာ ပြည်တွင်းဈေးကွက်ထက် အပြန်တစ်ထောင်မက ပြိုင်ရ၏။

ဤအချက်နှင့်ပတ်သက်၍ လွယ်လွယ်နှင့်သိနိုင်သည့် အချက်မှာ နှေးကွေးနေသော နိုင်ငံသည် အသို့လျှင် ပြိုင်ဆိုင်နိုင်အား ထက်မြက်နိုင်ပါမည်နည်း။ နှေးကွေးနေသော ပြူရိုကရေစီသည် ဤကိစ္စတွင် တရာခံဖြစ်လာပြီ။

ထို့ကြောင့် ပြူရိုကရေစီကို ခြေခြေမြစ်မြစ်မှစ၍ ပြင်ဆင်ပစ်ရန် အာရှကျားနိုင်ငံတို့တွင် အဆိုစကားများ အပြင်းအထန်ပြောဆိုလာကြရပြီး အချို့က 'ပြန်လည်အသစ်ဖန်တီးရန်' (reinvent) ဆိုသော စကားကို သုံးနှုန်းလာသည်။

အသစ်ဖန်တီးရန် ဆိုသည်မှာ ပြူရိုကရေစီ၏သဘာဝကို အခြေခံမှစ၍ ပြင်ပစ်ရန် ပြောခြင်းဖြစ်လေသည်။ စီးပွားရေးတွင် တီထွင် စွန့်ဦးစွန့်စား ဆိုသော သဘောတရားရှိ၏။ ပြူရိုကရေစီကိုလည်း တီထွင် စွန့်ဦးစွန့်စားပေါ် အခြေခံ၍ ပြင်ပစ်ရမည်ဟု ဆိုလာကြသည်။ entrepreneurial government ဟု ခေါ်ကြသည်။

လိုရင်းပြောရလျှင် အစိုးရသည် စီးပွားရေးဆန်ရမည်၊ ကုန်သည်ဆန်ရမည်၊ တီထွင်နိုင်စွမ်း ရှိရမည်။

## အာဏာပိုင် ဗဟုဝါဒ

ကျားစီးပွားရေးတို့တွင် ကနဦးအခြေအနေ၌ အစိုးရ၏ အာဏာကို အတော်များများ အသုံးပြုခဲ့ကြရသည်။ နေရာအတော်များများတွင် အစိုးရ

က သင့်တင့်လျောက်ပတ်သော ပေါ်လစီများ ချမှတ်၍ ဝင်ရောက်စွက်ဖက်ကြရသည်။ ဤအချက်ကို အကြောင်းပြု၍ ကျားနိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေးကို အာဏာပိုင်ဝါဒ ဟု (authoritarianism)အကဲဖြတ်ကြသည်။

တစ်ဖက်၌ ကျားနိုင်ငံတို့တွင် ပါတီစုံစနစ်ကလည်း ရှိလေရကား အာဏာပိုင် ဗဟုဝါဒဟု ဘွဲ့တံဆိပ် အသစ်ထပ်မံ ဖြည့်စွက်ရရှိကြပြန်သည်။ ဤသည်ကို authoritarian pluralism ဟုခေါ်သည်။

ဤနေရာ၌ နိုင်ငံရေးခေါင်းဆောင်နှင့် ပညာရှင်တို့အကြားတွင် အငြင်းအခုံ ဖြစ်လာကြသည်။ အချို့ခေါင်းဆောင်တို့က အာဏာပိုင်ဗဟုဝါဒသည် အာရှစီးပွားရေးအတွက် အကိုက်ညီဆုံးဖြစ်သည်။ အာရှယဉ်ကျေးမှုနှင့် အံအဝင်ဆုံးဖြစ်သည်ဟုဆိုကာ ထာဝရ၊ သို့မဟုတ် အကြွင်းမဲ့ ထိန်းသိမ်းလိုက်နာသင့်သော စနစ်အဖြစ် အပြောအဆို အမွှမ်းတင်မှုများ ပြုလုပ်လာကြသည်။ အကြွင်းမရှိသောစနစ် (absolute system) သဘော ပြောခြင်းဖြစ်တန်ရာသည်။

ဤကိစ္စမှာ နိုင်ငံတစ်နိုင်ငံစီလိုက်တွေ့ကြုံခဲ့ရသော အတွေ့အကြုံတို့နှင့် အတော်သက်ဆိုင်ပေသည်။ ဥပမာ စင်ကာပူ စီနီယာ ဝန်ကြီးလီကွမ်ယူသည် ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ်သွားရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လိုလျှင် အနောက်တိုင်းဒီမိုကရေစီကို မကျင့်သုံးပါနှင့်။ အာဏာပိုင်ဝါဒသာ ကျင့်သုံးပါဆိုသော သဘောမျိုး ဩဝါဒများ ပေးခဲ့သည်။

ဖိလစ်ပိုင်သည် အာဏာပိုင် ဝါဒသမား သမ္မတဟောင်း မားကို့စ်ဆောင်ရွက်သွားခဲ့မှုကြောင့် တိုင်းပြည်စီးပွားရေးတစ်ခုလုံး ချွတ်ခြုံကျခဲ့ပြီး တိုင်းပြည်ဘဏ္ဍာ အတော်များများလည်း မားကို့စ်က ခိုးထုတ်သွားခဲ့သဖြင့် ဒဏ်ရာဒဏ်ချက်နှင့် ဝေဒနာတို့မှာ အတော်ပြင်းထန်ပြီး လတ်လတ်ဆတ်ဆတ်ပင် ဖြစ်နေလျက်ရှိ၏။

ထိုအခြေအနေတွင် စီနီယာဝန်ကြီး လီကွမ်ယူက အာဏာပိုင်ဝါဒကျင့်သုံးရန် အကြံပေးသောအခါ ပြင်းပြင်းထန်ထန် ချေပတိုက်ခိုက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ဖိလစ်ပိုင်သမ္မတ ရာမို့စ်ကိုယ်တိုင်က အာဏာပိုင်ဝါဒ၏ ဆိုးကျိုးတို့ကို ဖိလစ်ပိုင်က ပြင်းပြင်းထန်ထန် ခံစားရပြီး ဖြစ်နေ၍ နောက်

တစ်ပြန်မကျော့ပါရစေနဲ့၊ တော်ပါတော့ ဆိုသော သဘောနှင့် ခွန်းတုံ့ပြန်ခဲ့သည်။

ဆိုလိုရင်းမှာ နိုင်ငံရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ စနစ်သစ်တစ်ခုကို စမ်းသပ်လျှင် ဤနိုင်ငံ၏ တွေ့ကြုံခဲ့ရသော ဝေဒနာနှင့် ဒဏ်ရာဒဏ်ချက်တို့ကိုလည်း ထိုက်သင့်သလို ထည့်သွင်းစဉ်းစားရမည်ဆိုသော အချက် ဖြစ်ပါသည်။

ခေတ်သည် မသေချာ မရေရာမှု အလွန်များသောခေတ် (age of uncertainty) ဖြစ်၏။ ဤလိုခေတ်တွင် ဘာကိုမျှ အကြွင်းမရှိသော သဘောမျိုး၊ ထာဝရသဘောမျိုး ပြောဖို့ဆိုဖို့ မကောင်းပြီ၊ မသင့်လျော်ပေ။ ဤသဘောမျိုး ပြောဆိုနေခြင်းတို့ကို ပညာရှင်တို့က ဉာဏ်ပညာနည်းမှုအဖြစ် သဘောထားကြသည်။ များသောအားဖြင့် ရှောင်ကြသည်။

## ဝါဒမဲ့ ပေါ်လစီများ

ထားပါတော့၊ ကျားတို့ ဤမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရသည်မှာ တော်တည့်မှန်ကန်သော စီးပွားရေးပေါ်လစီ အရပ်ရပ်တို့ကို အချိန်မီ ချမှတ်နိုင်သောကြောင့်ဟုလည်း သုံးသပ်ထားကြသည်။ ပေါ်လစီတွေအကြောင်း ဆွေးနွေးကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျားတို့ချမှတ်သော စီးပွားရေးပေါ်လစီတို့တွင် အောက်ပါအနှစ်သာရများ ရှိကြသည်ဟု ဆိုသည်။

(၁) စီးပွားရေးပေါ်လစီတို့တွင် ဝါဒစွဲ မထားပါ။ non-ideo - logical policies ဟု ပြောကြသည်။

(၂) လက်တွေ့ကျကျ ကြည့်သည်။ လက်တွေ့အကျိုးစီးပွားကို ကြည့်သည်။ 'လက်တွေ့ပဓာနဝါဒ' (pragmaticism) ပေါ် အခြေခံ၍ ပေါ်လစီတို့ကို ချမှတ်ခြင်းဖြစ်၏။

(၃) ပေါ်လစီတို့ကို ချမှတ်ရာတွင် ပျော့ပျောင်းမှု (flexibility) ကို အခြေခံသည်။ အတိတ်က မှားယွင်းခဲ့သော ပေါ်လစီ

တို့အပေါ် အမြန်ဆုံး အပြတ်သံယောဇဉ်ဖြတ်သည်။ အမှား
ပြင်စရာရှိလျှင်လည်း မြန်မြန်ပြင်သည်၊ အချိန်မဆွဲ။

'အတိတ်လက်ကျန်အမူး' (hangover) မျိုးကို မမွေး၊ မြန်မြန်ရှင်းပစ်သည်။ အမူးပြေအောင် အမှားကို ထပ်မသောက်။ ပြောင်းပြန်ပြောင်းလဲစရာရှိလျှင်လည်း မြန်မြန်ပြောင်းလဲလိုက်သည်။ reversible လို့ ပြောသည်။

**ကောက်ယူမွေးခြင်း**

သို့ရာတွင် တစ်ဖက်၌ ပုဂ္ဂိုလ်ရေးဆန်သော ပေါ်လစီတို့ကို ချမှတ်ကျင့်သုံးမိသည့် အချိန်များ ရှိခဲ့သည်ကိုလည်း မငြင်းပါ၊ ဝန်ခံပါသည်။ idiosyncratic policy ဟု ပြောကြသည်။ အာဏာရခေါင်းဆောင်လုပ်သူတို့၏ စိတ်ရှူးပေါက်သလို ထူးထူးဆန်းဆန်း ချမှတ်သော ပေါ်လစီများကျားစီးပွားရေးတို့တွင် အတော်များများ ပေါ်ခဲ့သည်ကို ထောက်ပြကြ၏။ သက်ဆိုင်ရာ ပညာရှင်တို့က ဤအချက်သည် အတုခိုးစရာမဟုတ်ပါဟု သတိပေးထားကြသည်။

ထို့အပြင် 'နိုင်သူကို ကောက်ရွေးခြင်း' (making the winner) ဆိုသော ပေါ်လစီတို့ကိုလည်း ချမှတ်မိခဲ့ကြသည်။ (စကားရပ်မှာ ကမ္ဘာ့ဘဏ်က သုံးစွဲသော စကားရပ်ဖြစ်ပါသည်။) မဟာဗျူဟာကျသော စီးပွားရေးကဏ္ဍတို့ကို တမင်ရွေးချယ်ပြီး ထိုကဏ္ဍတို့အား ပံ့အော၍ အားပေးသည်မှာ တစ်မျိုးဖြစ်၏။ သို့သော် အထူးခံအုပ်စုတို့ကို တမင်ရွေး၍ မွေးထုတ်သည်က တစ်မျိုးဖြစ်ပေသည်။ ဤနှစ်မျိုးအနက် ဒုတိယအမျိုးအစားတို့ကို ကျားစီးပွားရေးတို့၌ ထင်ထင်ရှားရှား မြင်သာနေခဲ့သည်။ သိသိသာသာ ပေါ်လွင်နေ၏။

ဤကိစ္စနှင့်ပတ်သက်၍ ကိုယ်လိုရာအုပ်စုတို့ကို ကောက်ယူမွေးစားပြီး နိုင်အောင်ဖန်တီးပေးခြင်းမျိုးသည် စီးပွားရေးတွင် အထောက်အကူမဖြစ်သလို နိုင်ငံရေးအရလည်း အလွန်အန္တရာယ် ကြီးမားလှကြောင်းကို သဘောပေါက်လာကြပုံရသည်။ ဤအခြင်းအရာကို လျှော့ဖြတ်လာကြ၏။ ဖုံးဖိလာကြ၏။ တန်းတူအခွင့်အရေးကိုယ်စီဖြင့် ပြိုင်ဆိုင်စေကြ၏။

လိုရာ ကောက်မွေးစားပြီး စီးပွားရေးပြိုင်ပွဲတို့၌ နိုင်အောင်ဖန်တီးပေးသော ပေါ်လစီတို့သည် နဂိုကပင် သံသယဝင်ခံရသော အာဏာပိုင်ဝါဒကို ပို၍ အရုပ်ဆိုးအကျည်းတန်စေပါသည်။ ထိုအထဲ လာဘ်ပေးလာဘ်ယူမှုတို့နှင့် အဂတိလိုက်စားမှုတို့ကိုပါ ပေါင်းထည့်လိုက်လျှင် အာဏာပိုင်ဝါဒသည် အဖတ်ဆယ်မရအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်၏။

အာရှကျားတို့တွင် အာဏာပိုင်ဝါဒ လက်ငင်းအကျပ်အတည်း ဆိုက်နေသည်မှာ ဤသဘောကို အဓိကထင်ဟပ်ပါလိမ့်မည်။ ဤအချက်အပေါ် အာရှကျားတို့က သဘောပေါက်နေဟန်လည်း ရှိကြသည်။

## ခေါင်းဆောင်မှု

ကျားတို့၏ စီးပွားရေး အံ့မခန်းတိုးတက်ခဲ့သည်မှာ အရည်အချင်းပြည့်ဝပြီး အမြော်အမြင်ရှိသော ခေါင်းဆောင်များ ပေါ်ပေါက်ခဲ့၍ဖြစ်သည်ဟု သုံးသပ်ကြသည်။

ဤအချက်ပေါ်၌ ပညာရှင်တို့က သိပ်အငြင်းမပွားလိုကြသော်လည်း တည်ငြိမ်သောခေါင်းဆောင်မှု (stability of leadership) ဟု အချို့က ထပ်ဖြည့်ပြီး ပြောဆိုလာခြင်းကိုမူ နှာခေါင်းရှုံ့ကြသည်၊ လန့်ကြသည်။

ခေါင်းဆောင်မှုတည်ငြိမ်ရေးဆိုသည်မှာ ကွန်မြူနစ်နိုင်ငံတို့မှ ခေါင်းဆောင်များကဲ့သို့ သေတပန်သက်တဆုံး တမေ့တမြောကြီး ဤခေါင်းဆောင်တို့ကိုပင် လူထုက လက်ခံကြည့်နေရမည့် အဓိပ္ပာယ်မျိုးပေလား စိုးရိမ်ကြသည်။ အာဏာပိုင်ဝါဒကို တစ်သက်ပတ်လုံး လက်ခံနေရမည့် သဘောလားလို့ တွက်ကြသည်။

မည်သို့ပင်ဖြစ်စေ လတ်လတ်ဆတ်ဆတ် အတွေ့အကြုံတို့အရ ခေါင်းဆောင်မှု တည်ငြိမ်ရေးဆိုသော အယူအဆသည် သမိုင်းဖြစ်သွားပါပြီ။ သက်ရှိထင်ရှားစဉ်၌သာ ဘုရားလို ကိုးကွယ်ရုံမျှမဟုတ်၊ ကွယ်လွန်သွားပြီးသည့်နောက်၌လည်း အလောင်းကို ဆေးရည်စိမ်၍ ကိုးကွယ်ရမည့်သဘောမျိုးသည် ယခုအခါ ပြက်လုံးဖြစ်သွားပါပြီ။

ဤသမိုင်းသင်ခန်းစာတို့သည် ကျားနိုင်ငံတို့တွင်လည်း ဂယက်ရိုက်ခတ်မည်သာ ဖြစ်လေရာ ခေါင်းဆောင်မှု တည်ငြိမ်ရေးကို အစွန်းရောက်အောင် အနက်ပြန်၍လည်းကောင်း၊ အကွင်းမရှိသည့် သဘောဖြစ်အောင် အနက်ပြန်၍လည်းကောင်း သုံးသပ်မှုမျိုးတို့သည် အလွန်ခေတ်မီပြီး အလွန်မြန်ဆန်နေသော သတင်းခေတ်၌ ရေပန်းစားနိုင်စရာ အကြောင်းမရှိဟု မှန်းဆရသည်။

အင်အားကောင်းသော ခေါင်းဆောင်မှု (strong leadership) လို့ ပြောလျှင် တစ်မျိုးဖြစ်နိုင်သည်။ ဒါတောင်မှ strongman မဖြစ်ဖို့ ဂရုစိုက်ရဦးမည်၊ အဓိပ္ပာယ်ကို ရှင်းရဦးမည်။

**စမ်းတဝါးဝါး**

ကျားစီးပွားရေးတို့တွင် အာဏာပိုင်ဝါဒ ဆေးခါးကြီးကို အထိုက်အလျောက် တိုက်ကျွေးရသော်လည်း ဤအချက်ကို တိုင်းသူပြည်သားလူအများက အားလုံးသဘောတူလာအောင် လုပ်နိုင်သည်ဟု ကျားခေါင်းဆောင်ပိုင်းမှ ဂုဏ်ယူပြောဆိုလေ့ရှိကြသည်။ consensus ဟု ခေါ်သည်။ အားလုံးသဘောတူညီချက်ဟု အဓိပ္ပာယ်ထွက်သည်။ ဤကဲ့သို့သော အယူအဆရှိသည်မှာ ကောင်းသောလက္ခဏာ ဖြစ်ပါသည်။

ဤအားလုံးသဘောတူညီချက်သည် ကျားတို့၏ အံ့မခန်း တိုးတက်မှုတွင် အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်ဖွဲ့စည်းသည်ဟု အဆိုရှိ၏။ ပညာရှင်တို့ကလည်း တိုင်းပြည်တစ်ပြည်၏ စီးပွားရေးကို သုံးသပ်လျှင် ဤအချက်ကို အလေးပေးစဉ်းစားကြသည်။

ဤနေရာ၌ မေးစရာပေါ်လာသော မေးခွန်းမှာ အားလုံးသဘောတူညီချက်ရအောင် မည်သို့ပြုလုပ်ကြသနည်း၊ အားလုံးသဘောတူညီချက် ရစေသည့် ယန္တရားကို မည်သို့တည်ဆောက်ကြသနည်းဟူ၍ ဖြစ်၏။

အချို့က ကျားစီးပွားရေးတို့တွင် ကွန်ဖြူးရှပ်ယဉ်ကျေးမှုက အခြေခံဖြစ်နေသဖြင့် ကွန်ဖြူးရှပ်ယဉ်ကျေးမှု နည်းလမ်းအရ အားလုံးသဘောတူညီချက်ရအောင် ဖန်တီးနိုင်သည်ဟု အလွယ်ပြောကြသည်။

အချို့က ကျားနိုင်ငံတို့သည် နိုင်ငံရေးဗဟုဝါဒနှင့် ဒီမိုကရေစီတို့ကို အထိုက်အလျောက် ကျင့်သုံးသည်လည်းရှိ၍ ဒီမိုကရေစီနည်းလမ်းအရ အားလုံး သဘောတူညီချက်ရအောင် ဖန်တီးနိုင်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

အချို့ကလည်း ပြည်သူ့အိုးအိမ်လုပ်ငန်းများ ထူထောင်ပေးခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ ထူထောင်ပေးခြင်းတို့အားဖြင့် ပြည်သူလူထုအား ကျေနပ်စေကာ ပေါ်လစီအရပ်ရပ်အပေါ် သဘောတူညီချက် ရရှိစေကြသည်ဟု ဆိုသည်။

အချို့က တစ်မျိုးပြော၏။ ပြည်သူအများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ရှိ၍ အားလုံးသဘောတူညီချက်ကို ဖြစ်ပေါ်စေနိုင်ခဲ့သည်ဟု ဆိုသည်။ ဤအချက်နှင့်ပတ်သက်၍ တရုတ်ကွန်မြူနစ် ထိပ်သီးခေါင်းဆောင်ကြီး တစ်ဦးသည် တရုတ်ပြည်၌ ကွန်မြူနစ်မဟုတ်သော အင်အားစုများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် နှိုးဆော်ခဲ့ဖူးသည်။ ၎င်းက ဤနည်းလမ်းကို ဒီမိုကရေစီနည်းဖြင့် ညှိနှိုင်းဆွေးနွေးခြင်း (democratic dialogue) ဟု ပြောသည်။ သို့သော် ဤခေါင်းဆောင်ကြီးမှာ နိုင်ငံရေးစင်မြင့်ပေါ်မှ မကြာခင် ကွယ်ပျောက်သွားခဲ့ရသည်။

အချို့သော ခေါင်းဆောင်တို့က ပြည်သူအများနှင့် ညှိနှိုင်းဆွေးနွေးမှုဟန်ကို အာရှဟန်ဖြင့် ပြုလုပ်ရမည်ဟု ဆိုသည်။ အနောက်တိုင်းဟန်ဖြင့် အားလုံးသဘောတူညီချက် ရယူနည်းသည် အာရှနှင့် စရွေးမကိုက်ဟု ယခုနောက်ပိုင်း ပြောဆိုလာကြသည်။

ပြဿနာမှာ အာရှဟန်ဆိုတာ ဘာကိုဆိုလိုပါသနည်းဟု အသေးစိတ်အတိအကျ မေးသောအခါ အဖြေမှာ တစ်ပုံစံတည်းထွက်မလာခြင်းပင်ဖြစ်ပေသည်။ အိယောင်ဝါးတွေသာ ပြောဆိုနေကြသည်။ စမ်းတဝါးဝါး ပြောဆိုနေကြသည်။ မည်သို့ပင်ဖြစ်စေ ပြည်သူအများနှင့် ညှိနှိုင်းတိုင်ပင်၍ သဘောတူညီချက်ရအောင် ယူကြခြင်းသည် မင်္ဂလာပင်ဖြစ်၏။

**ခေတ်မီရေး ဒုတိယအဆင့်သို့**

ထို့အပြင် ကျားတို့၏ စီးပွားရေး၊ နိုင်ငံရေးပုံစံတို့နှင့် ပတ်သက်၍ နိုင်ငံရေးသိပ္ပံပညာရှင်တို့၏ သုံးသပ်ချက်တို့မှာလည်း စိတ်ဝင်စားဖို့ကောင်းနေသည်ကို နှလုံးမူသင့်သည်။

၎င်းတို့က အာရှကျားတို့ကို ကမ္ဘာ့ဘဏ်ပညာရှင်တို့ ခွဲသလို ပထမမျိုးဆက် အင်အိုင်အီးနှင့် ဒုတိယမျိုးဆက် အင်အိုင်အီးတို့ဟူ၍ မခွဲဘဲ အခြားနည်းတစ်မျိုးဖြင့် ခွဲ၏။

ယင်းမှာ အာရှကျားတို့၏ ခေတ်မီလာမှု (modernization) ကို ပိုင်းခြားစိတ်ဖြာကြည့်ခြင်းဖြစ်သည်။ ဤသို့ ပိုင်းခြားစိတ်ဖြာရာ၌ အဆင့်နှစ်ဆင့်ခွဲ၏။

ပထမအဆင့်မှာ အာဏာပိုင်ဝါဒကို အတော်အတန် သုံးစွဲ၍ ခေတ်မီအောင် ပြုလုပ်သောအဆင့်ဖြစ်၏။ first stage modernization ဟုခေါ်သည်။ ဤအဆင့်တွင် အာဏာကို ဆေးခါးကြီးများအဖြစ် ဖောဖောသီသီ သုံးစွဲကြသည်။

ဒုတိယအဆင့် ခေတ်မီရေး (second stage modernization) တွင် အာဏာပိုင်ဝါဒကို တဖြည်းဖြည်း လျှော့ချလာကြသည်။ ဆေးခါးကြီးကို လျှော့ခြင်းဖြစ်၏။ အာဏာပိုင်ဝါဒမှ ဒီမိုကရေစီသို့ ကူးပြောင်းရေးအဆင့်ဟူ၍လည်း သတ်မှတ်ကြသည်။

ဆိုခဲ့ပါအတိုင်း အဆင့်နှစ်ဆင့်ခွဲရာ၌ အာရှကျားတို့၏ စီးပွားရေး နိုင်ငံရေး ဖြစ်ထွန်းမှုတို့ကို ပကတိအတိုင်း သုံးသပ်၍ ခွဲခြင်းဖြစ်၏။ ဤသုံးသပ်ချက်အရ တောင်ကိုရီးယား၊ တိုင်ပေ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ ထိုင်း စသည်တို့သည် ဒုတိယအဆင့်ထဲ ကူးပြောင်းဝင်ရောက်နေချေပြီ။ (ဟောင်ကောင်သည် ၁၉၉၇ ခုနှစ်တွင် တစ်မျိုးပြန်ဖြစ်သွားစရာရှိသည်။)

သာဓကအားဖြင့် မကြာသေးမီက တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲ၌ အရပ်သားသမ္မတဖြစ်လာပုံ၊ တိုင်ပေ၌ အတိုက်အခံတို့ အင်အားတိုးလာပုံ၊ ဖိလစ်ပိုင်နှင့် ထိုင်းတို့တွင် ဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပ၍ ဒီမိုကရေစီပါတီများ အာဏာရလာပုံ၊ မလေးရှားနှင့် စင်ကာပူတို့တွင် ဒီမိုကရေစီကျင့်သုံးမှုမှာ အားနည်းနေသော်လည်း အာဏာပိုင်ဝါဒ လက္ခဏာ

www.burmeseclassic.com



တို့ကို လျှော့ပေါ့လာရပုံတို့ကို မီးမောင်းထိုးပြကြသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တိုးချဲ့လာရသောအဆင့် ဖြစ်ပေသည်။

အင်ဒိုနီးရှားကိုမူ ပထမအဆင့် ခေတ်မီရေးထဲမှ ရုန်းမထွက်နိုင်သေးဟု သုံးသပ်ထားသည်။ မည်သို့ပင်ဖြစ်စေ ကျားစီးပွားရေးတို့၌ အာဏာပိုင်ဝါဒသည် ထာဝရမြဲမည့်သဘော မရှိသည်ကိုကား ခန့်မှန်းလို့ရထားကြဟန်တူသည်။

အထက်ပါတို့မှာ ကျားတို့၏ နိုင်ငံရေးဘောဂဗေဒကို ပညာရှင်အသီးသီး၏ သုံးသပ်ချက်တို့မှ အကျဉ်းရုံး၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ ရှေ့အလားအလာတို့ကို ရေးရေးမျှဖြစ်စေ ခန့်မှန်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မိသည်။

**မနမဂ္ဂဇင်း**

**အတွဲ ၅၊ အမှတ် ၃၊ အောက်တိုဘာလ ၊ ၁၉၉၄ ခုနှစ်။**